
www.burmeseclassic.com



# အရှင်ကောဏ္ဍည

(ရင်တွင်းသာသနာပြု)

BURMESE CLASSIC .com

## လူငယ်များအတွက် ဒဿန
## လူငယ်များအတွက် ဓမ္မ

www.burmeseclassic.com

www.burmeseclassic.com

# လူငယ်များအတွက် ဒဿန

# လူငယ်များအတွက် ဓမ္မ

အရှင်ကောဏ္ဍည
(ရှင်တွင်းသာသနာပြု)

ရွှေရည်စာပေ

www.burmeseclassic.com

www.burmeseclassic.com

### စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စု စိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

### ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ရှုပ်အကြမ်းဖက်မှုကို မလိုလား။
- ရှုပ်အကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းဖယ်ရှား။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည် ဆောက်ရေး
- ခွဲစည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက် ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




### ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၆၀၀၄၄၂၀၆၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၀၀၄၄၅၀၇၁၁ |
| မျက်နှာဖုံးဒီဇိုင်း | - | နေဝင်းအောင် |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | - | အုပ်ရေ (၅၀၀) |
| ထုတ်ဝေသူ | - | ဒေါ်လေးလေးမိ (တနင်္သာရီစာပေ)<br>အမှတ် (၅၃)၊ ဗိုလ်မြလမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ် | - | ဦးသောင်းမြင့်လွင် (စန္ဒကူးရောင်စုံပုံနှိပ်တိုက်)<br>၉(H)၊ နဝရတ်ရိပ်သာလမ်း၊<br>မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | - | ဦးသောင်းမြင့်လွင် (စန္ဒကူးရောင်စုံပုံနှိပ်တိုက်)<br>၉(H)၊ နဝရတ်ရိပ်သာလမ်း၊<br>မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| တန်ဖိုး | - | ၂၂၀၀ ကျပ် |
| ဖြန့်ချိရေး | - | ရွှေရည်စာပေ(ဖုန်းအမှတ်-၀၉-၇၃၁၇၂၅၄၁) |

ကောဏ္ဍည၊ အရှင် (ရင်တွင်းသာသနာ) ၁၀၂
လူငယ်များအတွက် ဒဿန၊ လူငယ်များအတွက် ဓမ္မ
အရှင်ကောဏ္ဍည(ရင်တွင်းသာသနာပြု)။ - ရန်ကုန် ၊
တနင်္သာရီစာပေ၊ ၂၀၁၁ ။
၂၀၅ - စာ၊ ၁၃·၈ × ၈·၅ စင်တီ ။
(၁) လူငယ်များအတွက် ဒဿန၊ လူငယ်များအတွက် ဓမ္မ




www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာစာ | ၁-၅ |
| | လူငယ်များအတွက်ဒဿန လူငယ်များအတွက်ဓမ္မ | |
| | **အပိုင်း(၁)** | |
| ၁။ | ဝကာမနှုတ်ခွန်းဆက်စကား | ၇-၉ |
| ၂။ | Lingua Workshop သင်တန်းကြီးနှင့် | ၁၀-၁၃ |
| | မိမိသဘောထားညီညွတ်မှုအမြင် သစ်ဆန်း | |
| | သောလေ့ကျင့်မှုနှင့် ဆရာကြီး၏အဆုံးအမများ | |
| | (က) ကြောက်ရင်ဖက်ထား | |
| | (ခ) ရဲရဲမှား | |
| | (ဂ) စိတ်ထားကိုပြောင်းပေးပါ | |
| ၃။ | သင်တန်းဖွင့်လှစ်သည့်အခြေခံနှင့် အဆင့်အတန်း | ၁၃-၁၄ |
| ၄။ | Lingua Workshop သင်တန်းကြီး၏ | |
| | စည်းကမ်းများ | ၁၄-၁၇ |
| ၅။ | သစ်ဆန်းသောအတွေးအခေါ်နှင့် ဆရာကြီး၏ | |
| | ဩဝါဒအတိုင်း မိမိတရားကျင့်ခဲ့ပုံ ဆက်စပ်မှု | ၁၇-၂၇ |
| | (က) ပညာဉာဏ်ဦးစီး | |
| | (ခ) တရားကျင့်စဉ်က ကြောက်ရင်ဖက်ထားပုံ | |
| | (ဂ) တရားကျင့်စဉ်က ရဲရဲမှားပုံ | |
| | (ဃ) တရားကျင့်စဉ်က စိတ်ထားပြောင်းပုံ | |
| | (င) အကျင့်သီလမြဲလာပုံ | |
| | (စ) အကျင့်မှ သမာဓိဖြစ်လာပုံ | |
| | (ဆ) အစဉ်အလာမှ အောင်မြင်သောကျင့်နည်းသို့ | |





| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ဇ) ခံစားမှုသစ်မှ ဘဝသစ်ဆီသို့ | |
| ၆။ | Lingua Workshop ၏ဂုဏ်ပြုသီချင်း | |
| | (အင်္ဂလိပ်-မြန်မာ) | ၂၇-၃၁ |
| | (က) ဆရာကြီး၏ စည်းကမ်းတင်းကျပ်မှု | |
| | (ခ) ဆရာကြီးဦးမြင့်ဦးသစ်၏ ထူးခြားသည့် အတွေးအခေါ်သစ် | |
| ၇။ | Lingua Workshop ၏နှစ်ပတ်လည်အခန်း | |
| | အနားမှ Edutainment ပညာရေးဖျော်ဖြေမှု | ၃၂-၃၃ |
| ၈။ | လောကုတ္တရာသမားဘဝမှ လောကကြီးကို | |
| | ပြန်ကြည့်ရပုံအစ | ၃၃-၃၉ |
| | (က) ဗုဒ္ဓဂါယာရောက် မိမိအသိထူး | |
| | (ခ) ယုတ္တိနည်းကျဆန်းစစ်ခြင်း | |
| ၉။ | အမှန်တကယ်တရားရလိုသူများသို့ စာအုပ် | |
| | ရေးရခြင်းရဲ့အကြောင်းအရင်း | ၃၉-၄၀ |
| ၁၀။ | အမှန်တကယ်တရားရလိုသူများသို့ စာအုပ် | |
| | ၏ခေါင်းစဉ်အကျဉ်း | ၄၀-၄၃ |
| ၁၁။ | လူငယ်နှင့်ဓမ္မ၊ လူငယ်နှင့် ဒဿန | ၄၅-၅၃ |
| | (က) ယနေ့ဗုဒ္ဓဘာသာဝင်များ၏အခြေအနေ | |
| | (ခ) လူငယ်များအတွက် စိန်ထိပ်ဖူးဓမ္မ | |
| | (ဂ) ဓမ္မဆိုတာဘာလဲ၊ ဘယ်သူတွေ့သလဲ | |
| | (ဃ) ဗုဒ္ဓ၏ မအိုရာ၊ မနာရာ၊ မသေရာရှာပုံ | |
| | (င) သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ | |
| | (စ) ဗုဒ္ဓဘာသာနှင့် မိမိဘဝ | |
| ၁၂။ | တရားဦးဆိုတာ ဘာလဲလို့ မိမိကိုအသိပေးခဲ့သူ | ၅၄-၆၂ |




www.burmeseclassic.com

www.burmeseclassic.com

စဉ် အကြောင်းအရာ စာမျက်နှာ


(က) တရားဦးစာအုပ်နိဒါန်း
(ခ) ဒုက္ခသစ္စာနှင့် သမုဒယသစ္စာပြပုံ
(ဂ) ဒုက္ခနှင့် သမုဒယကို မိမိမြင်ပုံ
(ဃ) မဂ္ဂသစ္စာဆိုတာဘာလဲ၊ နိရောဓသစ္စာဆိုတာဘာလဲ
(င) ဗုဒ္ဓ၏ဒေသနာ
(စ) ရမ်းပြော၊ ရမ်းဖြစ်၊ စဉ်းစားလေ့လာမှုအားနည်း

၁၃။ ဆရာနှင့် သစ္စာရှာပုံတော်အစ ၆၂-၇၄
(က) အရက်နှင့်ခမ္မ
(ခ) အရက်ဆိုတာဘာလဲ၊ သေရည်ဆိုတာဘာလဲ
(ဂ) လူ့ဝတ်ကြောင် ရဟန္တာဖြစ်နိုင်သလား
(ဃ) နိဗ္ဗာန်ဟာ နည်းသလား၊ ဝေးသလား၊
သိနိုင်သလား၊ မသိနိုင်တော့ဘူးလား
(င) မိမိ၏ သမုဒယအားကြီးပုံနှင့် ဆရာတွေ့ပုံ
(စ) မိမိဘဝရဲ့ အတွေ့အပြောင်း

၁၄။ စွန့်စားတယ်ဆိုတာ စွန့်မှစားရတာ ၇၄-၇၅

၁၅။ မိမိ၏ Lingua Workshop အပေါ်ထားသည့်
စေတနာ ၇၆-၈၃
(က) ဗုဒ္ဓကို ယုံသူတိုင်းကျင့်နိုင်သည်
(ခ) ဟဒယကိုဘယ်လိုရှာမလဲ၊ ဉာဏ်ဆိုတာ
ဘာလဲ၊ ဘယ်လိုသိနိုင်သလဲ
(ဂ) ဒုက္ခလို့ ဆုံးဖြတ်ချက်ချနိုင်မှ သမုဒယကို
ပယ်နိုင်မှာဖြစ်သည်
(ဃ) မဂ္ဂကို ဘယ်လိုဝင်ရတယ်ဆိုတာ ကျင့်စဉ်အရ
သဘောပေါက်ခြင်း




စဉ် အကြောင်းအရာ စာမျက်နှာ


(င) ကိလေသာအစစ်ကိုတွေ့မှ ဖြစ်ပျက်
အစစ်ကိုမြင်မည်
(စ) မြတ်စွာဘုရားအမြင်နှင့် မိမိအမြင်ကွာခြား

၁၆။ မြတ်စွာဘုရား မအိုရာ-မနာရာ-မသေရာကို
ဘယ်လိုတွေ့ထားသလဲ ၈၃-၈၆

၁၇။ တရားမေ့၏ အတိမ်အနက်၊ အကျယ်အဝန်း
အနက်အရှိုင်း၊ ချဲ့လျှင်ကျယ်ပြန့်သလို၊ ချုံ့
လျှင်ကျုံ့နိုင်၊ မြတ်စွာဘုရား သိရှိတော်မူသော
ထူးခြားသောဂုဏ် ၈၇-၉၇
(က) အင်္ဂလိပ်စာလုံး ၂၀၀၀ ဆိုလျှင် ပြောနိုင်
ဆိုနိုင် အလုပ်ဖြစ်မည်
(ခ) မိမိ၏ စေတနာ၊ မေတ္တာ
(ဂ) ခမ္မ၏အဆုံးအမဟာ ခန္ဓာဖြစ်ပျက်ပါ
(ဃ) ခန္ဓာ၊ အာယတန၊ ဓါတ်၊ ပဋိစ္စသမုပ္ပါဒ်
(င) အကြောင်း-အကျိုး ဖြစ်စဉ်တရား
(စ) သစ္စာသိမှ နိဗ္ဗာန်ရ

၁၈။ လက်တွေ့ကျင့်ခဲ့သည့် ကျင့်စဉ်၏ ကိုယ်တွေ့
အတွေ့အကြုံများကို သစ္စာလေးပါးနှင့် တိုက်
ဆိုင်စစ်ဆေးတင်ပြခြင်း ၉၈-၁၀၉
(က) သိ-ပယ်-ဆိုက်-ပွား လေးပါးကိစ္စတရားရ
(ခ) တရားရနိုင်သည့် စိတ်ထိန်းချုပ်နည်း
နိဿရည်း
(ဂ) အဓိကကျသည့် မနောဟဒယ၏ အရေးပါပုံ
(ဃ) ဉာဏ်အကြောင်းသိကောင်းစရာ၊ သိပြီးမှ




www.burmeseclassic.com

www.burmeseclassic.com


| ခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (င) ဘယ်လိုသိလို့ဘယ်လိုပယ်၊ ဘယ်လိုဆိုက်ပြီးဘယ်လိုပွား | |
| | (စ) သမာဓိအကြောင်း ပညတ်မှ ပရမတ်အကူး မဂ်အန္တရာယ်ဝင်ပုံနှင့် ဆရာလိုပုံ | |
| | (ဆ) ခန္ဓာသိနှင့် ဉာဏ်သိ | |
| | (ဇ) ဆရာအကူရမှ ဥပေက္ခါဖြင့်ခန္ဓာအဖုံးကို ဖွင့်နိုင်မည် | |
| | **အပိုင်း (၂)** | |
| ၁၉။ | သစ္စာတရားကို သိပွဲနည်းကျစိစစ်ခြင်း | ၁၁၁-၁၁၂ |
| ၂၀။ | မြစ်တော်စဉ်အကျဉ်း | ၁၁၂-၁၂၄ |
| ၂၁။ | လမ်းစဉ်များ | ၁၂၅-၁၂၇ |
| ၂၂။ | လမ်းစဉ်များ(၂)ခု | ၁၂၇-၁၂၈ |
| ၂၃။ | စဉ်းစားဖွယ် | ၁၂၉-၁၃၅ |
| ၂၄။ | လမ်းစဉ်မှန် | ၁၃၅-၁၃၈ |
| ၂၅။ | သစ္စာလေးပါးဟောရပုံ | ၁၃၈-၁၄၀ |
| ၂၆။ | ဆင်းရဲအမှန်တရား | ၁၄၀-၁၄၂ |
| ၂၇။ | ဇာတိခြင်းဆင်းရဲ | ၁၄၃-၁၄၄ |
| ၂၈။ | နာခြင်းဆင်းရဲ | ၁၄၅ |
| ၂၉။ | သေခြင်းဆင်းရဲ | ၁၄၆ |
| ၃၀။ | ပရိဒေဝနေရခြင်းဆင်းရဲ | ၁၄၇-၁၄၈ |
| ၃၁။ | မချစ်သူတို့နှင့် အတူနေရခြင်းဆင်းရဲ | ၁၄၈ |
| ၃၂။ | ချစ်သူတို့နှင့် ကွေကွင်းရခြင်းဆင်းရဲ | ၁၄၈-၁၄၉ |
| ၃၃။ | လိုသည်ကို မရခြင်းဆင်းရဲ | ၁၄၉-၁၅၁ |
| ၃၄။ | စောဒကတက်ဖွယ် | ၁၅၁-၁၅၂ |





| ခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅။ | သုခလော၊ ဒုက္ခလော | ၁၅၃-၁၅၉ |
| ၃၆။ | ဆင်းရဲ၏အကြောင်းအမှန်တရား | ၁၅၉-၁၆၁ |
| ၃၇။ | အကြောင်းရှာစရာဥပမာ | ၁၆၂-၁၆၅ |
| ၃၈။ | ဘဝဖြစ်ကြောင်း | ၁၆၅-၁၆၇ |
| ၃၉။ | ရှေ့ဘဝ-နောက်ဘဝရှိပုံအထောက်အထား | ၁၆၈-၁၇၀ |
| ၄၀။ | ဘဝကိုဖန်တီးသည့်တရား | ၁၇၁-၁၇၃ |
| ၄၁။ | တဏှာ၏သဘော | ၁၇၃-၁၇၄ |
| ၄၂။ | တဏှာသုံးမျိုး | ၁၇၄-၁၇၅ |
| ၄၃။ | သမုဒယသစ္စာဟောရကျိုး | ၁၇၅-၁၇၆ |
| ၄၄။ | ဆင်းရဲငြိမ်းမှုအမှန်တရား | ၁၇၇-၁၇၈ |
| ၄၅။ | နိရောဓသစ္စာ၏သဘော | ၁၇၈-၁၇၉ |
| ၄၆။ | တကယ်ရှိသောတရား | ၁၇၉-၁၈၁ |
| ၄၇။ | နိဗ္ဗာန်ရှိပုံမှန်းဆချက် | ၁၈၁-၁၈၄ |
| ၄၈။ | နိဗ္ဗာန်၏သဘာဝ | ၁၈၄-၁၈၅ |
| ၄၉။ | အဘာဝပညတ်မဟုတ် | ၁၈၅-၁၈၇ |
| ၅၀။ | နိဗ္ဗာန်သည်ပျင်းစရာလော | ၁၈၇-၁၈၈ |
| ၅၁။ | နိဗ္ဗာန်နှင့် ခံစားမှု | ၁၈၈-၁၉၀ |
| ၅၂။ | အရှုံးပေးဝါဒလော | ၁၉၀-၁၉၄ |
| ၅၃။ | ဒုက္ခငြိမ်းအေးလမ်းစဉ် | ၁၉၅ |
| ၅၄။ | မဂ္ဂသစ္စာဟောရပုံ | ၁၉၅-၁၉၆ |
| ၅၅။ | မဂ္ဂင်ရှစ်ပါး | ၁၉၇-၂၀၂ |
| ၅၆။ | မဂ္ဂင်အစစ် | ၂၀၂-၂၀၃ |
| ၅၇။ | ပုတုဇဉ်နှင့် မဂ္ဂသစ္စာ | ၂၀၃-၂၀၅ |


★ ★ ★



www.burmeseclassic.com


www.burmeseclassic.com

## မှတ်တမ်းတင်လွှာ

ဤစာစုများဖြစ်မြောက်ရေးအတွက်
ကွယ်လွန်သူ မိဘနှစ်ပါး
ဦးမြသောင်း၊ ဒေါ်ရင်မေ တို့အားဦးထိပ်ထားလျက်
ကွယ်လွန်သွားပြီဖြစ်ကြသော
အစ်ကို၊ ညီ၊ ညီမများဖြစ်ကြသည့်
ဦးစန်းလှိုင်၊ ဒေါ်မှုံရှူးမေ၊ ဦးကျော်ကျော်လွင်၊
ဦးခင်မောင်ဇော် တို့အားရည်စူး၍
ကျန်ရစ်သူမိသားစုမှ ဒါနပြုပါသည်။
ဗုဒ္ဓမြတ်စွာသာသနာ
ရေရှည်တည်တံ့ထွန်းလင်းပါစေ။

သာဓု သာဓု သာဓု

မိမိကို ရဟန်းဘဝသို့ရောက်အောင် ကယ်ချွတ်ပေးပြီး
လောကုတ္တရာပညာဗဟုသုတများကို အမွေပေးပါသော
**ကျေးဇူးရှင်ဆရာသခင်**




ဒေါက်တာချစ်ငယ်(ဒဿန)
M.A,PhD (Doctor of Philosophy in Religious Sciences) LONDON

www.burmeseclassic.com

www.burmeseclassic.com

## Lingua Workshop မှ ICE စိတ်ဓါတ်ကို မျိုးစေ့ချပေးသူ
## ဆရာကြီး ဦးမြင့်ဦးသစ် (စာရေးဆရာ ချစ်ဖူး)



ဆရာကြီး ဦးမြင့်ဦးသစ်(ခ)စာရေးဆရာ ချစ်ဖူး၏

# အမှာစာ

မိမိယုံကြည်တဲ့ တရားတစ်ရပ်ကို မဆုတ်မနစ်အားထုတ်တတ်တဲ့ ပုဂ္ဂိုလ်တွေကို ကျွန်တော်များစွာလေးစားမိပါတယ်။ ကျွန်တော်နဲ့အစ ခပ်သိမ်း တူတယ်ပဲဖြစ်ဖြစ်၊ မတူတယ်ပဲဖြစ်ဖြစ်ပါ။

ကျွန်တော့်ဘဝမှာ "ဟန်" သမားပေါင်းများစွာကိုတွေ့ခဲ့ပါတယ်။ "အပြောကတော့ ရွှေမန်း၊ အလုပ်ကတော့ခွေးရမ်း" တွေကိုလည်းများစွာတွေ့ ခဲ့ပါတယ်။ အဲဒီ ထိမ်ကြားမင်းခေါင်လက်သစ် တွေကြောင့်မို့ပဲ "စောန" က ပြောခဲ့သလို "ပြောတာလုပ်ပြီး လုပ်တာပြော" တဲ့ လူ့ခပ်နည်းနည်းကို လေးစား မိရတာပါ။

ဦးကောသလ္လ (ဒါမှမဟုတ်) ကျွန်တော်အခေါ် ဦးပဉ္စင်းကြီးဟာ သူယုံကြည်တာပြောပြီး လက်တွေ့လုပ်ကိုင်နေသူလို့ ကျွန်တော်ထင်မြင်ပါတယ်။

ကျွန်တော့် ကျောင်းလေ့ကျင့်ရေးကျွင်းကလေးကို သူရောက်လာပါ တယ်။ ကလေးတွေနဲ့အတူ ဆိုစရာတွေဆိုပါတယ်။ လက်ဟန်ခြေဟန်လုပ်စရာ တွေလုပ်ပါတယ်။ ဒါဟာ ကျွန်တော်တွေနေကျ မျှော်လင့်မှုမျိုး မဟုတ်တာကို ကျွန်တော် သတိထားမိပါတယ်။ မူလကတော့ ကာလရှည်တစ်ခုထိ လုပ်နိုင်စွမ်း ရှိဖို့ခက်လိမ့်မယ်လို့ ကျွန်တော့်အထင်။

အခုဦးပဉ္စင်းကြီး ဒီကျောင်းကလေးကို ရောက်လာတာ နှစ်နဲ့ချီ သွားတဲ့အခါမလည်း နဂိုရှိက အားထုတ်မှု ပျောက်သွားတာမတွေ့ရှူး အဲဒါ ကတော့ အသက်ကြီးပိုင်းတွေမှာ တွေ့ရခဲတဲ့ "ရိုးသားမှု" ကျွန်တော်ကိုယ်ကျွန်တော်ပင် ထိန်းကျောင်းနေရတဲ့ အရည် တစ်ရပ်။ အဲဒါ ဦးပဉ္စင်းကြီးမှာ တွေ့ရပါတယ်။

ဒီအတွက် (၁)လေးနောက်မှာလက်ပါသူတစ်ဦး၊ (၂)ရိုးသား တစ်ဦးရဲ့ ရေးသားချက်တွေအပေါ် ကောင်းမြင် နိုင်စရာ မှန်တာမပွားနိုင်စရာ ကျွန်တော့်မှာမရှိပါလို့ ပြောပါရစေ။

မြင့်ဦးသစ်(ချစ်ဖူး)

www.burmeseclassic.com

www.burmeseclassic.com



# LINGUAWORKSHOP'
# သင်တန်းကြီးနဲ့ မိမိသဘောထား ညီညွတ်မှုအမြင် သစ်ဆန်းသော လေ့ကျင့်မှုနှင့် ဆရာကြီး၏ အဆုံးအမများ

မိမိ ပထမဦးဆုံးအနေနဲ့ မိမိနဲ့ ဤ Lingua Workshop သင်တန်းကြီးဆုံဆည်းရပုံ မိမိ၏အတွေး အမြင်များ သစ်ဆန်းခဲ့ရပုံနှင့် မိမိတရားကျင့်စဉ်က တွေ့ကြုံသိခဲ့ရသည့် သစ်ဆန်းသည့် ကျင့်စဉ်များ အကြောင်းကို ပြောပြလိုပါတယ်။

ဤသင်တန်းကြီးကို ဦးစီးပဲ့ကိုင်နေသူမှာ ဆရာကြီး ဦးမြင့်ဦးသစ်၊ ကလောင်အမည် **"ဆရာချစ်ဖူး"** ဖြစ်ပါ တယ်။ ဆရာကြီးရဲ့ စေတနာသည် "ပညာ လိုလား သူများ ငွေကြေးကြောင့် မပင်ပန်းစေရ" ဟူသော ကြွေးကြော်ချက်ဖြင့် ဤ Lingua Workshop





လေ့ကျင့်ရေးသင်တန်းကြီးကို ဖွင့်လှစ်ထားခြင်းဖြစ်ပါ တယ်။

ဤသင်တန်းဟာ အင်္ဂလိပ်စကားပြော လေ့ကျင့်တဲ့ သင်တန်းဖြစ်ပါတယ်။ ဆရာကြီးရဲ့ သင်ကြားဆန်းသစ်ပုံ များကို အနည်းငယ် တင်ပြလိုပါတယ်။ ဆရာကြီးရဲ့ လေ့ကျင့်စဉ် ဆောင်ပုဒ်ကလေးကတော့ . . .

ကြောက်ရင် ဖက်ထား
ရဲရဲမှား
စိတ်ထားကိုပြောင်းပေးပါ။

**ကြောက်ရင်ဖက်ထား**

ကြောက်ရင်ဖက်ထားဆိုတာက အလွန်ပဟေဠိ ဆန်နေပါတယ်။ ဆိုလိုတာက မိမိအားနည်းတာရှိရင် ထပ်ကာထပ်ကာလုပ်ပါ။ နောင်အလေ့အကျင့်ရလာတဲ့ အခါ မကြောက်တော့ကြောင်း သိရပါတယ်။

**ရဲရဲမှား**

ရဲရဲမှား ဆိုတာကတော့ ကလေးငယ်ဘဝ စကား သင်ရာမှာ မိမိမပြောတတ်ပြောတတ်နဲ့ ပြောနေတာကို



www.burmeseclassic.com

www.burmeseclassic.com



လူကြီးများက ချစ်စနိုးနှစ်သက်ကြသလို ယခု Lingua Workshop မှ စီနီယာသင်တန်းသူ သင်တန်းသားများက ဂျူနီယာသင်တန်းသူ သင်တန်းသားများအား လက်တွဲပြီး မိမိမပြောတတ် ပြောတတ် ပြောနေတဲ့ အင်္ဂလိပ်စကားကို စိတ်ရှည်လက်ရှည် နားထောင် လေ့ကျင့်ပေးခြင်းဖြင့် သင်တန်းသူ၊ သင်တန်းသားများဟာ အင်္ဂလိပ်စကားလုံးများ ပါးစပ်က ထွက်ရဲအောင် ပြုလုပ်ပေးခြင်းဖြစ်ပါတယ်။

အမှား အမှန်ထက် လူနားလည်ဖို့ကို အဓိကထားပြောရန်ဖြစ်ပါတယ်။ အချိန်အတိုင်းအတာ တစ်ခုဖြတ်သန်းပြီးမှ မှန်မှန်ကန်ကန် ပြောနိုင်မှာဖြစ်ပါတယ်။

**စိတ်ထားကိုပြောင်းပေးပါ။**

စိတ်ထားကို ပြောင်းပေးပါဆိုတာက မိမိကိုယ်မိမိသာ ပြိုင်ပါ၊ ဘယ်သူ့ကိုမှ မပြိုင်ပါနှင့်၊ မနေ့ကမိမိနှင့် ဒီနေ့မိမိပြိုင်ပါ။

ဒီသင်တန်းဟာ စာမေးပွဲမရှိပါ။ မိမိရဲ့အားထုတ်မှုပေါ် မူတည်ပြီး တိုးတက်မှုကို ယနေ့နှင့် မနက်ဖြန် တိုင်းတာခြင်းဖြင့် သိရှိပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သော





စိတ်ထားကိုမွေးပါ။ သူတစ်ပါးကို အားကျသောစိတ်ထားမွေးပါ တို့ဖြစ်ပါတယ်။

**သင်တန်းဖွင့်လှစ်သည့်အခြေခံနှင့်အဆင့်အတန်း**

အင်္ဂလိပ်စကား ပြောတတ်လိုသူများ ငွေကြေးမကုန်ကျဘဲ စနစ်တကျ တတ်မြောက်အောင် လေ့ကျင့်ပေးတဲ့ သင်တန်းတစ်ခုလည်းဖြစ်ပါတယ်။ သင်တန်းအနေနဲ့ ပညာဒါန၊ ပညာအလှူ သင်တန်းဖြစ်သော်လည်း၊ စည်းကမ်းကိုတော့ တင်းတင်းကျပ်ကျပ် လိုက်နာရပါတယ်။ သင်တန်းရဲ့ အဆင့်အတန်းကတော့ British council နှင့် American Embassy မှသင်တန်းများထက် အောက်မကျအောင် Program အမျိုးမျိုးချပေးပြီး လေ့ကျင့်စေပါတယ်။ သုံးလနဲ့ ခြောက်လအတွင်း ပါးစပ်က အင်္ဂလိပ်အသံများ ထွက်ရဲလာပြီး တစ်နှစ်လောက်အကြာမှာ လူအများရှေ့မှာဖြစ်စေ၊ မည်သည့်အကြောင်းအရာကိုဖြစ်စေ၊ မည်သူနဲ့ဖြစ်စေ ပြောရဲဆိုရဲဖြစ်လာပါတော့တယ်။ မိမိမှာ အသက်ခြောက်ဆယ်ကျော်ပြီဖြစ်လို့ ဤမျှလောက်သာပြောနိုင်လာခြင်း ဖြစ်ပါတယ်။ ကျောင်းသား လူငယ်များဆိုလျှင် မကြာမီအခါ



www.burmeseclassic.com

www.burmeseclassic.com



လေး၊ ငါး၊ ခြောက်လ အတွင်းမှာ အင်္ဂလိပ်စကား အတော်အတန် သွက်သွက်လက်လက် ပြောရဲလာတာကို တွေ့ရပါတယ်။ သို့သော် ဆရာကြီး၏ ဩဝါဒမှာ မှန်မှန်ကန်ကန် ပြောနိုင်ဖို့အတွက် အချိန်ကာလအတိုင်းအတာ တစ်ခုအထိတော့ ဖြတ်သန်းရမယ်လို့ မိန့်ကြားထားပါတယ်။

❋

# Lingua Workshop
## သင်တန်းကြီး၏စည်းကမ်းများ

၁။ သင်တန်းသူ သင်တန်းသားတိုင်းဟာ ရင်ထိုးကတ်တပ်ဆင်ထားရပါမယ်။ ရင်ထိုးကတ်မပါဘဲ မည်သူမျှ သင်တန်းခန်းမတွင်းသို့ ဝင်ခွင့်မရှိပါဘူး။ ရင်ထိုးကတ် မပါရှိပါက ဒဏ်ကြေးပေးဆောင်ပြီး ရင်ထိုးကပ် တစ်ခုခု တပ်ဆင်ရပါမယ်။

၂။ ရုံးကြောင့် နောက်ကျခွင့် ပြုထားသူမှအပ မည်သူတစ်ဦးတစ်ယောက်မျှ ဆယ်မိနစ်ထက် နောက်ကျခွင့် မရှိပါဘူး။





၃။ သင်တန်းသားတိုင်းဟာ သင်တန်းဖွင့်ကာနီး ခေါင်းလောင်းခေါက်ပြီး ငါးမိနစ်တိတိ ခါးကိုမတ်မတ်ထားပြီး၊ မျက်လွှာချလျက် မိမိတို့နှစ်သက်ရာ စိတ်လေ့ကျင့်မှုကို မလုပ်မနေရ ပြုလုပ်ကြရပါမယ်။ နောက်ကျမှ ရောက်လာသူများကလဲ သင်တန်းခန်းမအပြင်မှာ ထိုင်၍ လေ့ကျင့်ရပါမယ်။ မတ်တတ်ရပ်နေခွင့် စကားပြောနေခွင့် လုံးဝမရှိပါ။

၄။ I.C.E ကို မည်သည့်နည်းနှင့်မျှ သရော်နောက်ပြောင်တာ လုပ်ခွင့်မရှိပါဘူး။ I.C.E ကို မသိသေးသူများကလဲ သိပြီးသူများထံမှ မေးမြန်းပြီး လိုက်ပါထိန်းသိမ်း စောင့်ရှောက်ရပါမယ်။

၅။ သင်တန်းကို အစမ်းတက်ရောက်ခွင့် မရှိပါဘူး။ သင်တန်းကို စမ်းသပ်တယ်ဆိုတာ သင်တန်းဆရာကိုရော သင်တန်းကို ယုံကြည်စွာ တက်ရောက်နေသူများကိုပါ စော်ကားရာရောက်ပါတယ်။

၆။ သင်တန်းဆရာနှင့် သင်တန်းကိုလေးစားကြောင်း ပြသသည့်အနေဖြင့် သင်တန်းပျက်မယ်ဆိုရင် ကြိုတင်အကြောင်းကြား ခွင့်တိုင်ရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



မမီလိုက်ပါက သင်တန်းပြန်တက်သည့်နေ့တွင် ရှင်းလင်းပြောကြားရပါမည်။ သင်တန်းကို ခွင့်မဲ့ပျက်ကွက်တာဟာ မိမိကိုရော သင်တန်းကိုပါ ထိခိုက်တယ်ဆိုတာ သိထားရပါမယ်။

၇။ သင်တန်းအတွင်းမှာ ရယ်မောပျော်ရွှင်ခွင့် ရှိပါတယ်။ သူတစ်ပါးကို လှောင်ပြောင်သည့်အနေဖြင့် ရယ်မောနောက်ပြောင်ခွင့်၊ အထင်သေးစိတ်ဖြင့် ဆက်ဆံခွင့် လုံးဝမပြုရပါဘူး။

၈။ သင်းတန်းကြေး တစ်စုံတစ်ရာ ကောက်ယူနေပေမယ့် ဒီသင်တန်းကြေးကို အလွဲသုံးစား လုပ်တာ ကောက်ကျစ်တာ လုံးဝလုပ်ခွင့်မရှိပါဘူး။ ဒါဟာ ကိုယ်ရည်ကိုယ်သွေး ပြဿနာတစ်ရပ်ဖြစ်ပါတယ်။

၉။ သင်တန်းသားတိုင်းဟာ သင်တန်းချိန်အတွင်းမှာ ဘာမှစားသောက်ခွင့်မရှိပါဘူး။ မစားမသောက်ရပါဘူး။

၁၀။ သင်တန်းမှ ခွင့်ပြုချက် မရရှိဘဲ မိမိသဘောဖြင့် ဝင်ခွင့်ထွက်ခွင့် မရှိပါဘူး။

၁၁။ ပရိုဂရမ်တစ်ခုကို လေ့ကျင့်နေချိန်တွင် အခြားဘာစကားမှ ပြောခွင့်မရှိပါဘူး။ မပြောရပါဘူး။ ပြောနေ





တာတွေ့ရှိ တာဝန်ရှိသူက သတိပေးလျှင် ချက်ချင်းလိုက်နာဆောင်ရွက်ရပါမယ်။

၁၂။ ဟန်းဖုန်းများပါလာပါက ဖုန်းကို ပိတ်ထားရပါမယ်၊ ဖုန်းသံမည်ခွင့် လုံးဝမရှိပါဘူး။

၁၃။ သင်တန်းဂုဏ်ပြုသီချင်း သီဆိုရာတွင် လေးလေးစားစား တက်တက်ကြွကြွ လိုက်ပါသီဆိုရပါမယ်။

*

## သစ်ဆန်းသည့်အတွေးအခေါ်နှင့် ဆရာကြီး၏ ဩဝါဒအောတိုင်း မိမိတရားကျင့်ခဲ့ပုံဆက်စပ်မှု

ဒီလိုပဲ စည်းကမ်းတွေ တင်းတင်းကျပ်ကျပ်ကြားထဲက ဒီသင်တန်းကို မပျက်မကွက် ဇွဲနဲ့တက်ရောက်နေကြတဲ့ Lingua Workshop သင်တန်းသူ သင်တန်းသားများအား အထူးလေးစားမိပါတယ်။

မိမိဒီသင်တန်းကို စရောက်တဲ့အချိန်လေးကို ပြောချင်ပါတယ်။ မိမိမှာ ဘုန်းကြီးဖြစ်နေတော့ များသော



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် အမြင့်မှာထိုင်နေရတာ အကျင့်ပါနေပါတယ်။ ဒါပေမဲ့ သင်တန်းကို စတက်တဲ့နေ့မှာ ကြမ်းပြင်မှာ တင်ပျဉ်ခွေထိုင်ပြီး စာသင်ရတာကိုတော့ တစ်မျိုးဖြစ်မိပါတယ်။ ဒါပေမဲ့ သင်တန်းကို L.P နဲ့ H.P အတန်းမှာ၊ သုံးလေးတန်းကလေးလေးတွေနဲ့ တွဲပြီးတက်ရပါတယ်၊ အဲဒီမှာ Person to Person Drill သင်ရတော့ လက်ဟန်ခြေဟန်တွေနဲ့ လက်ထောက်ဆရာတွေက သင်ပေးတော့ လိုက်လုပ်ပြီဆိုတဲ့အခါမှာ စကားသံထွက်တာ ဟန်ကျပန်ကျဖြစ်လာတာကို တွေ့ရပါတယ်။ သင်တန်းခန်းမထဲမှာ လူ ၁၀၀ ရှိရင် အခေါက် ၁၀၀ ဆိုရတယ်။ ဒီတော့ သင်တန်းမှာ လေ့ကျင့်ဖြစ်သွားတာပေါ့။

မိမိတို့ရဲ့ အင်္ဂလိပ်စကားသံကို မိမိနားက လက်ခံလာပြီး အင်္ဂလိပ်လို အသံထွက်ရဲသွားပါတယ်၊ မိမိနဲ့ အင်္ဂလိပ်စာ အိုးစားကွဲနေသည်မှာ အနှစ် ၃၀ မကတော့ပါ။ ဒါကြောင့် မိမိခေါင်းထဲမှာ စကားလုံးများ သိသော်လည်း ပါးစပ်ကမထွက်ရဲပါ။

နောက်ဒီသင်တန်းမှာ ဆရာကြီးရဲ့ အယူအဆက ရှေးဟောင်း grammer တွေဟာ ပြောင်းလဲ၍သွား






ကြပါပြီ။ ယခုနေ့ Noun ကိုလဲ Verb လို့သုံးကြတယ်။ Verb ကိုလည်း Noun လို့ သုံးလာကြတယ်။ ဒီတော့ ဒီ grammer ကို ဂရုမပြုနဲ့ လူနားလည်အောင် 'လိုတိုရှင်း' 'လွယ်' 'နားလည်' အောင်ပြောရမယ်ဆိုတော့ မိမိမှာ ပိုနှစ်သက်သွားပါတယ်။

စကားပြောတယ်ဆိုတာ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်မှု လုပ်တာပါပဲ။ မိမိပြောလိုတာ တစ်ပါးသူက နားလည်သွားရင် စကားပြောခြင်းအလုပ် ပြီးပါတယ်။ စကားပြောခြင်းမှာ အနုပညာရှိတယ်ဆိုတဲ့ စကားကို လဲကြားရပါတယ်။ စကားနဲ့အတူ လေယူလေသိမ်း ဟန်ပန်အမူအရာကလဲ အလွန်အရေးကြီးကြောင်း သိလာရပါတယ်။ ဒီတော့ အင်္ဂလိပ်စကားပြောကို grammer စသင်ပြီးမှ အင်္ဂလိပ်စာတတ်ရမယ်ဆိုတဲ့ သဘောတရားဟာ ပြောင်းပြန်ဖြစ်သွားတယ်။ စကားပြောတတ်ပြီးရင် grammer မှန်ဖို့ဟာ သိပ်မခက်တော့ဘဲ ခေတ္တခဏ လေ့ကျင့်လိုက်တာနဲ့ ရနိုင်ပါတယ်ဆိုတဲ့ အသိကိုရခဲ့တော့ မိမိတရားကျင့်စဉ်ကို ပြေးပြီးသတိရလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




## စာရေးသူ၏ အမှာစာ

## **အမှာစာ**

စာရေးသူငယ်စဉ်ဘဝက အမှတ်မထင်ဖတ်မိခဲ့တဲ့ စာအုပ်ကလေးတစ်အုပ်ကရရှိတဲ့ ဗဟုသုတဟာ မိမိရဲ့ ဘဝတစ်ခုလုံးကို ပြောင်းလဲသွားနိုင်တာကြောင့် အဲ့ဒီ ဗဟုသုတ အတွေ့အကြုံတွေကို လူငယ်များအား မိမိက လက်ဆင့်ကမ်းလိုပါတယ်။ အဲ့ဒီဗဟုသုတကလည်း လောကမှာ အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်ကြီးဖြစ်တဲ့ ဗုဒ္ဓက ပေးတဲ့ ဗဟုသုတပါ။

ယနေ့လူငယ်များ ဗုဒ္ဓကိုဘာသာရေးကိုးကွယ်မှု သက်သက် အမြင်ထက် ပိုမိုစူးရှနက်ရှိုင်းပြီး လက်တွေ့ကျတဲ့ အတွေးအခေါ် ဒဿနပိုင်းက ချဉ်းကပ်နိုင်အောင် မိမိရဲ့ ဘဝဖြတ်သန်းမှု အတွေ့အကြုံများကိုပေါင်းစပ်ပြီး လက်တွေ့ကျကျ တင်ပြထားပါတယ်။

ရွှေရည်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အများပြောနေတာက သီလအရင်စောင့်ပြီးမှ သမာဓိပျိုး။ နောက်မှ ပညာတက် ဒီအစဉ်အလာ ရှိနေတယ်လေ။

## ပညာဉာဏ်ဦးစီး

မိမိကို ဆရာကစပြီး ရင်ထဲကပူတာ၊ ဆို့တာ၊ တစ်တာကို ဒုက္ခလို့သိပြီး ပျက်တယ်လို့ရှုခိုင်းတယ်။ ဒါကို ပညာကို စပြီးတည်ခိုင်းသလို ဖြစ်နေတာပေါ့။ ဒါပေမဲ့ ဒီနည်းဟာ တရားတွေ့မြန်တယ်။ မိမိအိမ်ထောင်ကို စစွန့်ဖြစ်တာ။ ဒီရင်ပူနေတဲ့နေရာကို ဒုက္ခလို့သိရာက၊ ပျက်တယ်လို့ ရှုလိုက်တဲ့အခါ အဲဒီရင်ပူနေတဲ့ဒုက္ခလဲ ပျက်သွားရော။ ငါ့မိသားစုထဲက ခွဲပြီးထွက်မယ်ဆို ထွက်နိုင်ပြီလို့ အားရှိသွားတယ်၊ ယခင်ကတော့ ရင်ကြီးပူနေတယ်၊ ဆို့နေတယ်ဆိုရင် ကြောက်တာပေါ့ မဖြစ်ချင်ဘူး။

## တရားကျင့်စဉ်က ကြောက်ရင်ဖက်ထားပုံ

ခု ဆရာကြီးပြောသလို 'ကြောက်ရင်ဖက်ထား' ဆိုတော့ ဒီလိုရင်ထဲပူတာ၊ ဆို့တာပေါ်တာကို မကြိုက်ဘူး ဖြစ်နေတယ်။ ရင်မဆိုင်ရဲဘူး၊ ကြောက်နေတယ်၊





တကယ် အိမ်ထောင်ကထွက်တဲ့အခါကျတော့ ရင်တွေပူတာပေါ့။ ပူပေမယ့်လည်း ဒီအသိကို မလွှတ်တော့ဘဲ ဖက်ထားတဲ့အနေနဲ့ မင်းဒုက္ခဟာ အပျက်တရားပါကွာ ဆရာကလည်းပြောတယ်၊ မြတ်စွာဘုရားလဲဟောတယ်၊ ဒါ့ကြောင့် ပူတိုင်း ပျက်တယ်၊ ပျက်တယ်လို့ ရှုပါများလာတော့ ဒီနေရာမှာ ပျက်တာကိုတွေ့ပြီးတော့ ရင်ထဲမှာ ဒုက္ခဆိုတာ ဒီလိုရှုရင်လဲ ပျက်ပါလားလို့ မိမိဦးနှောက်က လက်ခံယုံကြည်သွားတယ်။

ဒါဆရာကြီးပြောတဲ့ 'ကြောက်ရင်ဖက်ထား' ဆိုတဲ့ စကားကို မိမိတရားကျင့်စဉ်ကလည်း သုံးဖူးတဲ့အတွက် အများဗဟုသုတရစေဖို့ တင်ပြပါတယ်။

## တရားကျင့်စဉ်က ရဲရဲမှားပုံ

'ရဲရဲမှား' ဆိုတဲ့ စကားကျတော့ မိမိက ဒုက္ခပျက်တာ တော့သိနေတယ်။ ဒါပေမဲ့ ဇနီးအကြောင်း၊ သားလေးအကြောင်း မကြားရရင်တော့ အေးအေးဆေးဆေးပဲ။ ဇနီးအကြောင်း၊ သားလေးအကြောင်း အသံတွေကြားလာပြီဆိုရင် ရင်ထဲမှာ ပြန်ပြီးပူလာတယ်၊ ဆို့လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာ မိမိက ဒီသားအကြောင်း၊ ဇနီးအကြောင်း တွေးမိရင် မှားတယ်လို့ထင်နေတယ်လေ၊ အဲဒီတော့ တွေးတောင်မတွေးရဲဘူး၊ နောက်ဆုံး အောင်မြင်ချင်တော့၊ သားအကြောင်း၊ ဇနီအကြောင်းတွေ များများစဉ်းစားကြည့်တယ်။ စဉ်းစားတိုင်းလည်း ရင်တွေပူလာတယ်၊ ပူလာတော့ မခံစားချင်တော့ ရှုတာပေါ့၊ ရှုတော့လည်း ပျက်တာပေါ့၊ ပျက်တော့ နေလို့ထိုင်လို့ ကောင်းသွားတာပေါ့၊ ဒီလိုနဲ့ အတွေးရဲလာတယ်၊ ဘယ်အတွေးမဆို တွေးကြည့်တယ်၊ လုပ်ကြည့်တယ်၊ မှားပေမယ့် ရင်ထဲက ပူနေတဲ့အပူကို ချက်ချင်းရှု ချက်ချင်းပျက်ပြီး ပြေသွားတယ်။ ဒီတော့ ဆရာကြီးရဲ့ ဩဝါဒ 'ရဲရဲမှား' ဆိုတာလည်း အောင်မြင်တဲ့လမ်းကြောင်းကို ရောက်အောင်လေ့ကျင့်ရာမှာ အသုံးဝင်တဲ့ နည်းတစ်ခု ဖြစ်ပါတယ်။

## စိတ်ထားပြောင်း

'စိတ်ထားပြောင်း' ဆိုတာကတော့ မိမိမှာ တရားအားထုတ်နေသူဖြစ်လို့ သူတစ်ပါးကို မနာလိုမဖြစ်ဘူး၊ ကိုယ်အတွင်းထဲပဲ ကိုယ်ကြည့်နေတယ်၊ အပြင်ကို သိပ်





မကြည့်တော့ဘူး။ ဖြစ်ရပ်တိုင်းမှာ မိမိက ယနေ့၊ ယခု ခံရပြီဆိုရင် အရင့်အရင်ဘဝက ကိုယ်က တစ်ပါးသူကို လုပ်ခဲ့ပြီးပြီ။ ဒါကြောင့် မိမိစိတ်ထားကို ပြင်ပါတယ်၊ အပြင်ကို မကြည့်တော့ဘဲ မိမိခန္ဓာထဲမှာရှိတဲ့ ဝဋ်ကြွေးကြောင့် ဟဒယပေါ်မှာပေါ်နေတဲ့ ဝဋ်ကိုပဲကျေအောင် ချေလိုက် ပါတယ်၊ မိမိကြောင့် အခြားသူတစ်ဦး တစ်ယောက်ကိုမျှ ဒုက္ခမရောက်စေလိုသော စေတနာပေါ်လာပါတယ်။

## အကျင့်မှသီလဖြစ်လာပုံ

ဒီအခါကျမှ စိတ်ထားတွေ ပြောင်းလာပါတယ်၊ ကိုယ်ချင်းစာတတ်လာပါတယ်၊ သူတစ်ပါးအသက်ကို သတ်တော့မယ်လို့ကြံရင်၊ မိမိရင်ထဲမှာ မိမိကိုယ်တိုင် အသတ်ခံရရင် ဘယ်လိုနေမလဲ၊ စိတ်ဆင်းရဲမှာပဲ ဒါကြောင့် ငါတစ်ပါးသူကို မသတ်တော့ဘူး။ ငါ့ရဲ့ ဥစ္စာပစ္စည်း အခိုးခံရရင် ငါ့ရဲ့ ရင်ထဲမှာ ဆင်းရဲမယ်၊ ပူဆွေးမယ် ဒီတော့ သူများပစ္စည်းကို ခိုးခဲ့ရင် အဲဒီအခိုးခံရတဲ့ လူလည်း ငါ့လို ဆင်းရဲမှာပါလားလို့ ကိုယ်ချင်းစာပြီး မခိုးတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူများကို လိမ်ပြောမယ်ကြံရင်၊ ငါ့ကိုလိမ်ရင် ငါ ကြိုက်မလား၊ မကြိုက်ဘူး ရင်ထဲမှာ မကောင်းလို့ မကြိုက်တာ၊ အဲဒါကြောင့် ငါလည်း တစ်ပါးသူကို လိမ် မပြောတော့ဘူး၊ စသည်အားဖြင့် ရင်ထဲကအပူကို တွေ့ ပြီး ပညာဉာဏ်နဲ့ရှုပါများလာတော့ ကိုယ်ချင်းစာနာ တတ်လာပြီး သီလမြဲလာပါတယ်။

<u>အတျင့်မှသမာဓိဖြစ်လာပုံ</u>

နောက် ဒီဒုက္ခ ပူတာ၊ ဆို့တာကို မကြိုက်တော့ တွေ့တိုင်းရှု၊ ရှုတိုင်းဉာဏ်ပေါ်၊ ဉာဏ်ပေါ်လာတော့ ဉာဏ်မှာအသိကပ်တိုင်း နေလို့ ထိုင်လို့ ကောင်းလာ တယ်၊ နေလို့ ထိုင်လို့ ကောင်းတော့ ပိုအားထုတ်ဖြစ် တယ်၊ အားထုတ်ပါများတော့ သမာဓိဖြစ်လာတာပေါ့။

<u>အစဉ်အလာမှအောင်မြင်သောကျင့်နည်းသို့</u>

ဒီနည်းဟာ အောင်မြင်မှုမြန်တာ တွေ့ရတယ်၊ ဒါကြောင့် အစဉ်အလာ အသိအတိုင်း လုပ်နေတော့ မလုပ်ဖြစ်ကြဘူးပေါ့။ ငါးမိနစ်ရရ ဆယ်မိနစ်ရရ ရတဲ့ အချိန်မှာ ရင်တွင်းထဲမှာ ပူတာ၊ ဆို့တာ၊ တစ်တာ၊ လှုပ် တာ တွေ့နေတယ်ဆိုရင် ဒုက္ခဆင်းရဲနေတာကို သိနေ





တာပေါ့၊ ဒါဆို အဲဒီနေရာလေးကို ပျက်တယ်လို့ ရှုပေး လိုက်ရုံပဲ၊ မခက်ဘူးမဟုတ်လား၊ ဒါတော့ လူတိုင်းလုပ် နိုင်ပါတယ်။ ဒါကြောင့် တရားစခန်းတွေဝင်မှ တရားရှုနိုင် တယ်ဆိုတဲ့ အယူအဆ အစွဲအလမ်းဟာလဲ လျော့လာပြီး တစ်ထိုင်၊ တစ်ထိုင် မကြာခဏ အားထုတ်ပေးခြင်းအား ဖြင့် ခဏိကသမာဓိမှတစ်ဆင့် ရင်ထဲကဒုက္ခလျော့တာကို တွေ့တာနဲ့ မကြာမကြာ အားထုတ်ဖြစ်လာတာပေါ့၊ နောက်တော့ကောင်းမှန်းသိတော့ ဆက်အားထုတ်ဖြစ် တာပေါ့။

ဒါကိုလည်း စမ်းသပ်ကြည့်ကြစေချင်ပါတယ်၊ ကိုယ်က မစမ်းသပ်ဖူးဘဲနဲ့ မဖြစ်နိုင်ဘူးလို့ မပြောစေချင် ပါဘူး၊ စာမတတ်တဲ့သူရော၊ စာတတ်တဲ့လူရော၊ ဗဟု သုတရှိသူရော၊ မရှိသူများပါ ဒီနည်းကို အားထုတ်လို့ တရားကို ကြိုက်နှစ်သက်လာတာ တွေ့ရပါတယ်။ သက်သေသာဓကတွေ အများအပြားရှိပါတယ်။ စမ်း သပ်စစ်ဆေးပြီးသားပါ။ လူ ၁၀၀ လောက်စစ်ဆေးတာ အားလုံးအောင်မြင်ကြပါတယ်။ ဆရာပြောတာ ယုံပြီး အားထုတ်ဖို့သာ လိုရင်းဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စကားကျော ပြောင်းသွားပြီး၊ ဆရာကြီးရဲ့ စည်းကမ်းပိုင်းကို ပြန်ပြောကြရအောင်။

**ခံစားမှုသစ်မှဘဝသစ်ဆီသို့**

ဒီလိုပဲ စည်းကမ်းတွေ တင်းတင်းကျပ်ကျပ် ကြားထဲက ဒီသင်တန်းကို မပျက်မကွက် ဖွဲ့နပဲနဲ့တက်ရောက်နေကြတဲ့ ယခုသင်တန်းသူ၊ သင်တန်းသားများကို အထူးလေးစားပါတယ်။

ဦးပဥ္စင်းဟာ ဒီသင်တန်းကြီးမှာ ဆရာကြီးရဲ့ ဦးဆောင်ပဲ့ကိုင်မှုကို တွေ့လိုက်ရတဲ့အခါမှာ ဘဝသစ်တစ်ခုကို ပြောင်းသွားသလို ခံစားလိုက်ရတယ်၊ ဘာကြောင့်လဲဆိုတော့ ဦးပဥ္စင်း မတွေ့ဖူးသေးတဲ့ အသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်တစ်ခုကို တွေ့နေရတယ်။ လက်ရှိ ဦးပဥ္စင်းရဲ့ ပတ်ဝန်းကျင်မှာ မတွေ့ဖူးတဲ့ ဖြစ်ရပ်တွေ၊ စကားသံတွေ တွေ့နေကြားနေရတယ်၊ အဲဒါကြောင့် သင်တန်းသူ၊ သင်တန်းသားများ အားလုံးအပြင် Lingua Workshop member များကို ပိုပြီးလေးစားမိပါတယ်။ သူတို့ဟာ I.C.E စိတ်ဓာတ်ကိုအပြည့်အကောင် အထည်ဖော်နေလို့ပဲ ဖြစ်ပါတယ်။





I.C.E ဆိုတာ ဘာလဲ၊ ဂုဏ်ပြုသီချင်းလေးကို ကြည့်ရင် သိနိုင်ပါတယ်။

❋

## Lingua Workshop ၏ ဂုဏ်ပြုသီချင်း (အင်္ဂလိပ်/မြန်မာ)

(Keep ICE)[3]

(ICE ကိုထိန်းသိမ်းပါ)[၄]

Keep ICE in your heart my Friend

သူငယ်ချင်း မင်းရဲ့နှလုံးသားထဲမှာ ICE ကို အမြဲသိမ်းထားပါ။

I is for Initiation

'I' ဆိုတာကတော့ ဦးဆောင်နိုင်တဲ့အပိုင်းမှာ ဦးဆောင်မှုပေးပါ။

C is for Cooperation

'C' ဆိုတာကတော့ ပူးပေါင်းဆောင်ရွက်ရမယ့် အလုပ်ကို ပူးပေါင်းဆောင်ရွက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



'E' for Emulation

E ဆိုတာကတော့ မိမိထက်သာသောသူ၊ တတ်သောသူကို အားကျအတုယူ လုပ်ဆောင်ပြီး မုဒိတာပွားပါ။

Keep ICE in your heart my friend.

သူငယ်ချင်း မင်းရဲ့ နှလုံးသားထဲမှာ ထပ်မံပြီး ICE ကို အမြဲသိမ်းထားပါ။

Patrons may I help you cool

သူငယ်ချင်း မင်းစိတ်ချမ်းမြေ့မှုရှိအောင် ငါကူညီပါရစေ။

Patrons may you help me.

သူငယ်ချင်း မင်းကလည်းငါ့ကိုပြန်ပြီးကူညီပေးပါ။

We have a family here.

ဒီမှာ ငါတို့မိသားစုလေးတစ်ခု ရှိပါတယ်။

Help your self by helping other

ကိုယ့်ကိုယ်ကိုယ် ကူညီရင်းနဲ့ အခြားသူတွေကိုပါ ကူညီကြတာပေါ့။





Gay, you always keep ICE with all your heart.

ဟေ့ သူငယ်ချင်း မင်းနှလုံးသားထဲမှာ အမြဲတမ်း ICE ကို စွဲမြဲစွာ နေပေးပါကွာ၊ မင်းနှလုံးသားထဲမှာ အမြဲတမ်း ICE ကို အမှတ်ရပေးပါကွာ။

ဆရာကြီး၏စည်းကမ်းတင်းကျပ်မှု

ဒါဟာ ဒီသင်တန်းသူ၊ သင်တန်းသားများနဲ့ အထူးသဖြင့် Lingua Workshop mem ber များလိုက်နာထိန်းသိမ်းစောက်ရှောက်ရမည့် သဘောထားဖြစ်ပါတယ်၊ ဘယ်လောက်ဖြူစင် သန့်ရှင်းပါသလဲ၊ ဘယ်လောက် အတ္တကင်းပါသလဲ၊ ဒါ ဆရာကြီး ချမှတ်ယုံကြည်တဲ့ ဝါဒတစ်ခုပါ၊ ဆရာကြီး အမြဲပြောလေ့ရှိပါတယ်။ စည်းကမ်းဆိုတာ လူရဲ့တန်ဖိုးပါ၊ စည်းကမ်းမရှိရင် တန်ဖိုးမရှိဘူး။ ဆရာကြီးလေသံ . . .

"ဟေ့ မင်းတို့ ကျောင်းတက် ခေါင်းလောင်းထိုးနေပြီ၊ ဘာ နှေးတုံ့ နှေးတုံ့လုပ်နေတာလဲ၊ မြန်မြန်လာ"

"ဟေ့ ဆယ်မိနစ်ကျော်တာနဲ့ ဝင်းတံခါးသော့ခတ်"

ဒီစကားသံဟာ မာပေမယ့် လူငယ်များအတွက်



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ ဟိုတစ်ချိန်က အဲ့ဒီစာအုပ်ကလေးကို ဖတ်ရတာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းမှာပါ။ ဘာသာရေး ကိုးကွယ်မှု နယ်ပယ်ကလို့ ပြောရင်ရပါတယ်။ နောက်ပြီတော့ အဲ့ဒီစာအုပ်ကလေးရဲ့အမည်က "တရားဦး"တဲ့။ စာအုပ်အဖုံးကလဲ ဗုဒ္ဓပုံတော်နဲ့ ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောနေပုံပါ။ မိမိတို့ငယ်စဉ်က မိမိတို့နဲ့ ဗုဒ္ဓ အလွန်ကွာလှမ်းနေပါတယ်။

မိမိတို့က လောကီသမားတွေလေ ဗုဒ္ဓလို့သိလိုက်တာနဲ့ လောကီနဲ့မပတ်သက်ဘူး။ လောကုတ္တရာသမားတွေနဲ့သာဆိုင်တယ်လို့ ထင်နေမိပါတယ်။ မိမိအနေနဲ့ ဗုဒ္ဓပုံတော်ပါတဲ့စာအုပ်ဆို ဝေးဝေးကရှောင်ခဲ့ပါတယ်။ ဒါပေမဲ့ ဘဝကံကြမ္မာက ရှောင်ပြေးလို့ မရနိုင် အောင်ခိုင်မာနေလို့လား မသိဘူး။ မိမိအဲ့ဒီစာအုပ်ကလေးကို အမှတ်မထင် ဖတ်မိလိုက်ပါတယ်။ ဖတ်လိုက်တော့မှ လောကကြီးရဲ့ အမှန်တရားကို နက်နက်ရှိုင်းရှိုင်း တင်ပြထားတာကို တွေ့ရတာပေါ့။

ဒီတော့ဒါဟာ အတွေးအခေါ် ဒဿနသက်သက်မဟုတ်ဘူး။ လက်တွေ့ကျင့်ရတဲ့အပိုင်းတွေ ပါနေတယ်





လို့ နားလည်ပြီး သိချင်လာပါတယ်။ နောက်ပြီး ကျင့်ကြည့်ချင်တဲ့စိတ်တွေ တဖွားဖွားပေါ်ပေါက်လာခဲ့ပါတယ်။ ဒါပေမဲ့ ဆရာကောင်းနဲ့ မတွေ့ရသေးတော့ ယောင်လည်လည်ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ဆရာကောင်းကိုတွေ့အောင် အတော်ပင်ပင်ပန်းပန်းခံပြီး ရှာခဲ့ပါတယ်။

ယခု ဆရာနဲ့တွေ့လို့ ကျင့်လိုက်တာ အနှစ်သုံးဆယ်ကျော်သွားပါပြီ။ ဒီသဘောတရားဟာ လက်တွေ့လူ့လောကီဘဝမှာကို အောင်မြင်တာတွေ့ရပါတယ်။ ဘာတွေအောင်မြင်သလဲဆိုတော့ လောကကြီးကို ရှုဒေါင့်သစ်တစ်နေရာကနေပြီး မြင်တတ်လာပါတယ်။ လောကကြီးထဲမှာ နေတတ် ထိုင်တတ်လာပါတယ်။ မိမိဘဝမှာ နေရထိုင်ရတာ ကျေနပ်မှုရလာပါတယ်။ မိမိမှာ မကျေနပ်တာဘာမှမရှိဘူး။ အားလုံးကို ကျေနပ်တယ်၊ မကောင်းပေဘူးလား၊ ဒီလို မိမိကိုယ်မိမိ ကျေနပ်မှုရရင်တော်လောက်ပြီပေါ့၊ ဟုတ်တယ် မဟုတ်လား။

မိမိမှာ သူများတွေလို သုံးမကုန်အောင် ငွေတွေလဲမရှိပါဘူး။ လိုတဲ့အချိန်တန်ရင် ရလာတော့ ပြေလည်



www.burmeseclassic.com

www.burmeseclassic.com



ချိုမြိန်စေပါတယ်။ စည်းကမ်းကျဖို့ ဆုံးမတာ မဟုတ်ပါလား။ L.P H.P ကလေးများ ကျောင်းပျက်ရင် အကြောင်းပြချက်ခိုင်လုံမှ ခွင့်ပြုပါတယ်၊ ခွင့်မဲ့ပျက်ကွက်တိုင်း၊ ထိုင်ထဒဏ်ပေးပါတယ်။ သုံးကြိမ်ပျက်ကွက်ရင် သင်တန်းက အပြီးအပိုင်ထွက်ရပါတယ်၊ ကလေးများရဲ့ ကျန်းမာရေးကိုလဲ ဂရုစိုက်ပေးပါတယ်။ မိုးတွင်းအခါ ကျောင်းသားတိုင်း ဝတ်စုံအပိုတစ်စုံ ထည့်လာခိုင်းပါတယ်။ စစ်ဆေးလို့မပါတာတွေ့ရင် ထိုင်ထလုပ်ရပါတယ်။ နွေရာသီမှာ ဦးထုပ်၊ ထီးယူရန် အမြဲမှာကြားပါတယ်။ ဤမျှ ဆရာကြီး၏စေတနာ ကြီးမားပါတယ်၊ စည်းကမ်းရှိမှ ကျန်းမာမှ လူရဲ့တန်ဖိုးကို မြင့်မှာမို့ ဆရာကြီးက တန်ဖိုးကိုမြှင့်ပေးနေခြင်း ဖြစ်ပါတယ်။

<u>ဆရာကြီး ဦးမြင့်ဦးသစ်၏ ထူးခြားသည့် အတွေးအခေါ်သစ်</u>

ဆရာကြီးဟာ ဒီသင်တန်းရောက်လာသူတွေကို သူ့ဘဝအတွေ့အကြုံအရ ရရှိခဲ့တဲ့ပညာရေး ဆိုင်ရာ ခံယူချက်နည်းပညာတွေကို လက်တွေ့အသုံးချပြီး လျင်မြန်စွာ တတ်မြောက်အောင် ဦးဆောင်လေ့ကျင့်





ပေးနေပါတယ်။ ဆရာကြီးရဲ့ ထူးခြားချက်ကို ပြောရမယ်ဆိုရင် ပညာရေးမှာ မိမိသားသမီးများကို မည်သည့်ကျောင်းမှုမထားဘဲ အတန်းပညာထက် လူ့လောကအတွင်းမှာ တကယ်အသုံးချနိုင်တဲ့ နည်းပညာတွေကို သူကိုယ်တိုင် သင်ကြားပေးပါတယ်။ သူပေးတဲ့ပညာနဲ့ သူ့သားသမီးတွေဟာ မည်သည့်တက္ကသိုလ်မှ ဘွဲ့လက်မှတ်မရရှိဘဲ၊ လူတစ်လုံး သူတစ်လုံး အဆင့်အတန်းရှိရှိ လူကြား သူကြားမှာ ထယ်ထယ်ဝါဝါနေနိုင် လုပ်နိုင်တာကို တွေ့ရပါတယ်။

ဒါကြောင့် ဆရာကြီး အမြဲပြောလေ့ရှိပါတယ်။ ဒီ Lingue Workshop သင်တန်းမှာလာပြီး (English Speaking) အင်္ဂလိပ်စကားပြော တစ်ခုတည်းယူသွားရင် နည်းပါတယ်။ ပညာစုံပေးနေတာပါ။ ကိုယ်ရည်ကိုယ်သွေးတိုးတက်အောင် အများရှေ့မှာ ပြောရဲဆိုရဲနဲ့ မှန်တာမှန်ရင် ဘယ်ရှေ့မှာမဆို လုပ်ရဲအောင် ပြောရဲအောင်လည်း သင်ပေးပါတယ်၊ နိုင်ငံသားကောင်းတစ်ယောက် လိုက်နာရမယ့် ပြည်သူ့နီတိကိုပါ သင်ကြားပေးနေတဲ့ သင်တန်းကြီးလည်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## Lingua Workshop ၏ နှစ်ပတ်လည်အခမ်းအနားမှ Edutainment

## ပညာရေးပျော်ဖြေမှု

နှစ်ပတ်လည်အခမ်းအနားတွေနဲ့ ဆရာများနေ့ အခမ်းအနားတွေကိုလည်း သင်တန်းသူ၊ သင်တန်းသားများရဲ့ အနုပညာ၊ ဟာသ၊ မြန်မာ့ယဉ်ကျေးမှုကပွဲများ၊ အချို့အင်္ဂလိပ်စကားပြော ဟာသပြဇာတ်တိုလေးများဖြင့် တည်ခင်းကျင်းပတာ တွေ့ရပါတယ်။ လူငယ်တွေရဲ့ အနုပညာစွမ်းရည်နဲ့ အင်္ဂလိပ်စကားပြောစွမ်းရည်ကို ဒီနည်းနဲ့လည်း မြှင့်တင်ပေးပါတယ်။ ဒါကို ဆရာကြီးက Edutainment ပညာရေးဆိုင်ရာ ပျော်ဖြေမှုလို့ ခေါ်ပါတယ်။

ဒါကြောင့် ဆရာကြီးရဲ့အသိပညာ ဗဟုသုတတွေနဲ့ Program တွေ အမျိုးမျိုးချပေးပြီး မျှဝေလေ့ကျင့်စေပါတယ်။ ဆရာကြီးက သူ့သားသမီးတွေကို ထွန်းပေါက်သလို ရင်ဝယ်သားသမီးများလို သဘောထားပြီး ထွန်း





ပေါက်အောင် ဤ Lingua Workeshop သင်တန်းကြီးကို ဖွင့်လှစ်ပြီး ပညာဒါနပြုနေခြင်း ဖြစ်ပါတယ်။

*

## လောကုတ္တရာသမားဘဝမှ လောကကြီးကို ပြန်ကြည့်ရပုံအစ

ဦးပဥ္စင်း ဒီမြင်ကွင်းကို တွေ့လိုက်တဲ့အခါ အလွန်ပီတိဖြစ်မိပါတယ်။ သို့သော် မိမိဟာ လောကုတ္တရာပညာကို အနှစ် ၃၀ လောက် လိုက်စားပြီးကာမှ လောကီပညာဘက်ကိုလိုက်ဖို့ အမှတ်မထင်ဖြစ်ရပ်ကတော့ ဒီလိုပါ။ ဦးပဥ္စင်းရဲ့သူငယ်ချင်း ဆရာဝန်တစ်ဦးက တရားအားထုတ်ချင်တယ်၊ သူ့အမေရိကားမှာနေတာ ယခု မြန်မာပြည်ရောက်တုန်း အားထုတ်ဖို့ နေရာရှာနေတာဆိုပြီး ဦးပဥ္စင်းဆီကို ရောက်လာတယ်။

ဒီတော့ ဦးပဥ္စင်းကလည်း တတ်သည့်ပညာမနေသာဆိုသည့် စကားအရ သူ့ကို တရားထိုင်ပုံထိုင်နည်းနဲ့ အားထုတ်ပုံ အားထုတ်နည်းကို သင်ပေးပါတယ်။ သူကလည်း နဂိုကတည်းက သမာဓိအားကောင်းနေသူဖြစ်



www.burmeseclassic.com

တယ်လေ။ သူနဲ့အတူတွဲပြီး တရားအားထုတ်လိုက်တာနဲ့ တစ်ပြိုင်တည်း သူ့ဟာဒယရှိတဲ့နေရာကို ချက်ချင်းဆိုသလို ရောက်သွားတယ်၊ ဒီတော့ ဦးပဥ္စင်းဆီမှာ လက္ခဏာပြတာပေါ့။

ဒီတော့ ဦးပဥ္စင်းမှာပြနေတဲ့ လက္ခဏာတွေအတိုင်း သူ့ကိုပြောပြတယ်။ နောက်ဆုံး တရားလည်းဆုံးလို့ တရားဖြုတ်လိုက်တဲ့အချိန်မှာ ဦးပဥ္စင်းကို သူကမေးတယ်။ ဦးပဥ္စင်း တပည့်တော်ရဲ့ရင်ထဲမှာ ဖြစ်နေတာတွေကို ဘယ်လိုလုပ်သိလဲပေါ့။ ဦးပဥ္စင်းကလည်း ဒါလုပ်နေကျအလုပ်မို့ ဦးပဥ္စင်းမှာ မဆန်းပါဘူး။ ဒါပေမယ့် သူကတော့ တအံ့တဩဖြစ်နေတာပေါ့။ ဒီဖြစ်ရပ်ဟာ သဘာဝဖြစ်ရပ်ပါ။ ပုဂ္ဂိုလ်တစ်ဦး အားထုတ်လို့ ဟာဒယနေရာကို ကိန်းပြီဆိုရင် ဒီနည်းနဲ့ အားထုတ်ထားတဲ့ စိနိယာသမားက သိပါတယ်။ ဒီတော့ ဂျူနီယာသမားလေးကို ဉာဏ်ပေါ်အောင် လမ်းကြောင်းလေးပေါ်တင်ပေးလိုက်တာပါ။ သူ့မှာ ဉာဏ်ပေါ်မှန်းသိလို့ ဒီဉာဏ်ကို အသိကပ်တတ်သွားရင် သူတို့နှစ်ဦးစလုံးရဲ့ ဖြစ်ရပ်တွေဟာ တစ်ထပ်တည်း ဖြစ်သွားတာပါ။ ဒီတော့ စော





စောက ဦးပဥ္စင်းသူငယ်ချင်းကို ဦးပဥ္စင်းက ဉာဏ်ပေါ်အောင် လမ်းကြောင်းလေးပေါ်တင်ပေးပြီး ဦးပဥ္စင်းမှာဖြစ်တဲ့ ဖြစ်စဉ်ကို သူ့ကိုပြောပြတာပါ။ ဒီဟာကိုသူက သူ့ရင်ထဲက ဖြစ်စဉ်တွေကို ဦးပဥ္စင်းက သိနေတယ်လို့ ထင်သွားတာပါ၊ ဒီနေရာမှာလဲ စိနီယာနဲ့ ဂျူနီယာဆိုတာ ရှိပါတယ်။ ယခု Lingua Workshop မှာ စီနီယာက ဂျူနီယာကိုတွဲပြီး ခေါ်သလိုပေါ့။

ဦးပဥ္စင်း သင်တန်းကိုစရောက်ပြီး ခံစားရတာကို ပြန်ကောက်ရရင် အဲဒီအချိန်မှာ ဦးပဥ္စင်းအသက်က ၆၅ နှစ်ရှိနေပါပြီ။ အတွေ့အကြုံ ဗဟုသုတအားဖြင့် တရားဓမ္မကို အနှစ် ၃၀ လောက် ဟို. . . တောတွေ တောင်တွေထဲမှာ ကျင့်ကြံအားထုတ်ခဲ့ပြီးပြီ၊ စောစောကပြောခဲ့တဲ့ ဦးပဥ္စင်းရဲ့ သူငယ်ချင်းဆရာဝန် ဖိတ်ကြားချက်ကို ပြောပါရစေ။

"အရှင်ဘုရား တပည့်တော်အရှင်ဘုရားကို အမေရိကားပင့်မယ် လိုက်နိုင်မလား"တဲ့။ ဒီတော့ ဦးပဥ္စင်းကလည်း "လိုက်နိုင်ပါတယ်" လို့ ပြန်ကြားလိုက်တာပေါ့၊ ဒီတော့ သူက "တပည့်တော် ယခု အမေရိကားရောက်

www.burmeseclassic.com



တာ၊ နှစ်နှစ်ပဲရှိသေးတယ်၊ ငါးနှစ်ကျော်မှပင့်လို့ရတာ၊ ဒီတော့ အရှင်ဘုရား အင်္ဂလိပ်စကားပြောလေးတော့ လေ့ကျင့်ထားပါ ဘုရား၊ တပည့်တော် ငါးနှစ်ပြည့်ရင် အရှင်ဘုရားကို အမေရိကားပင့်ပါမယ်ဘုရား၊ တပည့်တော် တက္ကသိုလ်က ဆရာတွေကို တရားပြပေးပါလား” လို့ တောင်းဆိုလာပါတယ်။

ဒါပေမဲ့ အဲဒါ ဝေးသောအကြောင်းမို့ ဦးပဥ္စင်းက “ဒါထားပါကွာ၊ မင်း အဲဒီအမေရိကားကို ပင့်ရင် ငွေ ဘယ်လောက်ကုန်မလဲ” လို့ မေးတော့ သူက “သိန်း ၁၀၀ လောက်တော့ ကုန်မှာပေါ့ဘုရား” တဲ့။ “ငါအခု ဗုဒ္ဓဂယာကို သွားချင်နေတယ်၊ အဲဒီကို ပို့ပေးပါလား၊ ငါး သိန်းလောက်ပဲ ကုန်ပါတယ်” လို့ ပြောလိုက်တော့ “ဟာ အရှင်ဘုရားကလဲ ဒီလောက်တော့ ရပါတယ်၊ တပည့်တော် မိခင်ကြီးကိုမှာခဲ့မယ်၊ အရှင်ဘုရား သွားချင်တဲ့ အချိန် မိခင်ကြီးဆီမှာ အလှူခံပြီး သွားပေါ့” လို့ မှာခဲ့ တာပေါ့။ ဒါနဲ့ ဦးပဥ္စင်းလည်း အခါအခွင့်သင့်လို့ ဗုဒ္ဓ ဂယာကို ၂၀၀၅ ခု ဒီဇင်ဘာလ လကုန်ပိုင်းလောက်မှာ ဘုရားဖူးရောက်ခဲ့ရပါတယ်။





## ဗုဒ္ဓဂယာရောက် မိမိအသိထူး

ဗုဒ္ဓဂယာကိုရောက်ရတော့ ဦးပဥ္စင်းအဖို့ သဝေျာ်ပြီလို့တောင် ထင်မိတယ်။ ဒါပေမဲ့ ထူးခြားတဲ့ဖြစ်ရပ် နဲ့လည်းကြုံရတာပေါ့။ ဒီဖြစ်ရပ်ကတော့ ဦးပဥ္စင်းရဲ့ ဘဝဟာ လောကုတ္တရာလိုက်ပြီးကာမှ ခုလိုလောကီ ပညာတွေသင်၊ စာအုပ်တွေရေးရတဲ့ အကြောင်းအရင်း ပါတော့ . . .

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် စံဝင်တော်မူတဲ့ ကုသိနာရုံအရောက်မှာ ထူးထူးခြားခြား အေးငြိမ်းမှုကို စပြီးခံစားရတာပါပဲ၊ မျက်စိဖွင့်လျက်နဲ့ကို အေးငြိမ်းတဲ့ဓာတ်ကြီးဟာ မိမိကို လွှမ်းမိုးလာသလို ခံစားရတယ်၊ ဒီတော့ ဦးပဥ္စင်းက မျက်စိလေးမှိတ်ပြီး အဲဒီအေးငြိမ်းမှုထဲကို ဝင်စားလိုက်တော့၊ တစ်ကိုယ်လုံး ပျောက်သွားပြီး အေးငြိမ်းမှုတစ်ခုတည်းကိုပဲ သိနေတာ ပေါ့၊ ဒါဟာ ထူးခြားတာပဲ၊ ဒီနေရာဟာ မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ရုပ်ဓာတ်နဲ့ နာမ်ဓာတ် တို့ ပြီးဆုံးအောင်ရှုပြီး သဗ္ဗညုတရွှေဉာဏ်တော်ကြီးနဲ့ အနုပါဒိသေသနိဗ္ဗာန်ကို စံမြန်းတဲ့နေရာပဲမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ ယနေ့တိုင် အေးငြိမ်းမှုက မပျောက်ကွယ်သေးပါကလား။ ထူးမြတ်တဲ့နေရာကြီးပဲလို့ ဦးပဥ္စင်းရဲ့ဉာဏ်ထဲမှာ ပေါ်နေတာပေါ့။

<u>သုတ္တိနည်းကျဆန်းစစ်ခြင်း</u>

ဖြစ်နိုင်ပါတယ်။ ဒီလို စဉ်းစားကြည့်ရအောင်၊ အဏုမြူဗုံး ပေါက်ကွဲတယ်ဆိုရင် အဲဒီပေါက်ကွဲတဲ့နေရာမှ အနှစ် ၅၀ လောက် ရုပ်ဓာတ်တွေရဲ့ ပျက်ယွင်းမှုကြောင့် ဓာတ်ရောင်ခြည်သင့်ပြီး ရောဂါတွေဖြစ်နေတာပဲ မဟုတ်လား။ ဒါဟာ သိပ္ပံပညာက ရုပ်ကလေးကိုသုံးစိတ်ကွဲသွားအောင်ခွဲလိုက်လို့ ထွက်လာတဲ့ စွမ်းရည်လေ။ ဒါတောင် အနှစ် ၅၀ လောက် ပြန့်နှံ့နေရင် မြတ်စွာဘုရားက ရုပ်၊ နာမ်ကိုစွန့်ပြီး ချေကန်ပြီး နိဗ္ဗာန်ဘက်ကိုမျက်မှောက်ပြုသွားတဲ့နေရာ၊ မြတ်စွာဘုရားရဲ့ဉာဏ်တော်ကြီးမှာတော့ ရုပ်၊ နာမ်တွေ ပြန်မပေါ်အောင် ရှုသတ်လိုက်တဲ့ စွမ်းရည်ကြီးဟာ ဘယ်လောက်အစွမ်းသတ္တိရှိမလဲ စဉ်းစားကြည့်ပါ။ ဒီဉာဏ်တော်ကြီးရဲ့စွမ်းရည်ဟာ ယနေ့တိုင်ရှိနေတယ်။ မိမိက ဉာဏ်ပညာတည်ဆောက်ထားရင် ဒီဉာဏ်တော်ကြီး ချုပ်သွားတဲ့





စွမ်းရည်ကို မိမိလည်း ခံစားနိုင်တာပေါ့။ ဦးပဥ္စင်းကတော့ ဒီလို သဘောပေါက်သွားတယ်။ ဒါကြောင့်သာ မိမိမှာ ထူးထူးခြားခြား အေးငြိမ်းသွားတာပေါ့။

*

## အမှန်တကယ် တရားရလို့သူများသို့ စာအုပ်ရေးရခြင်းရဲ့ အကြောင်းရင်း

ဒါကြောင့် ယခင်ကတော့ မိမိအဖို့ လောကီကိုလည်း စိတ်မဝင်စားတော့ပါဘူး။ ဒီအသက်အရွယ်ကြီးမှ ဘာမှမလုပ်ချင်တော့ပါဘူး။ ဒါပေမဲ့ ဦးပဥ္စင်းကို ဒီဖြစ်ရပ်ကြီးက တွန်းအားပေးသလို ခံစားလိုက်ရပါတယ်။

မိမိမှ နှစ်ပေါင်း ၃၀ လောက် ဆရာကောင်းနဲ့တွေ့ပြီး သားတွေ၊ ဇနီးတွေ၊ ရာထူးတွေ၊ အိုးအိမ်တွေစွန့်ပြီးကြိုးစားခဲ့လို့ မြတ်စွာဘုရားနဲ့ နီးနီးစပ်စပ် သိခွင့်ရလိုက်တဲ့ အေးငြိမ်းမှုကို မိမိကဖြန့်ဝေမပေးဘဲ ရင်ဝယ်ပိုက်ပြီး သေသွားရင် မိမိမှာ တာဝန်မကြေဘူးလို့ ခံစားမိပြန်တယ်။ ဒါကြောင့် မိမိတို့မှာ ဤမျှ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့ နီးစပ်နေပါလျက် ဗုဒ္ဓဖော်ညွှန်း



www.burmeseclassic.com

www.burmeseclassic.com



သွားတာပဲ။ ပစ္စည်းဥစ္စာ များများစားစား မရှိပါဘူး။ လိုအပ်တာတွေတော့ ရှိနေပါတယ်။ နေထိုင်စရာ ကိုယ်ပိုင်ကျောင်းတော့မရှိဘူး။ ဒါပေမဲ့ ရင်ထဲမှာ တရားသိလိုသူတွေ ရှိတဲ့နေရာမှာ မိမိရှိနေရင် ပြီးတာဘဲမဟုတ်လား။ နေတတ်ထိုင်တတ်တယ် နေရထိုင်ရတာကျေနပ်မှုရှိတယ်။ ဒါဟာ ဗုဒ္ဓရဲ့သဘောတရားကို လက်တွေ့ကျင့်လိုက်တဲ့အခါမှာ ရလာတဲ့အကျိုးကျေးဇူးတွေပဲပေါ့။

ဒါပေမဲ့ မိမိယခု အသက်ခြောက်ဆယ်ကျော်နေပါပြီ။ မိမိကိုယ်မိမိ အရည်အသွေးတိုးတက်အောင် အမြဲကြိုးစားနေပါတယ်။ ဒါဟာလဲ ဗုဒ္ဓအဆုံးအမတွေကို နားလည်နေလို့ပါ။ မိမိက သေမှမသေနိုင်သေးတာကို။ ဒီလို ဘဝကိုဖြတ်သန်းရင်းနဲ့ မိမိရဲ့ အတွေ့အကြုံဗဟုသုတတွေကို အများသူငါသိရှိအောင် မျှဝေမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှင်သန်နေပါတယ်။ ယခုလဲ အင်္ဂလိပ်လို စကားပြောတတ်အောင် lingua workshop သင်တန်းမှာ သင်တန်းသားအနေနဲ့ တက်ရောက်သင်ကြားနေပါတယ်။ နောက်ပြီး အင်္ဂလိပ်လို ရေး





တတ်အောင် ကြိုးစားဦးမှာ။ ဒီသင်တန်းရဲ့တန်ဘိုးကို လူငယ်အပေါင်းသိရှိအောင် ဤစာအုပ်ထဲမှာ အနည်းငယ် လှစ်ဟထားပါတယ်။ ဒီစာအုပ်ကို ဖတ်တဲ့အခါတွေ့မှာပါ။ တစ်ဆက်တည်း ဒီစာအုပ်ထဲမှာပဲ မိမိရဲ့ဘဝကို ပြောင်းလဲပေးနိုင်တဲ့ သဘောတရားတွေပါဝင်ပြီး လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကျော်က မိမိဖတ်ခဲ့ရတဲ့ ရသအတိုင်းပေါ်အောင် မိမိက ပြန်လည်ပြောပြသူအနေနဲ့ တင်ပြထားပါတယ်။ မူလစာရေးသူ ဆရာတော်ကြီးရဲ့ အာဘော်လဲမပျက်အောင် ကြိုးစားထားပါတယ်။ ဒါကြောင့် ဒီစာအုပ်ကို **"လူငယ်များအတွက်ဒေသနာ လူငယ်များအတွက်ဓမ္မ"** လို့ အမည်ပေးပြီး လူငယ်များလက်ကို အပ်နှင်းလိုက်ပါတယ်။

**လူငယ်များ၏** အနာဂတ်ကို မြင့်မြတ်တဲ့ဘဝနဲ့ ကျေနပ်စွာ ရှင်သန်ဖြတ်သန်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ လူငယ် အပေါင်းတို့။

စေတနာမေတ္တာဖြင့် . .

**ကောင်းဏ္ဏည (ရင်တွင်းသာသနာပြု)**



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ သစ္စာလမ်းကြောင်းကို လူအများနားလည်သဘော ပေါက်အောင် ပြန်လည်တင်ပြမည်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖြတ်သန်းခဲ့တဲ့ဘဝ အတွေ့အကြုံများကို သစ္စာဖွဲ့ပြီး စာတစ်စောင် ပေတစ်ဖွဲ့အနေဖြင့် "အမှန်တကယ်တရား ရလိုသူများသို့" ဆိုတဲ့ ခေါင်းစဉ်နဲ့ လက်တွေ့ကျင့်စဉ် စာအုပ်ကလေးတစ်အုပ်ကို ရေးဖြစ်ခဲ့ပါတယ်၊ ဒီစာအုပ် အကြောင်းကို အနည်းငယ် တင်ပြပါ့မယ်။

❋

## အမှန်တကယ်တရားရလိုသူများသို့ စာအုပ်၏ ခေါင်းစဉ်အကျဉ်း

ဒီစာအုပ်လေးထဲမှာ ဆောင်းပါးပေါင်း ၁၅ ပုဒ် ပါဝင်ပါတယ်။ ဒီဆောင်းပါးတွေထဲမှာ၊ လောင်မီး ငြိမ်းပေးနိုင်သော ဆရာရှာပါဆိုတဲ့ ခေါင်းစဉ်မှာတော့ မည်သည့်နေရာတွင် ဒုက္ခအပူမီး လောင်နေသည်ကို မသိကြ၍သာ ပူလောင်မှုတာရှည်နေကြသည်။ အပူမီး လောင်သည့်နေရာကို ဆရာကပြသပေးလျှင် ချက်ချင်း ငြိမ်း၍ငြိမ်းနိုင်ကြောင်းကို ရေးသားထားပါတယ်။ ဒီနေရာ





မှာ သစ္စာလေးပါး၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကိုလည်း လူအများနားလည်နိုင်အောင် ပါဠိ၊ မြန်မာ အရပ်သုံး စကားဖြင့် ရေးသားပြထားပါတယ်။

ဒုက္ခသစ္စာ ဥတစ်လုံးတစ်ကောင်ကြွက် ဆောင်းပါး ကတော့ မိမိဖြတ်သန်းခဲ့သောဘဝ အတွေ့အကြုံ တစ်စိတ် တစ်ပိုင်းကို ဖွင့်လှစ်ပြခြင်းဖြစ်ပါတယ်။

ရှင်တွင်းသာသနာကို သိစေလိုသော စေတနာ ဆောင်းပါးမှာတော့ သာသနာ၏ ရေသောက်မြစ်ကို ထောက်ပြထားပြီး ထိုရေသောက်မြစ်ကိုပိုင်မှ မြတ်စွာ ဘုရား လိုလားတော်မူသောသာသနာ(ဝါ) မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီး၏ ရင်တွင်းမှလာသော အဆုံး အမကို နားလည်နိုင်မည်ဖြစ်ကြောင်း တင်ပြထားပါ တယ်။ ဝဋ်ကြွေးသံသရာကျေဖို့ရာ ဆရာရှာလေဘိတွင် မြတ်စွာဘုရားပွင့်လာ၍သာ ကြွေးချေနည်းကိုသိရ၍ ကြွေးကို မည်သို့ချေရမည်ကို တင်ပြထားပါသည်။

ရှုထောင့်သစ်ကတော့ မြတ်စွာဘုရားအလောင်း တော်သည် လူသာမန်များအတွေးကို မတွေး၊ ထူးခြား ပြောင်မြောက်စွာ မသေရာကိုရှာသည့် အတွေးသည်



www.burmeseclassic.com

www.burmeseclassic.com



ရှုထောင့်သစ်ဖြစ်သည်။ တစ်ဖန် ဗုဒ္ဓမြတ်စွာဘုရား၊ ဘုရားဖြစ်ပုံကို စာပေအထောက်အထားအရ ကျမ်းညှိ၍ အဘိဓမ္မာသဘောပါပါ တင်ပြထားပါသည်။ ခန္ဓာအဖုံး ဖွင့်နိုင်သော ဆရာရှာပါ ဆောင်းပါးသည် တရားကျင့် သူတိုင်း သတိထားရမည့် အချက်ဖြစ်ပါသည်။

နိဗ္ဗာန်သည် ခန္ဓာ၏လွန်ရာမှာရှိ၍ ခန္ဓာထဲမှာ ရှာနေပါက အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ့သော်လည်း နိဗ္ဗာန်ကို မတွေ့ရပေ။ နိဗ္ဗာန်သည် နိစ္စ၊ သုခ၊ သဘာဝ အနတ္တဖြစ်၍ ရုပ် နာမ်ကိုခွာ၍ ဉာဏ်ဖြင့်ထိုးထွင်းပြီး ဝင်စားရသော အရာဖြစ်ကြောင်း တင်ပြထားပါသည်။

ဆောင်းပါး ၁၀၊ ၁၁၊ ၁၂ များကမူ မိမိအတွေ့ အကြုံအရ အမှန်တရားတွေ့နိုင်သောနည်းကို ဖော်ညွှန်း ထားပါသည်။ လက်တွေ့ လေ့ကျင့်တော်မူကြည့်ကြပါ။ အကယ်၍ အခက်အခဲတွေ့ပါက မိမိထံ အကြောင်း ကြားပါရန် ဖုန်းနံပါတ်ကိုပါ ဖော်ပြခဲ့ပါသည်။ ယခု မိမိဖုန်းမှာ ၀၉-၇၃၁၇၂၅၄၁ ဖြစ်ပါ သည်။

အထက်ပါ မိမိလက်တွေ့ကျင့်ရာတွင် ဖြတ်သန်း ခဲ့သောခရီးနှင့် ဆရာ၏ အဆုံးအမများကို သစ္စာလေးပါး





ဖြင့် စိစစ်တင်ပြထားပါသည်။ ဝဋ်ကြွေးကျေမှ နိဗ္ဗာန် စံရမှာဖြစ်၍ ဝဋ်ကြွေးကျေအောင် မည်သို့ချေရမည်ကို တင်ပြထားပါတယ်။ တကယ် လက်တွေ့ဖြတ်သန်းရာ တွင် ခက်ခဲမှုရှိကြောင်း သရုပ်ပြချက်တစ်ရပ်ဖြစ်ပါသည်။


အထက်ပါ စာသားများကို မိမိမှာ စာရေးဆရာ တစ်ယောက် မဟုတ်သော်လည်း ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကို အခြေခံ၍ ရေးသားခဲ့ခြင်းသာ ဖြစ်ပါကြောင်း ဝန်ခံလိုပါသည်။ ယင်းစာအုပ်ကို ယခု သင်တန်းသူ သင်တန်းသားများ ဖတ်ရှုနိုင်အောင် ဤ သင်တန်းတွင် ဖတ်လိုလျှင်ဖတ်နိုင်အောင် ငါးအုပ်ကို ငှားရမ်းဖတ်ရှုရန် ထားပေးပါတယ်။ ဝယ်လိုသူများက လည်း မိမိမှာ Lingua Workshop ရုံပုံငွေ အလှူ သဘောမျိုးဖြင့် စာအုပ် ၈၀ လှူဒါန်းထားပါတယ်။ သင်တန်းသူ သင်တန်းသားများက ကျောင်း၏ရုံပုံငွေ အလှူငွေ ကျပ် ၁၀၀၀ ထည့်သူတိုင်းကို ဤစာအုပ် တစ်အုပ်ပြန်၍ လက်ဆောင်ချီးမြှင့်မည် ဖြစ်ပါတယ်။

*



www.burmeseclassic.com

www.burmeseclassic.com






## လူငယ်နှင့်ဓမ္မ လူငယ်နှင့်ဒေသနာ

ယခု ဆရာကြီးပေးထားတဲ့ ဟောပြောရမယ့် ခေါင်းစဉ်ကို ပြန်ကောက်ရရင် လူငယ်နဲ့ဓမ္မ၊ လူငယ်နဲ့ ဒေသနာ ဒီခေါင်းစဉ်အရ လူငယ်ဆိုတာ အနာဂတ်ရဲ့ ဖန်တီးရှင်တွေပါ လူငယ်တွေရဲ့လက်ထဲမှာ အနာဂတ်ကြီး ရှိနေပါတယ်။ ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသည့်စကားအတိုင်း လူငယ်တွေမှာ အားမာန်အပြည့် ရှိကြပါတယ်။ လူငယ်ဘဝဟာ ကံကောင်း၊ ဉာဏ်ကောင်းမှုတွေအပြည့်ပါ။ လူကြီးဖြစ်လာတော့ ကံလည်း မွဲသွားပြီ၊ ဉာဏ်လည်း မွဲသွားပြီ၊ ကံကောင်း ဉာဏ်ကောင်းချိန်မှာ ခုလို Lingua Workshop မှာ သင်တန်းတက်ရောက်ကြလို့ ကြုံဆုံရတဲ့ သင်တန်းသူ သင်တန်းသားများနဲ့ မိမိဟာ ရှေးရေစက်နဲ့ ကြုံဆုံရတယ်ဆိုရင် မမှားပါဘူး။

လူငယ်ဘဝမှာ အတွေးအခေါ်မှန်ကန်ဖို့ အလွန်အရေးကြီးပါတယ်။ လူငယ်ဘဝမှာ အတွေးအခေါ်



www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်ကန်ကန် တွေးခေါ်နိုင်ပါမှ နောင်ဝယ်လူကြီး ဖြစ်လာတဲ့အခါမှာ အတွေးအခေါ်များ မှန်ကန်မှာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်များသည် ဒဿနအားဖြင့် မိမိလျှောက်လှမ်းရမယ့်ဘဝကို ဆရာကြီးရဲ့အဆုံးအမ နည်းပညာတွေကိုပဲ့ ထိန်းအနေနဲ့လိုက်နာပြီး သင်ကြားနေတာတွေ့ရပါတယ်။

ဒီသင်တန်းကို တက်ရောက်ရတာ မလွယ်ပါဘူး။ သင်တန်းချိန် ၇ နာရီမိဖို့အတွက် ၅ နာရီက အိပ်ရာထရပါတယ်။ အပင်ပန်းခံပြီး ဆရာကြီးဆီမှာ ပညာတွေကို လာယူနေတဲ့ လူငယ်တွေကို ဦးပဥ္စင်းကတော့ အားလုံးကို အထင်ကြီးပါတယ်။

ကိုယ့်ကိုယ်ကိုယ် တိုးတက်အောင် ကြိုးစားမယ်၊ ဆရာကြီးထုတ်ပြန်ထားတဲ့ စည်းကမ်းတွေကို လိုက်နာနိုင်အောင် ကြိုးစားမယ်။ I.C.E စိတ်ဓာတ်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်မယ်။ ငါတို့ဘဝကို တိုးတက်အောင်လုပ်မယ်၊ မြင့်မားအောင် စွမ်းဆောင်မယ်ဆိုတဲ့ လူငယ်တွေရဲ့ အားမာန်ဟာ ဦးပဥ္စင်းတို့ရဲ့ အနာဂတ်ကြီးအတွက် ကောင်းသောမျှော်မှန်းချက်များကို မျှော်မှန်း





နိုင်တဲ့ အားမာန်ရှိတဲ့ ပုဂ္ဂိုလ်လေးတွေရဲ့ အားပဲလို့ သတ်မှတ်ချင်ပါတယ်။ မိမိမှာ အနှစ် ၃၀ လောက် ဆည်းပူးခဲ့ရတဲ့ ဓမ္မအတွေ့အကြုံတွေ အပြည့်ရှိပါတယ်။ ဒီဓမ္မအတွေ့အကြုံတွေကို လူငယ်များအား မျှဝေလိုပါတယ်။ ဒီဆန္ဒကလည်း အလွန်ပြင်းထန်နေပါတယ်။

## သနေ့ ဗုဒ္ဓဘာသာဝင်များ၏ အခြေအနေ

ဦးပဥ္စင်းက ဘာလို့ဒီနည်းပညာကို ဖြန့်ဝေချင်တာလဲဆိုရင် ယခုအားလုံးသော ဗုဒ္ဓဘာသာဝင်သူတော်စဉ်တွေ သိတော်မူကြတဲ့အတိုင်း များသောအားဖြင့် ဗုဒ္ဓဘာသာများဟာ မိမိရဲ့ ဗုဒ္ဓဘာသာရဲ့ ရည်ရွယ်ချက်ဟာ ဘာလဲဆိုတာ မသိကြတော့ဘူး။ ဒီနေရာမှာ ပြောချင်တာက ဓမ္မဆိုတဲ့သဘောတရားကို ဗုဒ္ဓဘာသာလေး ကွက်ကွက်ကလေးနဲ့ မတင်ပြလိုပါဘူး။

## လူငယ်များအတွက် စိန်ထိပ်ဖူးဓမ္မ

လူငယ်နဲ့ဓမ္မဆိုတော့ ကျယ်ကျယ်ပြန့်ပြန့် နားလည်အားသင့်တာပေါ့ လူငယ်ဆိုတာကတော့ အနာဂတ်အတွက် အားမာန်အပြည့်ရှိနေတဲ့ ပုဂ္ဂိုလ်တွေ ဒီလူငယ်တွေဟာ ဆရာကြီးရဲ့ လေးညို့ (လေးကိုင်း)အတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတဲ့မျှားတန်းလေးများနဲ့ ဥပမာပြုလိုပါတယ်။ ဒီမျှားတန်းတွေဟာ အနာဂတ်ကို အရှိန်အဟုန်နဲ့ ပြေးမယ့် ပုဂ္ဂိုလ်တွေပါ ဒီပုဂ္ဂိုလ်တွေကို ဦးပဥ္စင်းက ဆရာကြီးရဲ့ ပွဲကိုင်ထိန်းကျောင်းမှုကို အမှီပြုပြီး ပစ်လွှတ်တော့မယ့် မျှားလေးများရဲ့ ထိပ်ဖူးမှာ စိန်သွားထိပ်ဖူးလေးများ တပ်ဆင်ပေးလိုပါတယ်။ စိန်သွားဆိုတာ ဘယ်လို အရာပဲတွေ့တွေ့ ဖောက်ခွင်းသွားနိုင်ပါတယ်။ ဒီလိုပဲ ဓမ္မအခြေခံရထားသော ပုဂ္ဂိုလ်များဟာ ဘယ်လိုအခက်အခဲနဲ့ ရင်ဆိုင်ရရင်ဆိုင်ရ အလွယ်တကူ ကျော်ဖြတ်သွားမှာဖြစ်ပါတယ်။

ဒါကြောင့် ဓမ္မအကြောင်းကို လူငယ်တိုင်း သိထားသင့်ပါတယ်။ နားလည်ထားသင့်ပါတယ်၊ သဘောပေါက်ထားသင့်ပါတယ်။ ဒါကြောင့် ဓမ္မဆိုတာဘာလဲ။

## ဓမ္မဆိုတာဘာလဲ၊ ဘယ်သူတွေ့သလဲ

ဓမ္မဆိုတာ ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်ရင် သဘာဝကြီးပဲလို့ အဓိပ္ပာယ်ရပါတယ်။ သဘာဝကြီးထဲမှာ ဖြစ်ပေါ်နေတဲ့ အကြောင်းအရာတွေကို ဓမ္မလို့ခေါ်ပါတယ်။





အဲဒီတော့ ယခု ဒီလောကသဘာဝကြီးထဲမှာ ဩကာသလောက ဆိုတဲ့ သဘာဝကြီးရယ်၊ သတ္တလောက ဆိုတဲ့ သဘာဝကြီးရယ်၊ အဲဒီသဘာဝနှစ်ခုရဲ့ ဖြစ်ပျက်ပြုပြင်ပြောင်းလဲနေတဲ့ သင်္ခါရလောကသဘာဝကြီး ရယ်လို့သုံးမျိုးပဲရှိကြောင်းကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်လောက်က သိရှိခဲ့တဲ့ ပုဂ္ဂိုလ်ထူးတစ်ဦး ပေါ်ထွန်းခဲ့ပါတယ်။ ထိုပုဂ္ဂိုလ်ထူးကြီးကို ဗုဒ္ဓလို့ခေါ်ပါတယ်။

ဘာလို့ ဗုဒ္ဓလို့ခေါ်ရသလဲဆိုရင်၊ သူဟာ သဘာဝလောကကြီးအကြောင်းတွေကို ဖွင့်ဆိုရာမှာ ဩကာသလောကကြီးဆိုတာ ရေ၊ မြေ၊ လေ၊ တောတောင်၊ သဘာဝတွေနဲ့ တည်ဆောက်ထားတယ်၊ တစ်ဖန် ဒီသဘာဝလောကကြီးထဲမှာပဲ သတ္တဝါတွေရှိပြန်တယ်။ အဲဒီသတ္တဝါတွေဟာ သဘာဝလောကကြီးထဲမှာရှိတဲ့ ရေမြေ တောတောင်တွေနဲ့ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပျက်ပြုပြင် ပြောင်းလဲနေကြတယ်ဆိုပြီး သင်္ခါရလောကသဘောကို ဖော်ထုတ်ခဲ့ပါတယ်။ ဒီလောကကြီးသုံးပါးကို အခြေခံကျကျ အမှန်ကမ္ဘာထိ ထိုးဖောက်



www.burmeseclassic.com

www.burmeseclassic.com




## လူငယ်များသို့

❖ တွေးတောပါ၊ လေ့လာပါ
ဆန်းစစ်ပါ၊ သုတေသနပြုပါ

❖ လက်တွေ့ကျင့်ကြည့်ပါ

❖ အောင်မြင်သောဘဝကို
ပိုင်ဆိုင်ရမည်။

ကောဏ္ဍည (ရင်တွင်းသာသနာပြု)

www.burmeseclassic.com

www.burmeseclassic.com



သိရှိပြီး၊ ယခု သိပ္ပံပညာရှင်များဟာ အဏုမြူသုံးစိပ်မှုကို ခွဲခြား၍ နျူထရွန်၊ ပရိုတွန်၊ အီလက်ထရွန်ဆိုပြီး သုံးမျိုးသာ သိပါသေးသည်။ ဗုဒ္ဓက အဏုမြူထက် ၃၆ ဆ သေးငယ်တဲ့ ပရမာအဏုမြူကို တွေ့ရှိပြီး နတ်၊ ဗြဟ္မာ၊ ငရဲသားတွေရဲ့ ဖွဲ့စည်းပုံကိုပါ တင်ပြနိုင်သူဖြစ်ပါတယ်။

အဲဒီလို လောကကြီးသုံးပါးရဲ့ အသေးစိတ်ကို သိရှိပြီး လောကမှလွတ်မြောက်ကြောင်း လျှို့ဝှက်ဖုံးကွယ်နေတဲ့ သစ္စာဥပဒေသကြီးလေးချက်ကိုလည်း ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ဗုဒ္ဓလို အမည်မှည့်ခေါ်ရခြင်း ဖြစ်ပါတယ်။

## ဗုဒ္ဓ၏မအိုရာ၊ မနာရာ၊ မသေရာရှာပုံ

ဗုဒ္ဓလောင်းလျာ၊ သိဒ္ဓတ္ထမင်းသားဘဝက လူတွေ အိုနာသေ အိုနာသေတာတွေကို တွေ့ပြီး အိုနာသေရှိရင်၊ မအိုရာ မနာရာ မသေရာ ရှိရမယ်လို့ မှန်းဆယုံကြည်ချက်နဲ့ ရှာဖွေခဲ့သူဖြစ်ပါတယ်၊ အထက်မြက်ဆုံးလို့ ယူဆရတဲ့ ဆရာနှစ်ဦးထံမှ တပည့်ခံပြီး၊ မအိုရာ မနာရာ မသေရာကို ရှာပါသော်လည်း၊ တန်ခိုးဈာန်၊ အဘိညာဉ်တွေသာရတယ်၊ မအိုရာ မနာရာ မသေရာ





ကိုတော့ မတွေ့ခဲ့ပါဘူး။ မိမိဘာသာ ရှာမယ်လို့စိတ်ကူးနဲ့ လူတွေကျင့်နိုင်‘ခဲ’တဲ့ အကျင့်တွေကိုကျင့်လိုက်တာ ခြောက်နှစ်တိတိ ကျင့်ပေမယ့် မအိုရာ မနာရာ မသေရာကိုမတွေ့ရဘဲ၊ လက္ခဏာကြီးငယ်သာ ပျောက်ကွယ်ခဲ့ရပြီး သေလုမြောပါး ခံစားခဲ့ရပါတယ်။

ဒါကြောင့် ပြန်လည်သုံးသပ်တော်မူပြီး မဇ္ဈိမပဋိပဒါ အကျင့်ဖြင့် ကျင့်လိုက်တော့မှ အမှန်အကန် လမ်းကြောင်းဖြစ်၍ မအိုရာ မနာရာ မသေရာ နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့ပါတယ်။ နိဗ္ဗာန်ကို မသိသေးသ၍ ဘုရားဖြစ်ပြီဟု ကြွေးကြော်တော်မမူပါဘူး။ သစ္စာလေးပါးဖြစ်တဲ့ ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာကို သဘောပေါက်ပြီး နိဗ္ဗာန်ကြီးကို မျက်မှောက်ပြုနိုင်တော့မှ ဘုရားဖြစ်ပြီလို့ ကြွေးကြော်တော်မူပါတယ်။ ဓမ္မစကြာတရားတော် မှာကြည့်လျှင်တွေ့နိုင်ပါတယ်။

## ဘုရား၊ တရား၊ သံဃာပေါ်ပေါက်လာပုံ

ဗုဒ္ဓဟာ သူ့ရဲ့သစ္စာလေးပါးဝါဒ သဘောထားကို ကြေညာသူအဖြစ် ဗုဒ္ဓဘုရား၊ ဒီသစ္စာလေးပါး တရားတော်ကို သိအောင်လိုက်နာကျင့်ကြံသူတွေဟာ သံဃာ



www.burmeseclassic.com

www.burmeseclassic.com



တော်အနေနဲ့ ပေါ်လာပါတယ်။ ဒီသစ္စာလေးပါးကတော့ တရားတော်အနေနဲ့ ဘုရား၊ တရား၊ သံဃာ ရယ်လို့ ပေါ်လာပါတယ်။ ဒါဟာ ဓမ္မဆိုတဲ့ဝေါဟာရကို ရှင်းလင်းခြင်းဖြစ် သဘာဝလောကကြီးကို နားလည်သူမှတစ်ဆင့် အနှစ်ချုပ်ဖြစ်တဲ့ သစ္စာလေးပါး ဓမ္မကိုနားလည်သူမှာ ဗုဒ္ဓဖြစ်ကြောင်း တွေ့ရပါတယ်။

## သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ

ဒီဓမ္မအကြောင်းကို ဗုဒ္ဓက သတ္တဝါအပေါင်းကို ကယ်ချွတ်တဲ့အနေနဲ့ လူပုဂ္ဂိုလ်လိုက်ပြီးပြော ဟောချက်တွေဟာ သုတ္တန်များဖြစ်ပြီး၊ တပည့်သာဝကများလိုက်နာရမယ့် စည်းကမ်းကိုတော့ ဝိနည်းများဖြစ်လာပါတယ်၊ အလွန်ခက်ခဲနက်နဲတဲ့ သဘာဝလောကကြီးအကြောင်းကို ဟောကြားရာမှာ အလွန်သိမ်မွေ့နူးညံ့တဲ့ တရားများကိုတော့ အဘိဓမ္မာဟူ၍ ပေါ်လာရပါတယ်။

ဒီတရားတွေကို မူလက ဒီသစ္စာလေးပါးကို ခရီးဆုံးတိုင်အောင် သိပြီးသူများက နှုတ်ငုံအာဂုဏ်ဆောင်ထားကြပါတယ်။ နောက်ပိုင်း ဘေးအန္တရာယ်များကြောင့် ပျောက်ကွယ်မည်စိုးရိမ်ရ၍ ပေရွက်မှ တစ်ဆင့်ကျောက်





ဆစ်ပညာဖြင့်၊ ကျောက်စာများပေါ်တွင် ထိန်းသိမ်းရာမှ သခုခေတ်မီတိုးတက်လာသောခေတ်မှာ စာအုပ်စာတမ်းမှတစ်ဆင့် ကွန်ပြူတာထဲတွင်လည်းကောင်း စီဒီပြားတွင်လည်းကောင်း မန်မိုရီစတစ်များတွင်လည်းကောင်း ကူးယူသိမ်းဆည်းနိုင်ကြပါတယ်။

## ဗုဒ္ဓဘာသာနှင့် မိမိဘဝ

ဒီပိဋကတ်သုံးပုံဟာ သတ္တဝါတွေ သစ္စာလေးပါး သိအောင် ဟောပြောရာမှ ပေါ်ပေါက်လာခြင်းပဲ ဖြစ်ပါတယ်။ ဒီတော့ မိမိအဖြစ်ကိုပဲ ဥပမာထားပြီးပြောပါ့မယ်။ မိမိမှာ မိရိုးဖလာက ဗုဒ္ဓဘာသာကိုးကွယ်ခဲ့လို့ ဗုဒ္ဓဘာသာဖြစ်နေရတာပါ။ ဗုဒ္ဓဘာသာနဲ့ပတ်သက်လို့ ဘာမှနားမလည်ပါဘူး။ သစ္စာလေးပါးလဲ နားမလည်ဘူး။ မဂ္ဂင်ရှစ်ပါးဆိုတာလည်း မသိဘူး။ ဝါဝါဦးပြည်းခေါင်းတုံးတွေ့ရင် ထိုင်ရှိခိုးပါတယ်၊ ဘုရားချွန်ချွန်တွေ့ရင် ထိုင်ကန်တော့ပါတယ်၊ ရှိသေပါတယ်။ ဘာကိုရှိသေတယ်ဆိုတာတော့ မသိခဲ့ပါဘူး။ ဒီလိုနဲ့ပဲ ဗုဒ္ဓဘာသာဆိုပြီး ရပ်တည်လာခဲ့ပါတယ်။

*



www.burmeseclassic.com

www.burmeseclassic.com



# တရားဦးဆိုတာ ဘာလဲလို့ မိမိကိုအသိပေးခဲ့သူ

အမှတ်မထင်တစ်ချိန်မှာ တရားဦးလို့အမည်ရှိတဲ့ စာအုပ်ပါးပါးလေး တစ်အုပ်ကို ဖတ်လိုက်မိပါတယ်၊ ဒီစာအုပ်ထဲမှာ ခုပြောခဲ့တဲ့ သစ္စာလေးပါးကို သွားတွေ့ပါတယ်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာကို စာသားအနေနဲ့တွေ့ရသော်လည်း နားမလည်သေးပါ။

ရေးသားတဲ့ပုဂ္ဂိုလ်က အရှင်သီလနန္ဒာဘိဝံသပါ။ ထိုပုဂ္ဂိုလ်က အမေရိကားနိုင်ငံမှာ နိုင်ငံခြားသားတွေ နားလည်အောင် အင်္ဂလိပ်ဘာသာနဲ့ ရေးသားထားတဲ့ စာအုပ်ကို မြန်မာဘာသာပြန်ထားတော့ နားလည်လွယ်တာပေါ့။

ဒီဆရာတော်ကြီးက ယခု အမေရိကားမှာ ပျံလွန်တော်မူသွားပါပြီ။ ယခင်က မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်မှာ ပါမောက္ခချုပ် လုပ်သွားတယ်လို့ ကြားမိပါတယ်။ ဆရာတော်ကြီးက စာအုပ်အစမှာ ရေးသားချက်ကတော့ . . .





## တရားဦးစာအုပ်နိဒါန်း

"လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်လောက်က အိန္ဒိယပြည်သူ့သမိုင်းတွင် မှတ်တမ်းတင်ရသည့် အရေးကြီးသော ဖြစ်ရပ်ကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။ အဲဒီဖြစ်ရပ်ကြီးကတော့ အခြားမဟုတ်၊ မိမိကိုယ်မိမိ 'ဗုဒ္ဓ'ဟု ဝန်ခံသော ပုဂ္ဂိုလ်ထူးတစ်ဦးက မိမိဘာသာ ဝါဒသစ်ကို ဟောပြောကြွေးကြော် ထုတ်ဖော်လိုက်ခြင်းပဲ ဖြစ်ပါတယ်" လို့ အစချီထားပါတယ်။

ဟောပြောတဲ့ ကြွေးကြော်တဲ့ နေရာကတော့ ဗာရာဏသီပြည်အနီး ရသေ့တို့မွေ့လျော်ရာဖြစ်တဲ့ ဣသိပတနမိဂဒါဝုန်အတွင်း ကောဏ္ဍည အစရှိသော ရသေ့ငါးဦးတို့၏ နေရာဖြစ်ပါတယ်။

ကာလအားဖြင့် နွေဥတု၏အဆုံး ဝါဆိုလပြည့်နေ့ မိုးဥတု၏ အကြိုကာလဖြစ်လို့ သစ်ပင်တို့ဟာ စိမ်းစိုလန်းဆန်းပြီး ထိုထိုဤဤ အလီလီသော ရနံ့မွှေးသည့် ပန်းတို့ကလည်း၊ တစ်တောလုံး မွှေးထုံစေလျက် တန်ဆာဆင်ထားသောအခါလည်း ဖြစ်ပါတယ်။ အချိန်အားဖြင့် နေ့လယ်၏ အပူရှိန်ကုန်၍ လေပြည်လေညင်းတို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အေးစပြုလာတဲ့ ညနေချမ်းအချိန်ပေါ့။ အရှေ့အရပ်က ထွက်ပြူလာတဲ့ လမင်းကိုလည်း တစ်ဝက်မျှသာ မြင်ရသေးတဲ့အချိန်၊ အနောက်ဘက်သို့ တစ်နေ့တာလုပ်ငန်း ပြီးစီးပြီဖြစ်လို့ မိမိ၏ ပူပြင်းတောက်ပလှသော အရောင်ကို တဖြည်းဖြည်းအရှိန်သတ်၍ ဝင်သွားသောနေမင်းကြီးကိုလည်း တစ်ဝက်မျှမြင်ရသေးသော အချိန်ကောင်း ဖြစ်ပါတယ်။

လောကကြီးတစ်ခုလုံးနဲ့ ပတ်သက်တဲ့အယူအဆနဲ့ သတ္တဝါတွေအားလုံး ပြင်းပြင်းပြပြဖြင့် တောင်းတနေကြတဲ့ ချမ်းသာစစ် ချမ်းသာမှန်ကိုရအောင် လုပ်ကိုင်ကျင့်ကြံနည်းကို ဤဒေသနာတော်မှာ ဟောကြားထားပါတယ်။

လောကမှာ အစိုးရသစ်သော်လည်းကောင်း အဖွဲ့အစည်းအသစ်သော်လည်းကောင်း ပေါ်ပေါက်လာရင် အဲဒီအစိုးရ သို့မဟုတ် အဲဒီအဖွဲ့အစည်းသစ်ရဲ့ ဝါဒသဘောတရားလမ်းစဉ်ကို အများပြည်သူများ အကဲခတ်နိုင်အောင်ကြေညာရသလို ကမ္ဘာလောကကြီးမှာ ဗုဒ္ဓဘာသာခေါ်တဲ့ ဘာသာစစ် ဘာသာမှန်ကြီးတစ်ခု




www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်လာပြီဟု ကြေညာဖို့ရန် ဤတရားဦးကို ထုတ်ဖော်ခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓဝါဒကို နားလည်လိုသူတိုင်းသည် ဤတရားဦးကို ပိုင်ပိုင်နိုင်နိုင် နားလည်အောင် လေ့လာရပါမည်ဟု စကားဦးချီပြီး သစ္စာလေးပါးအကြောင်းကို မိမိဖတ်လိုက်ရတဲ့အချိန်မှာ ကြက်သီးများက တဖြန်းဖြန်းထပြီး ပီတိများဖြာဝေခဲ့ပါတယ်။ စာအရေးအသားကကောင်းလေတော့ မိမိရဲ့ ရင်ထဲကို တန်းပြီးဝင်သွားပါတော့တယ်။

## ဒုက္ခသစ္စာနှင့် သမုဒယသစ္စာပြုပုံ

ဆရာတော်က ဘယ်လိုရေးထားသလဲဆိုတော့ ဒီနေရာမှာ အကျဉ်းပဲပြောတော့မယ်၊ လောကကြီး တစ်ခုလုံးကို ဗုဒ္ဓက (ဒုက္ခ)ဆင်းရဲတယ်လို့ မြင်ပါတယ်။ အဲဒီ (ဒုက္ခ)ဆင်းရဲခြင်းဟာ အလကားနေရင်း သူ့အလို လိုဖြစ်လာတာ မဟုတ်ပါဘူး။ (ဒုက္ခ)ဆင်းရဲခြင်းကို ဖြစ်စေတဲ့အကြောင်းကို ဥပမာလေးတစ်ခုပေး ထားပါ တယ်။ ပုံစံတူ အမျိုးအစားတူ တန်ဖိုးတူ ဖောင်တိန် လေး နှစ်ချောင်းရှိတယ်။ အဲဒီဖောင်တိန်တစ်ချောင်းကို ဒီဘာကဝယ်ပေးတာ၊ ကျန်တစ်ချောင်းကိုတော့ မိမိချင်



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်တဲ့ ချစ်သူက ချစ်သက်လက်ဆောင်အနေနဲ့ ပေးထားတာ။ ဒီဖောင်တိန် နှစ်ချောင်းအနက် ဘယ်ဖောင်တိန်ပျောက်ရင် ပိုစိတ်ဆင်းရဲမလဲ၊ ပိုစိတ်သောကရောက်မလဲ။ ရိုးရိုးသာ ဝန်ခံရင် မိမိချစ်သူလေးက ချစ်သက်လက်ဆောင်ပေးထားတဲ့ ဖောင်တိန်ပျောက်ရင် ပိုပြီးသောကရောက်ရပါတယ်လို့ ဖြေရမှာပေါ့။

အဲဒီအခါမှ ဆရာတော်က အေး. . . မင်းတို့ အဲဒီပစ္စည်းပေါ်မှာ စွဲလမ်းတဲ့အစွဲလမ်းကြောင့် (ဒုက္ခ) ဆင်းရဲရတာ၊ သောကရောက်ရတာ၊ အာရုံတွေအပေါ်မှာ တွယ်တာကပ်ငြိ စွဲလမ်းခြင်းဟာ (ဒုက္ခ)ဆင်းရဲခြင်းကို ဖြစ်စေတဲ့ အကြောင်းပဲလို့ ရိုးရိုးရှင်းရှင်းလေး ဥပမာပေးထားတယ်။

## ဒုက္ခနှင့်သမုဒယကို မိမိမြင်ပုံ

အဲဒီအချိန်မှာ မိမိကလည်း ဒုက္ခခံစားပြီး ဆင်းရဲသောကနဲ့ ကြုံတွေ့နေတယ်။ ဒီလို သောကရောက်နေတဲ့အခါကျတော့ အဲဒီသောကကို ဘယ်လိုဖြေရမှန်းမသိ ဖြစ်နေတဲ့အချိန် ဒါကြောင့် ဟာ, ဟုတ်တာပေါ့။ ဟုတ်လိုက်တာ၊ သမုဒယကြောင့် ဒုက္ခဖြစ်တယ်။ ဒါ ဟုတ်လိုက်တာ၊ ငါ့မှာလိုချင်တာမရလို့ စိတ်သောကရောက်ရတယ်လေ။ ဒါကတော့ မိမိကိုယ်တွေ့ဖြစ်ရပ်နဲ့ တိုက်ဆိုင်နေလို့ လက်ခံသလိုလိုရှိသော်လည်း မဂ္ဂနဲ့ နိရောဓကျတော့ မသိတော့ဘူး။ မဂ္ဂဆိုတာ ဘယ်လိုလုပ်ရတာလဲ၊ နိရောဓဆိုတာကလည်း ဘယ်လိုဖြစ်သွားတာလဲ ဆိုတာကို မသိဘူး။

## မဂ္ဂသစ္စာဆိုတာ ဘာလဲ၊ နိရောဓသစ္စာဆိုတာ ဘာလဲ

မဂ္ဂင်ရှစ်ပါးကို စာလိုရွတ်ရင်တော့ ရတာပေါ့။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဒါတော့ သိတာပေါ့၊ ဓမ္မစကြာ ရွတ်တတ်တဲ့သူတိုင်း ရတာပေါ့။ ဒါပေမဲ့ ဘယ်လိုကျင့်ရတယ်၊ ဘယ်လိုကျင့်ပြီးတော့ နိရောဓကို ဘယ်လိုဆိုက်သွားတယ်ဆိုတာ လုံးဝမသိခဲ့ပါဘူး။ ဒီအချိန်မှာ မိမိက သိပ်သိချင်လာတယ်။ နားလည်တဲ့သူတွေကို မေးကြည့်တာပေါ့၊ လူတွေရှာ ရဟန်းတွေရှာပေါ့ ဒါပေမဲ့ ဂဃနဏ ဖြေဆိုနိုင်သူကို မတွေ့ခဲ့ရပါဘူး၊ ဒီသစ္စာလေးပါးဆိုတာ ဒုက္ခနဲ့







www.burmeseclassic.com

www.burmeseclassic.com

# လူငယ်များအတွက်ဒဿန
# လူငယ်များအတွက်ဓမ္မ

## အပိုင်း (၁)

## ပဏာမနှုတ်ခွန်းဆက်စကား

ဦးပဥ္စင်းဘွဲ့ကတော့ ဦးကောဏ္ဍည လို့ခေါ်ပါတယ်။ ဦးပဥ္စင်းဘဝနဲ့ ရင်းနှီးပြီးသိခဲ့ရတဲ့ အတွေ့အကြုံဗဟုသုတတွေကို Lingua Worshop သင်တန်းသူ၊ သင်တန်းသား လူငယ်များအား မျှဝေလိုတဲ့စေတနာ ရှိနေတာကြာပါပြီ။ ဒါ့ကြောင့် ဆရာကြီးထံမှာ ခွင့်ပြုချက် တောင်းပါတယ်။ ဆရာကြီးရယ် Lingua Workshop မိသားစုဝင် တစ်ဦးအနေနဲ့ ဒီမိသားစုကြီးကို ဦးပဥ္စင်း ခက်ခက်ခဲခဲ ရှာဖွေသိရှိခဲ့ရတဲ့ အသိပညာဗဟုသုတနဲ့ ကိုယ်တွေ့ကျင့်စဉ်လေးကို တင်ပြခွင့်ပြုပါလို့တောင်းခံတဲ့အခါမှာ ဆရာကြီးကလည်း လူငယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



သမုဒယက သစ္စာနှစ်ပါး ဒီနှစ်ပါးကိုတော့ နားလည်သလိုလိုရှိတယ်၊ ဘာကြောင့်လဲဆိုတော့ လူငယ်သဘာဝ မိမိမှာချစ်သူတွေ ဘာတွေရှိခဲ့ပါတယ်။ (ရယ်သံများ) အဲဒီအချိန်မှာ အဲဒီချစ်သူနဲ့ မိမိစကားများကြတာပေါ့။ ကိုယ်ပြောတာ မဖြစ်ရကောင်းလားဆိုပြီးတော့ ဒေါသတွေဖြစ်၊ သောကတွေ ရောက်ခဲ့ရတာပေါ့။ အဲဒီသောကကိုဖြေဖျောက်ဖို့ ဘုန်းကြီးကျောင်းမှာ သွားနေရင်းနဲ့ ဒီတရားဦးဆိုတဲ့ စာအုပ်ကလေးကို ဖတ်လိုက်ရတာပဲ။ အဲဒီမှာ ဗုဒ္ဓရဲ့ သစ္စာလေးပါး သဘောတရားကို လာပြီးတွေ့တယ်။

<u>ဗုဒ္ဓ၏ဒဿန</u>

ဟာ . . . ဗုဒ္ဓဘာသာဆိုတာ အလွန်နက်နဲပါကလား။ အလွန်ဒဿန ဆန်ပါကလား။ နားလည်သလိုလို နဲ့နားမလည်နိုင်တဲ့ သဘောတရားပါလား။ လောကကြီးကို ဒုက္ခလို့မြင်ခြင်းနဲ့ ဒီဒုက္ခကလွတ်မြောက်ခြင်းဆိုင်ရာ ဒဿနကို တွေ့လိုက်ရတော့ အတော်နက်နဲပါလားလို့ အံ့ဩမိတယ်။ ဒါနဲ့ သစ္စာလေးပါးထဲက မဂ္ဂနဲ့ နိရောဓ ကိုရှာတာပေါ့။





များသောအားဖြင့် ရောင်ဝါးဝါးတွေကိုသာတွေ့ရပါတယ်။ ဘယ်သူမှ တိတိကျကျ မပြောနိုင်ကြဘူး။ လူတွေရော၊ ရဟန်းတွေရောမေးတာပေါ့၊ အချို့ကလဲ ပါးစပ်နဲ့ ပြောလို့မရဘူး။ ကိုယ်တိုင်လက်တွေ့လေ့ကျင့်ကြည့်မှရမယ်လို့ ပြောသူတွေ များလာတော့ လက်တွေ့ကျင့်ဖြစ်သွားတာပေါ့။ ဒီပုဂ္ဂိုလ်တွေရဲ့ကောက်ချက်က မှန်သလိုလိုရှိတယ်။ ဒါပေမဲ့ တိတိကျကျကိုတော့ မဖော်ညွှန်းနိုင်ကြဘူး။ ဒီအခါမှာ မိမိက သမာဓိရအောင် ကျင့်ကြည့်တာပေါ့၊ ပထမ နှာသီးဝက လေဝင်တာ ထွက်တာကိုကြည့် နေရင်းနဲ့ ညိမ်ကျသွားတယ်၊ တစ်ခါတစ်ခါ မိမိက ငါးမိနစ်၊ ဆယ်မိနစ်လို့ထင်ပေမဲ့ နာရီဝက် တစ်နာရီလောက် ဖြစ်ဖြစ်သွားတယ်၊ ဘာလို့ ဒီလိုဖြစ်သွားတယ်ဆိုတာ ပိုပြီးသိချင်လာတယ်။

<u>ရမ်းပြော၊ ရမ်းဖြစ် စဉ်းစားလေ့လာမှုအားနည်း</u>

တချို့ကလည်း တရားထိုင်ရင် ရူးတတ်တယ်လို့ ပြောတယ်။ ငါများရူးသွားမလားပေါ့ (ရယ်သံများ) အဲဒါတွေကလည်း မသိဘဲနဲ့ရမ်းပြောတဲ့ အပြောတွေ၊ ဒါတွေကို အစွဲအလမ်းဖြစ်ပြီး တချို့လူတွေက တရား



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ရမှာ ကြောက်နေကြတယ်။ ဒါတွေကလည်း မသိဘဲနဲ့ ရမ်းသမ်းပြောတဲ့ အစွဲအလမ်းတွေပါ၊ နား မလည်ဘဲ ရမ်းလုပ်တော့ ရမ်းဖြစ်ကုန်ကြတာပေါ့။

❋

## ဆရာနဲ့ သစ္စာရှာပုံတော်အစ

အဲဒီအချိန်မှာ မိမိက ဆရာရှာနေတာ။ တရားတော့ အားထုတ်တယ် ဆရာမရှိဘူး။ ဒီအချိန်မှာ မိမိတို့ရဲ့အိမ်နဲ့ မလှမ်းမကမ်းမှာ ကမ္မဋ္ဌာန်းတိုက် ရှိတယ်ဆိုတာ သိလိုက်ရတယ်။ အဲဒီကမ္မဋ္ဌာန်းတိုက်ကတော့ အနာဂါမ် ဆရာသက်ကြီးရဲ့ ဟံသာဝတီကမ္မဋ္ဌာန်းတိုက်ဖြစ်ပါတယ်။ ဆရာကြီးဦးဘခင်နဲ့ ဂိုအင်ဂါဒီ ကမ္မဋ္ဌာန်းကတရားကို အားထုတ်သူတွေပေါ့။ အဲဒီကမ္မဋ္ဌာန်းတိုက်က ဟောတဲ့အတိုင်း ခန္ဓာကိုယ်မှာ တရှိန်ရှိန် တသုတ်သုတ် တလှုပ်လှုပ် တရွရွကို တွေ့နေတာပေါ့။ အဲဒါတွေဟာ ဖြစ်ပြီးပျက်နေကြတယ်။ ဒါကို ပျက်တယ်လို့ နားလည်လိုက်ဆိုတော့ မိမိမှာ အပျက်တွေကို နေရာတိုင်းမှာ တွေ့နေတာပေါ့။





ခေါင်းတွေ၊ ကိုယ်တွေ၊ လက်တွေ၊ နောက်ဆုံး မျက်စိမှာတောင် အာရုံစိုက်လိုက်ရင် မြင်ကွင်းထဲမှာ လှုပ်လှုပ်ရွရွတွေ ပေါ်လာတာပေါ့။

ဒါဆို အပျက်မြင်မဂ္ဂင်ဆိုတော့ ငါ တရားရနေပြီပေါ့။ အတော့်ကို သဘောကျနေတာ၊ ပီတိတွေဖြစ်နေတာပေါ့။ စကားကြော ရှည်မှာစိုးလို့ ဖြတ်တော့မယ်။ စောစောက ဦးပဉ္ဇင်း ပြောခဲ့တဲ့ မိမိချစ်သူဆိုတာနဲ့ ပြေလည်သွားပြီ။ အိမ်ထောင်တွေ ဘာတွေကျသွားတာပေါ့ (ရယ်သံများ)။ အဲဒီအခြေအနေရောက်မှ ယခု ဟံသာဝတီကမ္မဋ္ဌာန်းတိုက်ကို လာတွေ့တာ။ အဲဒီတော့ ဒီလိုအဖြစ်အပျက်တွေ တွေ့တယ်ဆိုတော့ ငါတရားရပြီပေါ့။ ငါ့ကိုယ်ငါ သောတာပန်များဖြစ်နေပြီလားလို့ ထင်နေတာပေါ့၊ (တရားမှာထင်နေရင် မမှန်သေးဘူး၊ ဝိစိကိစ္ဆာဝင်နေတယ်)

နောက်ပြီး မတွေးသင့် မတွေးအပ်တာတွေ တွေးမိတယ်။ သောတာပန်ဖြစ်ရင် အိမ်ထောင်ကိုစွန့်မယ်လို့ စိတ်ကူးလိုက်တော့ ရင်တွေပူလာတယ်။ ဒါကြောင့် အိမ်ထောင်ကိုစွန့်မယ့် အစီအစဉ်ကို ဖျက်ခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတော့ လုပ်လို့မဖြစ်သေးဘူးပေါ့ (ရယ်သံများ)။ ဆိုပြီး ဒီအတိုင်းပဲ နေလိုက်တာပေါ့။ တရားကတော့ အားထုတ်မြဲ နေ့စဉ်မှန်မှန် အားထုတ်ပါတယ်။

**အရက်နှင့်ခမ္မ**

အဲဒီအချိန်မှာ မိမိအာရနေနဲ့ လူငယ်ဘာသာဘာဝ အပျော်အပါး အသောက်အစားတော့ ရှိတာပေါ့။ လူကောင်း သူကောင်းလေးတော့ မဟုတ်ပါဘူး။ သောက်တတ်စားတတ်နေပါတယ်။ စစ်သားဆိုတော့ အပေါင်းအသင်းတွေနဲ့လည်း သောက်စားဖြစ်တာပေါ့။ ပျော်ပျော်နေတတ်တယ်လေ။ ဒါပေမဲ့ ကိုယ်စိတ်ဝင်စားတာ တစ်ခုက ဖျောက်ဖျက်လို့မရဘူး။ ဒီမဂ္ဂင်လမ်းစဉ်ကိုတော့ သိမှဖြစ်မယ်ဆိုပြီး ကျင့်ရင်းကျင့်ရင်းနဲ့ တစ်နေ့မှာ အလွန်ရင်းနှီးပြီး လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ ဗိုလ်ကြီးတစ်ဦးက မိမိတရားစခန်းမှာ သွားသွားပြီး တရားအားထုတ်နေတာ သိသွားတာပေါ့။ သူ နားမလည်ဘူး ဖြစ်နေတယ်။ သူတို့နဲ့အတူ အရက်သောက်တဲ့အခါ သောက်၊ ခုတော့လည်း တရားစခန်းမှာ တွေ့နေတော့ နားမလည်ဘူး ဖြစ်နေတယ်။





မိမိကတော့ မိတ်ဆွေတွေနဲ့ တွေ့တဲ့အချိန်နဲ့ တရားအားထုတ်ချိန်ကို ခွဲထားတယ်၊ တရားကိုတော့ မပျက်မကွက် သွားအားထုတ်တယ်။ ကိုယ်လည်း သိလို့လုပ်တာတော့ မဟုတ်ဘူး။ ဒီအကျင့်အတိုင်း လုပ်ဖြစ်နေတာ။ နောင်တော့မှ သဘောပေါက်လာတယ်၊ တရားမရသေးခင်မှာ ဘယ်လိုမှ သီလမလုံခြုံနိုင်ဘူး။ တရားရသွားပြီးရင်တော့ သီလဆိုတာ အလိုလို လုံခြုံသွားတာပဲဆိုတာကို သိခဲ့ရတယ်။ ဒီတော့မှ သေရည်ဆိုတဲ့ သဘောကို နားလည်သွားတယ်။

**အရက်ဆိုတာဘာလဲ၊ သေရည်ဆိုတာဘာလဲ၊**

မိမိရဲ့ ဘုရားပေါ်မှာ ယုံကြည်မှု၊ တရားပေါ်မှာ ယုံကြည်မှု၊ သံဃာပေါ်မှာ ယုံကြည်မှု မပျက်သေးသ၍ သေရည် မဖြစ်ဘူးဆိုတာ နိပါတ်တော် (မဟာဝဂ်သံယုတ်၊ သရဏာနိဝဂ် ပထမသရဏာနိသုတ်) မှာ တစ်ခါသော် မြတ်စွာဘုရားက ကွယ်လွန်သော သရဏာနိသာကီဝင်သည် သောတာပန်ဖြစ်သည်ဟု မိန့်ကြား၏။ ထိုအခါ သာကီဝင်တို့က စုဝေးပြီး အချင်းတို့ အံ့ဖွယ်ဖြစ်စွတကား၊ မြတ်စွာဘုရားက အကျင့်သီလ



www.burmeseclassic.com

www.burmeseclassic.com



အားနည်း၍ အရက်သောက်လေ့ရှိသောသူ သရဏာ နိသာကီဝင်ကိုပင် သောတာပန်ဖြစ်သည်ဟု မိန့်ကြားဘိ၏။ ယခု အဘယ်သူ သောတာပန်မဖြစ်ဘဲရှိသနည်းဟု ကဲ့ရဲ့ရှုတ်ချပြောဆိုကြ၏။

မဟာနာမ်သာကီဝင်မင်းသည် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထား၏။ ဘုရားရှင်၏ မိန့်မှာချက်မှာ. . .

မဟာနာမ်မင်းကြီး သရဏာနိသာကီဝင်သည် ရှည်မြင့်သော ကာလပတ်လုံး ဘုရား၊ တရားနှင့် သံဃာကို ကိုးကွယ်ဆည်းကပ်၏။ သေခါနီး၌ အကျင့်သိက္ခာကိုဆောက်တည်ပြီးသူဖြစ်၏။ ထိုသူသည် အဘယ်မှာ အပါယ်သို့ကျအံ့နည်းဟု မိန့်တော်မူ၏။ သဘောက တော့ လက်မှာ ဘာဒဏ်ရာမှမရှိရင် ဆားရည်အိုးထဲ လက်နှိုက်ပေမယ့် နာကျင်မှုမရှိသလိုပေါ့၊ မဂ်ရပြီးသူများ အပြစ်မသင့်တော့ပါ။ တစ်ဖန် နိပါတ်တော်ဓမ္မပဒ သန္တတိမတ်ကြီးဝတ္ထုမှာ သန္တတိအမတ်ကို ပြည်စွန်နယ်ဖျားမှာ ရန်သူများကို တိုက်ခိုက်အောင်မြင်ခဲ့လို့ ဆုတော်အဖြစ် မင်းစည်းစိမ် (ခုနစ်)ရက် ခံစားခွင့်ပြုလိုက်ပါတယ်။





အဲဒီအချိန်မှာ သန္တတိအမတ်ကြီးက သူအနှစ်သက်ဆုံး ကချေသည်မလေးကို ကပြအသုံးတော်ခံစေပါတယ်။ တစ်ဖက်မှာလဲ သေရည်အိုးနဲ့ မူးလို့ နေလို့ပေါ့။ ကချေသည်မကလေးကလည်း သန္တတိအမတ်ကြီးကို ဖျော်ဖြေရမှာဖြစ်လို့ အစားကိုလျှော့စားပြီးနေခဲ့ရပါတယ်။ (အိန္ဒိယအကများဟာ ဝမ်းဗိုက်သားကို လှုပ်ခါကပြရတာဖြစ်လို့ အစာကို အများကြီးစားလို့ ဘယ်ရမလဲ။) ဒီလိုဖျော်ဖြေမှုဟာ ရက်ကြာလာတော့၊ ဒီကချေသည်မလေးခမျာ ရောဂါတစ်စုံတစ်ရာ ဝင်လာတာပေါ့။ နောက်ဆုံးခုနစ်ရက်မြောက်တဲ့နေ့မှာ မြစ်ဆိပ်မှာ ရေကစားရင်း ကပြအသုံးတော်ခံစဉ် နှလုံးသွေးရပ်ပြီး ကချေသည်မလေး သေပွဲဝင်ခဲ့ပါတယ်။

ဒီအခါမှာ သန္တတိအမတ်ကြီးမှာ ကချေသည်မလေးကို စွဲလမ်းမိသူဖြစ်လို့ အလွန်မှ သောကဝေဒနာ ခံစားရတာပေါ့။ ဒီသောကကို ဖြေပေးနိုင်သူမှာ ဗုဒ္ဓမြတ်စွာတစ်ပါးသာ ရှိတယ်လို့ သိတဲ့အတွက် ဘုရားကျောင်းတော်သို့သွားပြီး အပူမီးငြိမ်းစေကြောင်းလျှောက်ထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား မိန့်ကြားချက် . . .

ပါဠိဘာသာ . . .

ပါဠိတော်

ယံပုဗ္ဗေတံဝိသောဓေဟိ၊ ပစ္ဆာတေမာဟုကိဉ္စနံ၊

မဇ္ဈေစေနော ဂဟေဿသိ ဥပသန္တောစရိဿ
သိ။

မြန်မာပြန်

အမတ်ကြီး တဏှာစွဲလမ်းတပ်မက်မှုကြောင့် ဖြစ်ပေါ်လာသော ဥပါဒါန်အပူမီးသည် ရှေ့ဦး၌ဖြစ်၏၊ ထိုဥပါဒါန်ကို လျော့နည်းပါးလျသွားအောင် ရှုသတ်လိုက်ပါ၊ သုတ်သင်လိုက်ပါလော့။

နောက်၌ တဏှာဖြင့် စွဲလမ်းကပ်ငြိခြင်းကို သင့်အား မဖြစ်ပေါ်စေပါနဲ့၊ အလယ်မှာ စွဲလမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ဥပါဒါန်ကို ကင်းချုပ်သွားအောင် ရှုသတ်နိုင်သည်ဖြစ်အံ့၊ ထိုဥပါဒါန် ချုပ်ငြိမ်းသွားခဲ့သည်ရှိသော် သင်သည်၊ တဏှာရာဂ အစရှိသည်တို့ ငြိမ်းသည်ဖြစ်သော၊ နိဗ္ဗာန်ကို သွားရလတ္တံ့ဟု မိန့်တော်မူလိုက်၏။





ထိုအခါ သန္တတိအမတ်ကြီးသည် တစ်ခဏချင်းအရားရှုသတ်လိုက်သဖြင့် မင်းမြောက်တန်ဆာငါးပါးဆင်လျက် ပါးစပ်က အရက်နံ့ပင် မပျောက်သေးမီအချိန်အတွင်း၌ ရဟန္တာဖြစ်၍ သွားလေသည်။

ရဟန္တာဖြစ်ပြီး ယခုပင် ပရိနိဗ္ဗာန်စံရမည်ဖြစ်တဲ့အတွက် တရားဟောပြီး ကောင်းကင်မှာပင် တေဇောဓာတ်လောင်၍ သဂြိုဟ်ခဲ့လေပြီ မဟုတ်ပါလော။

## လူဝတ်ကြောင် ရဟန္တာဖြစ်နိုင်သလား

လူများက လူဝတ်ကြောင်ဖြင့် ရဟန္တာဖြစ်သည်ကို သို့လော သို့လောဖြစ်ကြသဖြင့် မြတ်စွာဘုရားက ထပ်မံဖြေရှင်း မိန့်ကြားရပါတယ်။

ပါဠိတော်

အလင်္ကတော စေပိသမံ စရေယျ
သန္တော ဒန္တော နိယတော ဗြဟ္မစာရီ
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ
သော ဗြာဟ္မဏော သော သမဏော သဘိက္ခု။

မြန်မာပြန်

အကြင်သူသည် ကိလေသာ ငြိမ်းသည်ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ဣန္ဒြေကို ဆုံးမပြီးသည်ဖြစ်၍ မြဲသည်ဖြစ်၍ မြတ်သော အကျင့်ကိုကျင့်လေ့ရှိသည်ဖြစ်၍ အညီအညွတ်ကျင့်ခြင်း အံ့။ ထိုသူသည် အဝတ်တန်ဆာတို့ဖြင့် ဆင်ယင်ထား သော်လည်း ဗြဟ္မဏလည်း မည်၏။ သမဏလည်း မည်၏။ ဘိက္ခုလည်း မည်၏။

ဤပါဠိတော်များသည် မြတ်စွာဘုရား ကိုယ်တော် တိုင် ဟောကြားထားသည်ဖြစ်၍ မည်သူသည် ငြင်းဝံ့ပါ သနည်း။ ထို့ပြင် အင်္ဂုလိမာလလို လူသတ်သမားကြီး ပင်လျှင် မြတ်စွာဘုရားနှင့်တွေ့၍ ကျွတ်တမ်းဝင်ခဲ့ပြီ မဟုတ်ပါလော။

## နိဗ္ဗာန်ဟာ နီးသလား၊ ဝေးသလား၊ သိနိုင် သလား၊ မသိနိုင်တော့ဘူးလား။

ဒါကြောင့် မြတ်စွာဘုရား ရွှေနှုတ်တော်ထွက် စကားတော်မှမ်များအတိုင်း တရားကျင့်ကြပါက ရဟန္တာ ပင်ဖြစ်နိုင်တာတွေ သာဓကရှိနေပါသော်လည်း မကျင့် နိုင်သူတွေကတော့ နိဗ္ဗာန်ဆိုတာ အဝေးကြီး၊ လူတွေနဲ့ မတန်ဘူးလို့ ပြောနေကြတယ်။ သူတို့ မကျင့်နိုင်လို့ မရတာပါ။ ကျင့်တဲ့သူတွေ ရခဲ့ကြောင်း ပိဋကတ်မှာ





အထင်အအရှားရှိတာပေါ့။ ဒါကြောင့် မိမိမရပေမယ့် ဘာစ်ပါးသူရတာကို မသိဘဲ၊ နားမလည်ဘဲ ရမ်း၍ပြော နေကြသူများအား အဝိဇ္ဇိရဲက စောင့်ကြိုနေပါတယ် ဆိုတဲ့အကြောင်း သတိပေးပါရစေ။

မသိလို့သာ မိုက်နေတယ်လို့ပဲ မှတ်ရမှာပေါ့။ ဒီဘဝ နိဗ္ဗာန်ကို မမြင်နိုင်တော့ဘူးလို့ ပြောတဲ့သူတွေက ပြောရဲကြတယ်။ သာသနာတွင်းဆိုတာ မေ့နေကြပြီလား မသိဘူး။ ဒါကိုသိရင် နိဗ္ဗာန်မသိနိုင်ဘူးလို့ ပြောတဲ့သူ တွေ ရပ်တန်းကရပ်သင့်ကြပြီ။ နိဗ္ဗာန်သိသူက သိလို့ ပြောတာ ကိုယ်လိုက်ကျင့်ကြည့်ပေါ့ ဟုတ်တယ်မဟုတ် လား။ စကားကတော့ ဘေးထွက်သွားပြီ။

လူငယ်နှင့် ဓမ္မကို ပြန်ကောက်ကြရအောင်။ ကဲ ဘယ်လိုသဘောရလဲ အရက်သမားကြီးတွေ လူသတ် သမားကြီးတွေတောင် ဘုရားလက်ထက်တော်အတွင်း မှာ ရဟန္တာတွေ ဖြစ်သွားကြတာ၊ မိမိတို့ ဘာလို့မဖြစ် နိုင်ရမှာလဲ။ (ရယ်သံများ) ဒီအကြောင်းတွေပြောရတာ သံသရာမှာ ခံရမှာစိုးလို့ ပြောနေတာပါ။ စေတနာပါ။ ကဲ. . . ကဲ ပြန်ဆက်ကြရအောင်။



www.burmeseclassic.com

www.burmeseclassic.com



## မိမိ၏သမ္မဒယအားကြီးပုံနှင့် ဆရာတွေ့ပုံ

အဲဒီအချိန်က ဦးပဥ္ဇင်းမှာ အိုးအိမ်ကို မစွန့်လွှတ်နိုင်ဘူး။ ဘာလို့မစွန့်လွှတ်နိုင်လဲဆိုတော့ ဒီဇနီး၊ ဒီသားကို ခင်နေတာကို၊ ကိုယ့်မိသားစုကို ကိုယ်စွဲနေတာကို၊ ဒီလိုနဲ့မိမိမှာ ထွက်လို့ရအောင် ပြသပေးတဲ့ ဆရာတော်တစ်ပါး သွားတွေ့တယ်။ စောစောက ဦးပဥ္ဇင်းပြောတဲ့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေဗိုလ်ကြီးက အရှင်နန္ဒဝံသရေးတဲ့ "မြတ်ပန်းမွှေးလှိုင်ကြူ"ဆိုတဲ့ စာအုပ်ကလေးလာပေးတယ်။ ဒီစာအုပ်ရတော့ ရရချင်းဖတ်လိုက်တာလက်ကမချချင်အောင်ဖြစ်သွားတယ်။ ဒီထဲက **အခန်းတစ်ခန်းဟာ** ဦးပဥ္ဇင်းဘဝကိုပြောင်းစေတာပဲ။ သူကဘာရေးထားသလဲဆိုတော့ . . .

"သူဟာ တောတွေ တောင်တွေ လှိုဏ်တွေ ချောက်တွေမှာ လိုက်ပြီး တရားအားထုတ်တယ်၊ တစ်နေရာရောက်တော့ ဂူကြီးတစ်ဂူထဲကိုဝင်ပြီး တရားအားထုတ်တယ်၊ သူ့တပည့်ကို အပြင်ကနေ တံခါးပိတ်လိုက်လို့ပြောပြီး ဂူထဲဝင်လိုက်တယ်၊ ဒီအခါမှာ သူက တွေးတယ်၊ ဟာ. . . ကြောက်လို့ ရင်တွေခုန်လာတာလား၊





ရင်တွေခုန်လို့ ကြောက်နေတာလားလို့ ဆန်းစစ်နေတာပေါ့၊ အတွေးအခေါ်သမားဆိုတော့ တွေးတာပေါ့၊ နောက်ဆုံးတော့ သူ့ဆရာက မိန့်ဖူးတယ်၊ မင်းရင်ထဲဘာပေါ်ပေါ် ဒုက္ခသစ္စာလို့ ဆုံးဖြတ်ချက်ချပြီး အမြန်ရှုလိုက်လို့ မိန့်သံလိုကြားလိုက်တော့ သတိရသွားပြီး သူ့ရင်ထဲမှာပေါ်နေတဲ့ ရင်တုန်နေတာ၊ ဆို့တစ်နေတာတွေကို သူစိမ်းလို သဘောထားပြီး ဒုက္ခတရားပဲ၊ မင်းအပျက်တရားတွေပဲလို့ ရှုလိုက်တဲ့အခါ၊ အဆို့၊ အတစ်၊ အတုန်အလှုပ်တွေဟာ တဖြည်းဖြည်းငြိမ်လာပြီး၊ ကြည်လင်အေးချမ်းတဲ့ ဉာဏ်အဝန်းအဝိုင်းကြီး ပေါ်လာတာကို တွေ့ရတယ်" လို့ ရေးထားတာပေါ့။

## မိမိဘဝရဲ့ အတွေ့အပြောင်း

ဒီစာအုပ်ကလေးကို ဖတ်နေရင်းနဲ့ သူလုပ်သလိုငါလည်း စမ်းလုပ်ကြည့်ဦးမှဆိုပြီး ဦးပဥ္ဇင်း တစ်ချိန်က ဘွယ်တာစွဲလမ်းခဲ့တဲ့သူကို စွန့်မယ်လို့ လုပ်တုန်းကရင်ပူခဲ့ဖူးတာပေါ့။

အဲဒီရင်ပူတဲ့နေရာကို မှန်းပြီး မင်း ဒုက္ခတရား၊ အပျက်တရားပဲလို့ ရှုကြည့်လိုက်တဲ့အခါမှာ ခဏချင်းပင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအပူဟာ ငြိမ်းငြိမ်းသွားတာကို ကိုယ်တိုင်တွေ့လိုက်ရတာပေါ့။

အဲဒီအချိန်မှာ ဆုံးဖြတ်ချက်ချလိုက်တယ် ဒီဆရာတော်ထံမှာ နည်းကောင်းတော့ရှိမှာ သေချာနေပြီဆိုပြီး အဲဒီဆရာနောက်ကို လိုက်ခဲ့တာပေါ့၊ ဒီဆရာတော်ကလည်း သံသရာကို တကယ်ဖြတ်စေချင်တဲ့ ဆရာဖြစ်လေတော့ မိသားစုကိုစွန့်ပြီးလိုက်မှ လက်ခံမယ့်အနေအထားဖြစ်နေတယ်။

❋

## စွန့်စားတယ်ဆိုတာ စွန့်မှစားရတာ

ကိုယ်ကလည်း တကယ်မစွန့်နိုင်သေးဘူး။ ဒါပေမဲ့ ကိုယ်က ဒီနည်းလမ်းကို သိချင်တယ်ဆိုတော့ မစွန့်နိုင်သော်လည်း ဇွတ်စွန့်ခဲ့ရတာပေါ့။ အဲဒီလိုစွန့်လိုက်တဲ့ အခါမှာ ရင်ထဲမှာ မီးစနဲ့ထိုးထားသလို ပူလောင်နေတာပဲ။

ဟာ. . . ပူလိုက်တာ၊ အဲဒီအချိန်မှာ ဦးပဥ္စင်းရဲ့ ရင်ထဲမှာ သားလေးကို တအားစွဲနေတာကိုး။ သားလေး





ကလည်း (ငါး)နှစ်သားလေး။ စကားကလည်း တီတီတာတာ ပြောတတ်ခါစဆိုတော့ ပိုပြီးစွဲတာပေါ့။ အဲဒီသားလေးကို သတိရ၊ ကိုယ်က မခွဲနိုင်သေးဘဲ၊ လူကတော့ ကျောင်းရောက်နေတာ စိတ်က အိမ်ပြန်သတိရနေတယ်။ အဲဒီတော့ ရင်တွေ အလွန်ပူတာပေါ့။

ဒီအခါမှာ ဆရာတော်က မင်းကိုယ့်ဒုက္ခကိုယ်မသိတာဘဲ။ အဲဒီအပူကိုသိရင် ရှုလိုက်ပေါ့လို့ မိန့်ပါတယ်။ ဒီတော့မှ ဦးပဥ္စင်းလည်း သမာဓိလေးမွေးပြီး မင်းဒုက္ခတရားကို သိအောင်လုပ်ပြီး ပျက်တယ်လို့ရှုလိုက်တယ်။

မကြာခင်ဘဲ တဖြည်းဖြည်း ရှုရင်းရှုရင်းနဲ့ သမာဓိအား ကောင်းသည်နှင့်အမျှ အဲဒီအပူဒုက္ခကြီးကလည်း တဖြည်းဖြည်းလျော့လာတာပေါ့။ ဟာ. . . ငါနိုင်ပြီ၊ လောကကြီးကို ငါနိုင်ပြီလို့တောင် ကြွေးကြော် ချင်စိတ်ပေါ်လာတယ်။ ဒါဟာ ခဏတာအပျက်ကို တွေ့လိုက်တာလေ၊ အဲဒီတော့ ငါ လွတ်အောင်ရုန်းနိုင်ပြီလို့ အားရှိသွားတယ်။

❋



www.burmeseclassic.com

www.burmeseclassic.com



## မိမိ၏ Lingua Workshop အပေါ် ထားသည့် စေတနာ

ဒီဗဟုသုတကို ဦးပဥ္စင်းက ယခု ဒီ Lingua Workshop မှာ သင်တန်းတက်နေတဲ့ သင်တန်းသူ၊ သင်တန်းသားတွေကို မျှဝေချင်တာ။ ဦးပဥ္စင်း ဖြတ်သန်းခဲ့တုန်းကလို အိုးတွေ၊ အိမ်တွေ စွန့်စရာမလိုဘဲ ဦးပဥ္စင်း ပြောတာကို ယုံရင်ရနိုင်ပါတယ်။

ဒီ Lingua Workshop သင်တန်းစည်းကမ်းမှာ ပါတဲ့ သင်တန်းတက်ခေါင်းလောင်း ခေါက်ပြီး (ငါး) မိနစ် စိတ်လေ့ကျင့်တဲ့အချိန်မှာ၊ ဒီနည်းကိုသုံးပြီး အဲဒီ ပူတယ်၊ ဆို့တယ်၊ တင်းတယ်ဆိုတဲ့နေရာ ပစ်မှတ်ကို မှန်းပြီး ပျက်တယ်လို့ ရှုမိလိုက်နိုင်ရင် ဖြစ်ပျက်နဲ့ မဂ်နဲ့ တစ်ချက်တည်းကိုက်အောင်ရှုနိုင်ရင် လောကကြီးကို နိုင်တဲ့ဆေး ရပါလိမ့်မယ်။ လောကကြီးကို နိုင်ချင်ရင် ကိုယ့်စိတ်ကို အရင်နိုင်ရပါလိမ့်မယ်၊ ကိုယ့်စိတ်ကိုယ်နိုင်ရင် လောကကြီးကို နိုင်ပါတယ်။





### ဗုဒ္ဓကို ယုံသူတိုင်းကျင့်နိုင်သည်

ဒီစိတ်ကို နိုင်တဲ့နည်းဟာ ခုနပြောခဲ့တဲ့ ရှုနည်းလေးပဲ ဖြစ်ပါတယ်။ ဦးပဥ္စင်းပေးချင်တာ စိတ်ကိုနိုင်တဲ့ နည်းပေးချင်တာပါ။ ဒါဟာ ဗုဒ္ဓမြတ်စွာက ဟောလို့ ပြောလို့ သိတာထက် လောကသဘာဝကြီးထဲက ရရှိတဲ့ အသိထူးဖြစ်လို့ မည်သူမဆို၊ ဘယ်ဘာသာမဆို ယေဘုယျသဘောအားဖြင့် အားလုံးသော ပုဂ္ဂိုလ်တွေ ဗုဒ္ဓကို ယုံယုံကြည်ကြည်နဲ့ စမ်းသပ်ကျင့်ကြည့်လျှင် ဒီလက္ခဏာတွေ တွေ့နိုင်ပါကြောင်း တင်ပြလိုပါတယ်။ ဦးပဥ္စင်း တကယ်လုပ်ထားတယ်ဆိုတာကိုတော့ ယုံရပါမယ်။

### ဒုက္ခကိုဘယ်လိုရှာမလဲ၊ ဉာဏ်ဆိုတာဘာလဲ၊ ဘယ်လိုသိနိုင်သလဲ

ပထမဦးဆုံး မိမိရင်ထဲမှာတွေ့တဲ့ အပူတွေ့တွေ့၊ ဆို့တစ်တစ်ပဲတွေ့တွေ့၊ ဘာမှမတွေးဘူး၊ မည်းမှောင်နေတာပဲ၊ ဘာပဲဖြစ်နေဖြစ်နေ အဲဒီနေရာကို မှန်းလို့ရပြီဆိုရင် ဒုက္ခလို့ ဆုံးဖြတ်ချက်ချပါ၊ ဒါအရေးအကြီးဆုံးပဲ၊ မိမိဟာဒယကို မတွေ့ဘူးဆိုတဲ့၊ ပုဂ္ဂိုလ်တွေကို နည်းနာစိခု



www.burmeseclassic.com

www.burmeseclassic.com



ပေးချင်တယ်၊ မိမိနှာခေါင်းကလေးကို ရှုသွင်းပြီး ဆုံးတဲ့နေရာမှာ အောင့်ထားပါ။ အဲဒီအခါမှာ လေရှူချင်တဲ့စိတ်ကလေးပေါ်လာလိမ့်မယ်။ အဲဒီစိတ်မပေါ်ခင်ရင်ထဲမှာ အောင့်သလိုလိုဖြစ်ပြီး လေကိုရှူချင်လာလိမ့်မယ်။ အဲဒီအခါမှာ လေရှူတဲ့ အသိကို သတိမထားနဲ့ ရင်ထဲမှာ အောင့်နေတဲ့နေရာကိုပဲ မင်းဒုက္ခတရားပျက်တယ်လို့ ရှုကြည့်ပါ။ ရှုရင်းနဲ့ ဟဒယရဲ့သဘောကိုသိလာမယ်။ လေက သူ့ဘာသာသူ ရှူနေသော်လည်း ကိုယ့်အသိက ရင်ထဲမှာပဲ ရှိနေပါစေ။ အဲဒီအောင့်တဲ့သဘောကြီး ပျက်အောင်သာ မင်းအပျက် မင်းဒုက္ခအပျက်တရားဆိုပြီး စိတ်စိတ်လေးရှုပေးပါ၊ ဟဒယနေရာကိုသိလာပါလိမ့်မယ်။ လေရှူတာကို မစဉ်းစားပါနဲ့။ ရင်ထဲမှာ အောင့်နေတဲ့သဘော လျော့သွားရင် အပျက်စတွေ့ပါပြီ။ ဒီအပျက်ကို ဆက်ပြီးရှုပါ၊ ဉာဏ်ပေါ်တယ်ဆိုတာ အခြားမဟုတ်ပါဘူး။ ပေါ့သလိုလိုရင်ထဲမှာ နူးညံ့သလိုလို ကြည်ကြည်ငြိမ်းငြိမ်းလေးကို စတွေ့တာပဲ။ အဲဒီဉာဏ်သိက နိဗ္ဗာန်ဘက်ကိုသွားပါတယ်။





ရင်ထဲကအပူ၊ အဆို့ အတစ်ကို ဘယ်အချိန်တွေ့တွေ့ ဒုက္ခလို့ ဆုံးဖြတ်ချက်ချနိုင်အောင် ကြိုးစားပါ။ ကြိုးစားလို့ ဒုက္ခအမှန်ဆင်းရဲနေပါကလားလို့ ဆုံးဖြတ်ချက်ချလိုက်သည်နှင့် တစ်ပြိုင်နက် အဲဒီဒုက္ခပေါ်မှာ လိုချင်တဲ့ စိတ်၊ တဏှာ၊ အစွဲအလမ်းစိတ်မဖြစ်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီအပူလုံး၊ အဆို့လုံးကြီးကို ကိုယ်ကယူချင်သေးလား။ ဘယ်လိုချင်မလဲ၊ ဘယ်ရင်မှာ ပိုက်ချင်မလဲ။ ဒီလိုဆုံးဖြတ်ချက် ချခဲ့သည်ရှိသော်လို့ ပြောတာပါ။ အကယ်၍ ဆုံးဖြတ်ချက်မချသေးဘူးဆိုရင် ခန္ဓာကိုပြန်တွယ်နေတာပေ့ါ။ ဒီခန္ဓာကို ခင်နေတာပေ့ါ။ အဲဒီတော့ သမုဒယအကြောင်းခံသလိုဖြစ်ပြီး ဒုက္ခပဲ ရမှာပေ့ါ။

ပါဠိလိုပြောတော့ နားရှုပ်သွားမယ်။ ပါဠိလိုပြောတာက တချို့က ကြားနေကျစကားမို့ ပါဠိလိုပဲပြောနေရတာပါ၊ ဒီတော့ ကိုယ်က မိမိကိုယ်မိမိ ခင်မင်တွယ်တာမိတိုင်း ရင်ထဲမှာခံစားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အသိပညာ ဖွံ့ဖြိုးမှုကို လိုလားတာကြောင့် ဝမ်းသာအယ်လဲ ကြိုဆိုပြီး မိမိရဲ့မျှဝေမှုကို ခွင့်ပြုခဲ့ပါတယ်။

ယခုလို ဆရာကြီးရဲ့ ခွင့်ပြုစီစဉ်ပေးချက်အရ သင်တန်းသူ၊ သင်တန်းသားများကလဲ စုံစုံညီညီ တက်ရောက် နားထောင်ပေးတဲ့အတွက် ဦးပဥ္စင်းအနေနဲ့ ဆရာကြီး အမြဲပြောလေ့ရှိသလို ကျေးဇူးတင်တယ်လို့ ပြောရင် သူစိမ်းဆန်လွန်းတာကြောင့် အားလုံးသော သင်တန်းသူ၊ သင်တန်းသားများအား အတိုင်းမသိ ကြည်နူးဝမ်းမြောက်ကြောင်းကို ပဏာမပြောကြားလိုပါတယ်။ ဦးပဥ္စင်း ပြောကြားမည့် အကြောင်းအရာတွေကတော့ . . .

၁။ Lingua Workshop သင်တန်းကြီးနဲ့ မိမိ သဘောထား ညီညွတ်မှုအပြင် သစ်ဆန်းသည့် လေ့ကျင့်မှုနှင့် ဆရာကြီး၏ အဆုံးအမများ။

၂။ လူငယ်နှင့်ဓမ္မ၊ လူငယ်နှင့်ဒဿန။

၃။ မိမိရေးသားထုတ်ဝေပြီးဖြစ်တဲ့ "အမှန်တကယ် တရားရလိုသူများသို့"စာအုပ်အကြောင်းအနည်းငယ် ရှင်းပြမှာဖြစ်ပါတယ်။





၄။ တရားဓမ္မများကို ပြောရတဲ့အတွက်ကြောင့် တရားဓမ္မ၏ အတတ်အနက် အကျယ်အဝန်း အနက်အရှိုင်းနဲ့ခဲ့လျှင် ကျယ်ပြန့်သလို ချုံ့လျှင်လည်း ကျုံ့နိုင်ကြောင်းကို သစ္စာအခြေခံ၍ တင်ပြမှာဖြစ်ပါတယ်။

၅။ မိမိကိုယ်တိုင် လက်တွေ့ကျင့်ခဲ့သည့် ကျင့်စဉ်၏ ကိုယ်တွေ့အတွေ့အကြုံများကို သစ္စာလေးပါးနဲ့ တိုက် ဆိုင်စိစစ် တင်ပြမှာဖြစ်ပါတယ်။

၆။ သစ္စာလေးပါးကို သိပွဲနည်းကျလေ့လာ စိစစ်တင်ပြခြင်း။ (ဤအကြောင်းအရာသည် ဆရာတော်ကြီး အရှင် သီလနန္ဒာဘိဝံသရေးသည့် တရားဦးစာအုပ်မှ ကောင်းနိုးရာရာများကို ပြုပြင်ထုတ်နုတ် တင်ပြပါသည်)

၇။ မိမိကိုယ်တွေ့ကျင့်စဉ်ကို သိလိုပါက မိမိအနေဖြင့် အကူအညီများပေးနိုင်ပါကြောင်း ပြောကြားပြီး နိဂုံးချုပ်မှာ ဖြစ်ပါတယ်။

❋



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုခံစားရတယ်ဆိုကတည်းက ဒီခန္ဓာကိုယ်ကြီးကို ခင်မိလို့ဆိုတာ နားလည်ရမယ်။ အဲဒီခံစားနေရတာကို ဆင်းရဲတယ်လို့ သိလိုက်တဲ့အခါမှာ နောက်ပိုင်းသူ့ကိုခင်မင်တဲ့စိတ် လျော့လာတယ်။ ကိုယ်က တကယ်ဆင်းရဲနေတာကို ခံစားနေရတာလေ။ ဒီအခါ အဲဒီဆင်းရဲလေးဟာ မိမိရင်ထဲ မှာတဖြည်းဖြည်းလျော့လာတယ်။ ဒီအချိန်မှာ ဒီဆင်းရဲတဲ့ သဘောတရားဟာပျက်လို့လျော့လာတာပဲလို့ သဘောပေါက်ပြီး ပျက်တယ်လို့ ဆက်ပြီးရှုလိုက်တဲ့အခါ ဒီဆင်းရဲတဲ့ခံစားမှုကြီးဟာပျက်တယ်လို့ ကိုယ့်ဦးနှောက်က ယုံကြည်လာတယ်။ ဒီအခါမှာ ဒီဆင်းရဲမှု အပူလုံးကြီးဟာ တဖြည်းဖြည်းလျော့လာပါတော့တယ်။ အဲဒါ မဂ္ဂင်ဝင်တာပါပဲ။

**မဂ္ဂကို ဘယ်လိုဝင်ရတယ်ဆိုတာ ကျင့်စဉ်အရ သဘောပေါက်ခြင်း**

ဒီတော့မှ မိမိမှာသဘောပေါက်တယ်။ မဂ္ဂဆိုတာ ဒီဟာဒယနေရာမှာ ရှုဖြစ်တာကိုပြောတာပဲ၊ ဒီလို သိသွားတယ်။ စာလိုရွတ်ရင်တော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊





သမ္မာသတိ၊ သမ္မာသမာဓိပေါ့။ ပြောတော့ ရှစ်ချက်သာပြောနေတာ ကိုယ်တွေ့နေတာက ဟဒယနေရာကို စတွေ့တော့ သတိကပ်ထားလို့ တွေ့တာ သတိမရှိရင် မတွေ့နိုင်ဘူး။ သတိနဲ့ ဝီရိယဆိုက်ပြီး မင်းဒုက္ခလို့ဆိုက်ပြီးရှုတော့မှ သမာဓိဖြစ်လာပြီး ဒီဒုက္ခကိုတွေ့တော့တာပေါ့။ ဒီတော့ သမာဓိမဂ္ဂင် သုံးပါးရတယ်။ နောက်တော့ မိမိတွေ့နေတာကို ဒုက္ခ၊ ဆင်းရဲနေပါလားလို့ဆုံးဖြတ်နိုင်တာက သမ္မာဒိဋ္ဌိ။ နောက်ပြီး အဲဒီဆင်းရဲဒုက္ခကြီးဟာ ပျက်နေပါလားလို့ ထပ်ကာ ထပ်ကာ ဆက်ရှုပေးလိုက်တာက သမ္မာသင်္ကပ္ပ ဖြစ်သွားတာပေါ့။ မဂ္ဂင်ငါးပါးပြည့်ရင် ဒီဒုက္ခဆင်းရဲကြီးဟာ ဘယ်ခံနိုင်မလဲပျက်ပြယ်ရတော့တာပေါ့။ ဖြစ်ပြီးပျက်တယ်လို့ နားလည်သွားတာပေါ့။

**ကိလေသာအစစ်ကိုတွေ့မှ ဖြစ်ပျက်အစစ်ကို မြင်မည်**

တချို့က ပါးစပ်ကဖြစ်ပျက်နဲ့ လိုက်ဆိုနေလို့မရဘူး။ များသောအားဖြင့် မျက်စိနဲ့မြင်ရင် ပါးစပ်ကဖြစ်ပျက်၊ အသံလေးကြားရင် ပါးစပ်ကဖြစ်ပျက်၊ ခလုတ်ကလေး

www.burmeseclassic.com



တိုက်မိရင် ဖြစ်ပျက်နဲ့ ပါးစပ်ဖြစ်ပျက် လုပ်နေကြတာ။ တကယ့်အဖြစ်အပျက်ကို မတွေ့ဘူး။ ဒါပေမဲ့ အကုသိုလ်တော့ မဖြစ်ဘူးပေါ့။ အမှန်ဆုံးကတော့ ရင်ထဲကရှိနေတဲ့ ကိလေသာအပူမီးကို မတွေ့မချင်း တကယ့်ဖြစ်ပျက်ကို မတွေ့သေးဘူး။

**<u>မြတ်စွာဘုရားအမြင်နှင့် မိမိအမြင်ကွာခြား</u>**

ရင်ထဲမှာတော့ တစ်စက္ကန့် ကုဋေ ၅၀၀၀ ရုပ်ကလေးတွေဖြစ်ပြီးပျက်တယ်။ စိတ်ကလေးတွေကတော့ ကုဋေတစ်သိန်း ဖြစ်ပြီးပျက်နေကြတယ်။ ဒါပေမဲ့ မိမိတို့ ဉာဏ်အားနဲ့ မတွေ့နိုင်ဘူး။ တကယ်သိနိုင်တာကတော့ မြတ်စွာဘုရား တစ်ပါးတည်းရှိပါတယ်။ မြတ်စွာဘုရားကတော့ စိတ်ကလေးတစ်စိတ်ချင်း ဖြစ်ပြီးပျက်နေတာကို သိတာပေါ့။ ဗုဒ္ဓမြတ်စွာကတော့ ဗောဓိပင်အောက် ရွှေပလ္လင်တော်ထက်မှာ တွေ့သွားတာပေါ့။ ရင်ထဲမှာ ရုပ်ကလေးတွေ ကုဋေ ၅၀၀၀ ဖြစ်ပျက်နေတယ်၊ စိတ်ကလေးတွေ ကုဋေတစ်သိန်း ဖြစ်ပြီးပျက်နေတယ်။ (ဤအကြောင်းအရာတွေကို ပိဋကတ်သုံးပုံ အဘိဓမ္မာ အခြေခံ၍ တင်ပြနေခြင်းဖြစ်ပါတယ်)။





ဒီစိတ်ကလေးတွေ လိုချင်လို့ပြန်ပေါ်လာတာပေါ့။ စိတ်သစ်ကလေးပေါ်လာတော့ ဘဝသစ်ကလေးရပြီး အို၊ နာ၊ သေပဲတွေ့ရတာပေါ့။

❋

## မြတ်စွာဘုရား မအိုရာ၊ မနာရာ၊ မသေရာကို ဘယ်လိုတွေ့ထားသလဲ

ဒီတော့ တစ်ခါ လူကမသေနိုင်သေးတော့ ကံကြောင့်လည်း ရုပ်ကလေးဖြစ်တယ်။ စိတ်ကြောင့်လည်း ရုပ်ကလေးဖြစ်တယ်။ ဥတုကြောင့်လည်း ရုပ်ကလေးဖြစ်တယ်။ အာဟာရကြောင့်လည်း ရုပ်ကလေးဖြစ်တယ်။ အဲဒီအကြောင်းတရားလေးပါး ပေါင်းဆုံတိုင်း ရုပ်သစ်ကလေးပေါ်လာပြီး စိတ်ကလေးတွေ ၁၇ ချက်ပေါ်ပြီ။ ဒီရုပ်ကလေးရော စိတ်ကလေးတွေလည်း ပျက်သွားပါတယ်။ ဒီတော့ မြတ်စွာဘုရားက ဒါ ငါ စိတ်စွဲလမ်းနေတဲ့ တဏှာကြောင့် ဖြစ်တာပဲလို့သိပြီး ကဲ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကို မလိုချင်တော့ဘူးလို့ ဆောက်မယ့်အိမ်ကို ရိုက်ချိုးဖျက်ဆီးလိုက်တဲ့အခါမှာ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ထဲမှာ နိဗ္ဗာန်ကြီးသာ ပေါ်နေတာပေါ့။

ဒီတော့မှ မြတ်စွာဘုရားက ဥဒါန်းကျူးရင့်တော်မူပါတယ်။

ဥဒါန်းပါဠိတော်

**အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ**
**ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိပုနပ္ပုနံ**
**ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ**
**သဗ္ဗာတေ ဖာသုကာဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ**
**ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ၊ ခယမဇ္ဈဂါ၊**

မြန်မာပြန်

"ငါသည် အဝိဇ္ဇာကြောင့် မသိမှုတွေနဲ့ အဖန်တလဲလဲ ပဋိသန္ဓေနေခဲ့ရခြင်းသည် အလွန်ဆင်းရဲလှပါ ပေတကား။ အဝိဇ္ဇာမသိမှုကြောင့် အကြိမ်များစွာ ဆောက်လုပ်လာသော တဏှာလက်သမားကို ငါ့ဉာဏ်နဲ့ မွှေကာ ရှာဖွေပါသော်လည်း ဝိဇ္ဇာသိမှုဉာဏ်ကို ပိုင်ပိုင် မိမိ မရရှိသေးသောကြောင့်သာ





လျှင် ဘဝများစွာ သံသရာရှည်လာခဲ့ရလေပြီ၊ ကျင်လည်ပြေးလွှားခဲ့ရလေ ပြီတကား။

ဟယ်, တဏှာယောကျ်ားလက်သမား သင့်ကို မြင်နိုင်သော၊ ပညာဉာဏ်တည်းဟူသော သဗ္ဗညုတဉာဏ် ရပြီ။ ဒါကြောင့် သင့်ကို ငါမြင်ပြီ။ သင်သည် ငါဘုရား အတွက် ခန္ဓာအိမ်ကိုမဆောက်လုပ်နိုင်တော့ပြီ။ သင်ဆောက်မည့် ကိလေသာဖြစ်သော စွဲလမ်းမှု ခင်မင်မှု တွယ်တာမှုဆိုတဲ့ ထုပ်လျှောက်ဒိုင်းမြွား အခြင်းတို့ကို ငါရိုက်ချိုးဖျက်ဆီး၍ တုန်လေပြီ။ ဒါကြောင့် ဒီခန္ဓာ အိမ်မှထွက်ပြီး ပြုပြင်စီရင်ခြင်းကင်းသော သခ်တနိဗ္ဗာန်ဓာတ်ကြီးကို ငါတွေ့ပြီ။ ငါ အာရုံပြုနိုင်ပြီ။

ဒါကြောင့် ငါ့ရဲ့ဉာဏ်ဟာ တဏှာတွေ ကုန်ဆုံးအောင် ရှုနိုင်တဲ့စွမ်းရည်ကြောင့် အရဟတ္တဖိုလ်သို့ ငါရောက်လေပြီ" ဟု ဥဒါန်းကျူးရင့်တော်မူလေသည်။

ဘဒယမှာ တရားရှုတဲ့နည်းဟာ မြတ်စွာဘုရားနည်း

ဒါကြောင့် ဒီနည်းဟာ မြတ်စွာဘုရား ဘုရားဖြစ်တဲ့ နည်းပါ။



www.burmeseclassic.com

www.burmeseclassic.com



## ကိလေသေမာရေန္တော နိဗ္ဗာနံ ဂစ္ဆတိတိ မဝွေါ

ကိလေသာကို သတ်နိုင်သော ဉာဏ်တို့သည် နိဗ္ဗာန်၌ ပုန်းပါ၏၊ အောင်းပါ၏ဟု ဆိုထားသည် မဟုတ်ပါလော။

ကိလေသာ အဘယ်မှာဖြစ်ပါသနည်း။ ဆန်းစစ်ကြစို့။ ကိလေသာဟာ မနောဟဒယရောက်မှ ကိလေသာ ဖြစ်ပါတယ်။ မျက်စိမှာ ကိလေသာ မရှိပါဘူး။ နားမှာ ကိလေသာ မရှိပါဘူး။ နှာခေါင်းမှာ ကိလေသာ မရှိပါဘူး။ ကိုယ်မှာ ကိလေသာ မရှိပါဘူး။ လျှာမှာ ကိလေသာ မရှိပါဘူး။

ဒါကြောင့် မနော၀ ဟဒယနေရာမှာပေါ်နေတဲ့ ကိလေသာကို သတ်သောနည်းသည် မြတ်စွာဘုရားရဲ့ နည်း ဖြစ်ပါတယ်။ ဒီနည်းကို တကယ်ရပါမှ နိဗ္ဗာန်ကို မြင်မှာဖြစ်ပါတယ်။

*





## တရားဓမ္မ၏အတိမ်အနက် အကျယ်အဝန်းအနက်အရှိုင်း ခဲ့လျှင် ကျယ်ပြန့်သလို ချုပ်လျှင် ကျုံ့နိုင် မြတ်စွာဘုရားသိရှိတော်မူသော တရား၏ထူးခြားသောဂုဏ်

ဒီတရားတော်တွေဟာ ဗုဒ္ဓအဆုံးအမနဲ့ ညှိပြီး ပြောပြနေခြင်းပဲဖြစ်ပါတယ်။ တကယ်တော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟောကြားခဲ့တဲ့ တရားတွေကတော့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ကျော်ရှိပါတယ်။ ဒီဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ပြန်ချုပ်လိုက်ရင် မိမိတို့ ယခုမျက်မှောက်မှာ ရှိနေတဲ့၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဆိုတဲ့ ပိဋကတ် သုံးပုံရပါတတယ်။

ပိဋကတ်များ လေ့လာဆည်းပူး သင်ယူကျက်မှတ်နေရခြင်းသည် အလွန်ပင်ပန်းခံကြရသည်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



နားလည် သဘောပေါက်ပါတယ်။ ဒါပေမဲ့ တိပိဋက ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ ကိုယ်တော်တိုင် မိန့်ကြားဖူးပါတယ်။ မိမိသိရှိတဲ့ တရားများသည် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သိတော်မူတဲ့ တရားကို တံခါးခေါက်သလောက်သာရှိကြောင်း မိန့်ပါတယ်။ မြတ်စွာဘုရားရဲ့နှလုံးသားထဲမှာ ဒီ့ထက်ကျယ်ဝန်းနက်ရှိုင်းတဲ့ သဘောတရားတွေ ရှိပါတယ်လို့ မိန့်ပါတယ်။

## အင်္ဂလိပ်စာလုံး ၂၀၀၀ ဆိုလျှင် ပြောနိုင် ဆိုနိုင် အလုပ်ဖြစ်မည်

ယခု Lingua Workshop သင်တန်းမှာ ဆရာကြီး မကြာခဏပြောလေ့ရှိပါတယ်။ အင်္ဂလိပ်စာလုံးပေါင်း သန်းနဲ့ချီပြီးရှိပါတယ်။ သူအင်္ဂလိပ်ဆရာတစ်ယောက်အနေနဲ့ အားလုံးကို မသိနိုင်ပါဘူးလို့ ဝန်ခံပြီး သိလိုလျှင် အဘိဓာန်ကို ပြန်လှန်မှသာ သိနိုင်ကြပါတယ်။ တကယ်အလုပ်ဖြစ်ချင်ရင် စာလုံးရေ ၇၀၀နှင့် ၂၀၀၀ ကြားစကားလုံးများကို ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် သုံးစွဲတတ်ရင် အလုပ်ဖြစ်ပါတယ်။





## ဒီမိဂ်၏စေတနာမေတ္တာ

ဒီလိုပဲ ဗုဒ္ဓတရားတော်များဟာ ကျယ်ဝန်းနက်ရှိုင်းသော်လည်း မိမိမှာ အားလုံးကို မသိပါဘူး။ နားမလည်ပါဘူး။ ဒါပေမဲ့ ဒီစာအုပ်တွေ ဘာတွေ ဘာလို့ရေးနေတာလဲလို့မေးရင် ဦးပဥ္စင်း မြတ်စွာဘုရားရဲ့ သစ္စာတရားကိုလိုက်ခဲ့တဲ့ အနှစ် ၃၀ အတွင်း အတွေ့အကြုံတွေကို သစ္စာဖွဲ့နိုင်သမျှ သစ္စာဖွဲ့ပြီး အများပြည်သူများ သစ္စာလမ်းကြောင်းပေါ်ကို ရောက်လာစေလိုသော စေတနာကြောင့် မိမိအတွေ့အကြုံများကို မျှဝေခြင်းဖြစ်ပါတယ်။

## ဓမ္မအဆုံးအမဟာ ခန္ဓာဖြစ်ပျက်ပါ

မြတ်စွာဘုရားရဲ့ တရားတော်ကတော့ အကျယ်ချဲ့ရင် ချဲ့သလောက် ကျယ်ဝန်းပါတယ်။ ချုံ့နိုင်ရင်လည်း ချုံ့သလောက် ကျဉ်းနိုင်ပါတယ်လို့ စာပေမှာရှိပါတယ်။ ဒီဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို အကျဉ်းချုပ်ထားတာက ဒီပိဋကတ်သုံးပုံ။ ဒီပိဋကတ်သုံးပုံကို ထပ်အကျဉ်းချုပ်မယ်ဆိုရင် ဗောဓိပက္ခိယတရား ၃၇ ပါး ရပါတယ်။ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ပေါင်း ၁၂ ပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊



www.burmeseclassic.com

www.burmeseclassic.com



၁၀ ပါးပေါင်း ၂၂ ပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ ပိဋကတ်သုံးပုံ အားလုံးတူရာတွေ စုလိုက်ရင် ဒီဗောဓိပက္ခိယတရား ၃၇ ပါးထဲကို အားလုံးအကျုံးဝင်ပါတယ်။ တစ်ခါ ဒါလည်းများသေးတယ်ဆိုရင် မဂ္ဂင်ရှစ်ပါးထဲကို ထည့်လိုက်ရင် တရားအားလုံးဝင်ပါတယ်။ တစ်ဖန် မဂ္ဂင်ရှစ်ပါးကို ထပ်ချုပ်ရင် သီလ၊ သမာဓိ၊ ပညာ သုံးမျိုးပဲ ရပါတယ်။

ဒီသုံးပါးလည်း များသေးတယ်ဆိုရင် ပညာမဂ္ဂင်တစ်ပါးတည်းဆိုလည်း ဗုဒ္ဓတရားတော်ဟာ ပြည့်စုံသွားပါတယ်။ မိမိရုပ်နာမ်ကို ဒုက္ခလို့သိမယ်၊ ဆုံးဖြတ်ချက်ချမယ်၊ ပျက်တယ်လို့ရှုခြင်းသည် မြတ်စွာဘုရား အလိုလားဆုံး အကျဉ်းချုပ်တရားလည်းဖြစ်ပါတယ်။ ဒါဟာ ပညာဉာဏ်ဦးစီးတဲ့ အသိတရားဖြစ်ပါတယ်။

ခန္ဓာ၊ အာယတန၊ ဓါတ်၊ ပဋိစ္စသမုပ္ပါဒ်

မိမိကတော့ မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ မိန့်သလို ပြောရမယ်ဆိုရင် ဒကာ၊ ဒကာမ တွေကို မိမိတတ်တဲ့ ပိဋကတ်တွေကို ခုမှသင်နေမယ်ဆိုရင်လည်း မရနိုင်တော့ဘူး။





ဒီတော့ တရားအားထုတ်တော့မယ်ဆိုရင် ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပါဒ်ကိုတော့ နားလည်ထားရင် ရှင်းလင်းနိုင်တာပေါ့။ တရားအားထုတ်လို့ရတဲ့ အဟုသုတရပြီ။ ခန္ဓာဆိုတာက ဒီခန္ဓာငါးပါးကို ပြောတာပါ။

ခန္ဓာငါးပါး

| | | | |
|---|---|---|---|
| ရူပက္ခန္ဓာရုပ် | ရုပ် | | - အသိလုံးဝမရှိပါ။ (ရုပ်တရား) |
| ဝေဒနက္ခန္ဓာ | ခံစားမှု | } | သိမှု |
| သညာက္ခန္ဓာ | မှတ်သားမှု | } | (နာမ်တရား) |
| သင်္ခါရက္ခန္ဓာ | စေ့ဆော်တိုက်တွန်းမှု | } | |
| ဝိညာဏက္ခန္ဓာ | | | သိမှု |

အကျဉ်းချုပ်တော့ ရုပ်နာမ်နှစ်ပါးကို ခေါ်ခြင်းဖြစ်ပါတယ်။

အာယတန ၆ ပါး

အတွင်းအာယတန

| | |
|---|---|
| စက္ခာယတန | မျက်စိ |
| သောတာယတန | နား |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ဃာနာယတန | နှာခေါင်း |
| ဇိဝှါယတန | လျှာ |
| ကာယာယတန | ကိုယ် |
| မနာယတန | ဟဒယ |

<u>အပြင်အာယတန</u>

| | |
|---|---|
| ရူပယတန | အဆင်း |
| သဒ္ဒါယတန | အသံ |
| ဂန္ဓာယတန | အနံ့ |
| ရသာယတန | အရသာ |
| ဖောဋ္ဌဗ္ဗာယတန | ထိတွေ့စရာ |
| ဓမ္မာယတန | တွေးထင်စရာ |

သက်ဆိုင်ရာ အာရုံကိုသာ ဖမ်းနိုင်သည်။

မျက်စိက အဆင်းကိုသာမြင်သည် ကျန်အာရုံများကို မသိပါ။ အခြား နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် စသည်တို့သည်လည်း ဆိုင်ရာအာရုံကိုသာ သိသည်။ မျက်ချက်။ ။ ဟဒယသည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် အားလုံး၏ အာရုံကိုသိနိုင်သည်။





## ဓါတ် ၁၈ ပါး

| | |
|---|---|
| စက္ခုဓာတ် | မျက်စိ |
| သောတဓာတ် | နား |
| ဂန္ဓဓာတ် | နှာခေါင်း |
| ဇိဝှာဓာတ် | လျှာ |
| ကာယဓာတ် | ကိုယ် |
| မနောဓာတ် | မနော |
| ရူပါရုံဓာတ် | အဆင်း |
| သဒ္ဒါရုံဓာတ် | အသံ |
| ဂန္ဓာရုံဓာတ် | အနံ့ |
| ရသာရုံဓာတ် | အရသာ |
| ဖောဋ္ဌဗ္ဗာရုံဓာတ် | ထိတွေ့မှု |
| ဓမ္မာရုံဓာတ် | တွေးတောမှု |
| စက္ခုဝိညာဏဓာတ် | မြင်သိ |
| သောတဝိညာဏဓာတ် | ကြားသိ |
| ဂန္ဓဝိညာဏဓာတ် | နံသိ |
| ဇိဝှာဝိညာဏဓာတ် | စားသိ |
| ကာယဝိညာဏဓာတ် | ထိတွေ့သိ |



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မနောဝိညာဏဓာတ် တွေးတောသိ

ဤဓာတ် ၁၈ ပါးတွင်လည်း ဆိုင်ရာဓာတ်များ အချင်းချင်းသာ ဆက်ဆံ၍ရကြသည်။ ဥပမာ-မျက်စိ၊ ဓာတ်နှင့် အဆင်းဓာတ်၊ မြင်သိဓာတ်သာ ဆက်ဆံ၍ ရသည်။ ကျန်ဓာတ်များလည်း အလားတူပင်ဖြစ်သည်။

မှတ်ချက် ။ ။ မနောဓာတ်သည် ကျန်အားလုံးသော ဓာတ်များနှင့် ဆက်ဆံဆက်စပ်၍ရသည်။

ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးတရား ၁၂ ပါး ရှိသည် တစ်ခုဖြစ်ပြီးတစ်ခုဖြစ်သည် အကြောင်းအကျိုး ဆက်နေသည့် တရားများဖြစ်သည်။

၁။ အဝိဇ္ဇာ ၂။ သင်္ခါရ ၃။ ဝိညာဏ် ၄။ နာမ်ရုပ် ၅။ သဠာယတန ၆။ ဖဿ ၇။ ဝေဒနာ ၈။ တဏှာ ၉။ ဥပါဒါန် ၁၀။ ကမ္မဘဝ ၁၁။ ဇာတိ ၁၂။ ဇရာမရဏ၊

မသိမှုအဝိဇ္ဇာနှင့် စွဲလမ်းမှုတဏှာကြောင့် ဤ အကြောင်းအကျိုးကြီး အဝိုင်းပြေးပြေးနေသည်။

မှတ်ချက်။ ။ သစ္စာလေးပါးသိမှုဝိဇ္ဇာကသာ စွဲလမ်းမှု တဏှာအားလုံးကို အမြစ်ပါမကျန် ပယ်ရှင်းနိုင်သည်။





## အကြောင်းအကျိုးဖြစ်စဉ်တရား

ဒီလို ခန္ဓာတွေ၊ အာယတနဓာတ်တွေဟာ ပဋိစ္စသမုပ္ပါဒ်နည်းအရ အကြောင်းအကျိုးပြုပြီး အဝိုင်းပြေးပြေးနေကြပါတယ်။ အားလုံးဟာ တစ်ခုဖြစ်ပြီး တစ်ခု ပျက်နေပါတယ်။ မိမိတို့ရဲ့ အတွင်းမနောဝ ဟဒယမှာ အားလုံးလာပြီး စုပေါင်းဆုံစည်းပြီးမှ လောဘ၊ ဒေါသ၊ မောဟတွေ ဝင်လာပါတယ်။ ဒီမနောဝဟဒယမှာ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေနဲ့ သေရတဲ့ပုဂ္ဂိုလ်တွေကို အဝိဇ္ဇာနဲ့ သေတယ်လို့ခေါ်ပါတယ်။ အဲဒီ ပုဂ္ဂိုလ်ဟာ ရုပ်နာမ်ပဲပြန်ရပါတယ်၊ ဘယ်ရုပ်နာမ်ရမလဲ ဆိုရင်၊ လောဘနဲ့သေရင် ပြိတ္တာရုပ်နာမ်ရမှာ ဖြစ်ပါတယ်။ ဒေါသနဲ့သေရင်၊ ငရဲသားရုပ်နာမ်ရမှာ ဖြစ်ပါတယ်။ မောဟနဲ့သေရင် တိရစ္ဆာန်ရုပ်နာမ်ရမှာ ဖြစ်ပါတယ်။ ဒါဟာ. . . သဘာဝလောကကြီးရဲ့ ပုံသေနည်း ဥပဒေသပဲဖြစ်ပါတယ်။ ဒီဥပဒေသကို မသိလို့ဘဲ ကျူးလွန်ကျူးလွန်၊ သိလျက်နဲ့ပဲ ကျူးလွန် ကျူးလွန်ဖြစ်ဒဏ်ကတော့ လာမှာသေချာပါတယ်။ ဒါသဘာဝ ဥပဒေသကြီးပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ အဝိဇ္ဇာကြောင့် လောဘ၊ ဒေါသ၊ မောဟ တွေလုပ်မိတဲ့အခါ ကျရောက်ရာဘဝမှာ ခန္ဓာငါးပါး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ၅ပါး ရပါတယ်။ ဒါကို ပဋိစ္စသမုပ္ပါဒ် လည်တယ်လို့ခေါ်ပါ တယ်။ ဒီလိုလည်ခဲ့တဲ့ခန္ဓာကို၊ တဏှာနဲ့ပြန်စွဲမိတော့ ဘဝတွေ ရပြန်ပါတယ်။ ပဋိစ္စသမုပ္ပာဒ် လည်ရပြန်ပါ တယ်။ ဒီလိုနဲ့သံသရာမှာ ဘဝတွေ ပြောင်းခဲ့ကြောင်း သိရင် မိမိတို့ ယခုဘဝရင်ထဲမှာ မနောဒွါရဟဒယထဲမှာ လောဘ၊ ဒေါသ၊ မောဟကြောင့် ဝေဒနာဆိုတဲ့ ပူမှု၊ ဆို့မှု၊ တစ်မှုတွေ ပေါ်ခဲ့ရင် သတိနိုင်တဲ့ဉာဏ်ကိုတည် ဆောက်ပါ။

ဒီဉာဏ်ရရင် ဒီဉာဏ်ကို ရင့်အောင်ကြိုးစားပါ။ အဲဒီဉာဏ်ရင့်လာရင် မဂ်ဉာဏ်ဖြစ်နိုင်တယ်။ မဂ်ဉာဏ်က ဖိုလ်ဉာဏ်ကူးပြီး နိဗ္ဗာန်ကြီးကို မျက်မှောက်ပြုနိုင်တယ်။ ဒီလိုနဲ့ ပိဋကတ်သုံးပုံရဲ့ အစိတ်အပိုင်းကို နားလည်နိုင် ခြင်းသည် အလုပ်ဖြစ်သော နားလည်ခြင်းဖြစ်ပါတယ်။ အသေးစိတ်သိလိုပါက ပိဋကတ် မြန်မာပြန်များကို ရှာ ဖတ်လျှင် အသေးစိတ်သိနိုင်ကြောင်း တင်ပြလိုပါတယ်။





## သစ္စာသိမှနိဗ္ဗာန်ရ

ဒီနေရာမှာ အလျဉ်းသင့်၍ တင်ပြပါမည်။ မိုးကုတ် ဆရာတော်ကြီးဦးဝိမလ မိန့်တာက သစ္စာသိမှ နိဗ္ဗာန်ကို သိနိုင်မှာ၊ သစ္စာကိုမသိဘဲနဲ့ နိဗ္ဗာန်ကို ဘယ်လိုနည်းနဲ့မှ မသိနိုင်ဘူးလို့ မိန့်ထားပါတယ်။

လူတစ်ဦးကပြောမယ် သူတော့ နိဗ္ဗာန်တွေပြီ၊ ဒါပေမဲ့ သစ္စာတော့ မသိသေးဘူးဆိုရင် သူငယ်ချင်း မင်း ရေဆာတယ်ဆိုလို့ ငါရေသယ်လာတယ်။ ဆီးဖြူရွက်နဲ့ ဆိုရင် တကယ်သယ်လာတာမဟုတ်ဘူးလို့ သိလိုက်ပါ။ တစ်ဖန် ငါ တုပ်၊တွေ၊ လျှောက်တွေ၊ ဒိုင်းတွေ၊ မြှား တွေတင်ပြီး အမိုးမိုးခဲ့တယ်။ ဒါပေမဲ့ကွာ တိုင်တော့ မပါဘူးဆို၊ တကယ်မမိုးခဲ့သေးဘူးဆိုတာ သိလိုက်ပါ။ ဒီတော့ သစ္စာသိရေးသည် အလွန်အရေးကြီးကြောင်း ထင်ရှားပါတယ်။

တကယ်သစ္စာသိဖို့အတွက် အကြံဉာဏ်ပေးတဲ့ အနေနဲ့ လက်တွေ့ကျင့်နည်းလေးကို ပြောကြည့်မယ်။ သေသေချာချာ နားထောင်ပေးပါ။

*



www.burmeseclassic.com

www.burmeseclassic.com



# လက်တွေ့ကျင့်စဲသည့် ကျင့်စဉ်၏ ကိုယ်တွေ့ အတွေ့အကြုံများကို သစ္စာလေးပါးနဲ့ တိုက်ဆိုင်စစ်ဆေး တင်ပြခြင်း

## သိ၊ ပယ်၊ ဆိုက်ပွားလေးပါးကိစ္စတရားရ

သစ္စာလေးပါးကိုသိမှ နိဗ္ဗာန်ကို သိရမှာမို့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာလို့ ရွတ်မနေပါနဲ့၊ သစ္စာသိတာဟာ လေးပါးကိစ္စပါ။

သိ၊ ပယ်၊ ဆိုက်၊ ပွား ဆိုတဲ့ ကိစ္စလေးခုကိုသိရင် သစ္စာသိတာပါပဲ။

မိမိရင်ထဲမှာ ပူတာ၊ ဆို့တာ၊ တစ်တာ၊ အောင့်တာ တွေ့ပြီလား။ တွေ့ပြီဆိုရင် ဒုက္ခ၊ ဆင်းရဲနေပါလားလို့ ဆုံးဖြတ်ချက်ချလိုက်ပါ။

ဒါဟာ ဒုက္ခကို သိတာပါပဲ။





ဒီဒုက္ခဟာ ဘာကြောင့်ဖြစ်ရသလဲဆိုတော့ လူတစ်ယောက်ဟာ မွေးကတည်းက အမေက ဒါငါ့သား၊ အဖေကလဲ ဒါငါ့သား၊ မိမိကလဲ ဒါငါ့အဖေ၊ ဒါငါ့အမေ ဆိုပြီး စွဲလမ်းခင်မင်မှု စခဲ့ကြပြီးပြီ။ မွေးစကတည်းက ခင်မင်မှု၊ စွဲလမ်းမှုက ပါလာပြီးသား ဖြစ်နေပါတယ်။ အဲဒီအချိန်ထဲက သမုဒယ အကြောင်းခံပြီးသွားပါပြီ။ သမုဒယကို လိုက်ရှာလို့မရတော့ပါ။

ဒါပေမဲ့ ဒီအမေ၊ ဒီအဖေ၊ ဒီသား၊ ဒီသမီး တစ်ခုခု ဖြစ်တော့ ကိုယ့်ရင်ထဲမှာ ဒုက္ခအနေနဲ့ ပူလာတယ်၊ ဆို့လာတယ်၊ တစ်လာတယ်၊ အောင့်လာတယ် မဟုတ်ဘူးလား။ ဒီလို သိနေတာနဲ့ သမုဒယအကြောင်းခံပြီးသား ဖြစ်သွားပါပြီ။

ဒုက္ခဆိုတဲ့ ပူတဲ့၊ တစ်တဲ့၊ အောင့်တဲ့၊ ဝေဒနာ အကျိုးတရားကြီးတစ်ခုခု ခံစားနေရပြီပေါ့။ ဒါ ဒုက္ခ ဆင်းရဲနေတဲ့ဝေဒနာ အကျိုးတရားကြီးကို တွေ့နေတာပေါ့။ တချို့က အကြောင်းတရား ရှာသတ်လို့ပြောတယ်။ အကြောင်းကို ရှာမတွေ့တော့ဘူး။ အကျိုးတရားကိုပဲ တွေ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အကျိုးတရားကို သေအောင် သတ်နိုင်တော့ အကြောင်းတရားလဲ သေတာပေါ့။

ဒါကြောင့် အကျိုး ဒုက္ခ ဆင်းရဲနေတာတွေ့ရင် ပညာဉာဏ်ဦးစီးပြီး မင်းဒုက္ခတရားဟာ ပျက်ပါတယ်လို့ ရှုလိုက်ပါ။ ဒီတော့ သမ္မာဒိဋ္ဌိ၊ ဆင်းရဲတာကို'သိ'နေပြီး သမ္မာသင်္ကပ္ပပျက်တယ်လို့ ကြံစည်ပြီးရှုတဲ့အခါ ပညာမဂ္ဂင်နှစ်ပါး ဦးစီးပြီး ရှုသလိုဖြစ်သွားတာပေါ့။ သမ္မာဒိဋ္ဌိ၊ ဒုက္ခ ဆင်းရဲနေပါလားလို့ 'သိ'တော့ ဒီဆင်းရဲကြီးကို မလိုချင်တော့ဘူး။ ဒီတော့ သမုဒယကို 'ပယ်'သလိုဖြစ်သွားတာပေါ့။

<u>တရားရနိုင်သည့် စိတ်ထိန်းချုပ်နည်းနိသ္သရည်း</u>

ယခု Lingua Workshop မှာ သင်တန်းတက် ခေါင်းလောင်းခေါက်ပြီး ငါးမိနစ်အကြာမှာ စိတ်လေ့ကျင့်ခန်း လုပ်ရတယ်။ ကိုယ့်စိတ်ဟာပြေးတယ် ပြေးတယ်လို့ ပြောကြတယ်။ စိတ်ကို ထိန်းချုပ်တဲ့နည်း မှမသိတာ ပြေးမှာပေါ့။

စိတ်ဆိုတာ ပြေးတာပဲ။ ဒီစိတ်ကို သွားပြီးချုပ်လို့ မရဘူး။ သူ့သဘောကို နားလည်ရမယ်။





ကိုယ်ထားချင်တဲ့ အာရုံပေါ်ကို ခေတ္တခဏထား ကြည့်ရတယ်။ ဒီထားတဲ့အာရုံပေါ်ကို ဘယ်လောက်ကြာကြာနေသလဲဆိုတာကို ကြည့်ရမယ်။ အကဲခတ်ရမယ်။

စိတ်ကို မပြေးပါနဲ့လို့ ပြောလို့မရဘူး။ သူသွားမှာပဲ။ သွားတာကိုသိသိပေးပြီး မိမိထားနေတဲ့နေရာလေးကို ပြန်ပြန်ခေါ်ကြည့်ပါ၊ ဥပမာ မိမိရင်ချိုင့်ပူတဲ့၊ ဆို့တဲ့၊ တစ်တဲ့နေရာကိုမှန်းပြီး ထားမယ်ဆိုရင် ရင်ထဲမှာ တစ်ခုခု ပူနေတာ၊ ဆို့နေတာလဲတွေ့မယ်။ ပြင်ပအာရုံတွေလဲ သိနေမယ်။

ဒါပေမဲ့ မိမိက အဓိက ရင်ထဲကအာရုံကို ဂရုပြုရမှာမို့ တခြားအာရုံတွေကို ဥပေက္ခာပြုရပါတယ်။ ရင်ထဲကိုပဲ ဂရုစိုက်ရပါတယ်။ ရင်ထဲမှာ ကြာကြာလေးစိုက်လို့ များများလေးသိရရင် သမာဓိအထိုက်အလျောက်ရတယ်လို့ ပြောရမယ်။

ရင်ထဲ သိနေတဲ့အချိန်မှာ အခြားအရာတွေကို မသိဘူး။ အခြားအရာတွေ သိနေရင် ရင်ထဲကိုမသိဘူး။ ဒါ ဥပဒေသပဲ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုတာ တစ်ခုပြီးမှ တစ်ခုဖြစ်လို့ တစ်ခုသိနေရင် တခြားတစ်ခုကို မသိနိုင်ပါဘူး။ ရင်ထဲကို အချိန်များများလေးရအောင် ကြိုးစားပါ၊ ဒါကိုသမာဓိရတယ်လို့ခေါ်ပါတယ်။ ဒါပေမဲ့ စိတ်ကတော့ထွက်သွားမှာပဲ။ စိတ်ရဲ့သဘာဝကိုက ထွက်တတ်တဲ့သဘောရှိတာကို အသိအမှတ်ပြုပါ။

မိမိထားလိုတဲ့နေရာမှာ ကြာကြာလေးထားလို့ ပူသလိုလို ဆို့သလိုလို တစ်သလိုလိုတွေ့ရင် ဆုံးဖြတ်ချက်ချပါ။ ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း အမှန်တရားလို့ သိပေးပါ။ ဒါကို သမာဓိရတယ်လို့ ခေါ်ပါတယ်။

မြတ်စွာဘုရားဟောတဲ့ တရားနဲ့အညီ ကျင့်ချင်တယ်ဆိုရင် လောကကြီးကို နိုင်ချင်တယ်ဆိုရင် ရင်တွင်းထဲမှာ စိတ်တွေဖြစ်နေတဲ့ နေရာလေးရှိပါတယ်။ မနောဟဒယလို့ ခေါ်ပါတယ်။

## အစိကကျသည့် မနောဟဒယ၏အရေးပါပုံ

ဒါပေမဲ့ ဟဒယဓာတ်ကတော့ တစ်ကိုယ်လုံးပျံ့နေပါတယ်။ အနုစားအမှုန်အနေနဲ့ မျက်စိမှာလည်း ရှိပါတယ်။ အဲဒီအကြည်ရုပ်ကိုတော့ စက္ခုပသာဒလို့





ခေါ်ပါတယ်။ နားမှာရှိတဲ့ အကြည်ရုပ်ကလေးကို သောတပသာဒလို့ ခေါ်ပါတယ်။ ခန္ဓာကိုယ် တစ်ကိုယ်လုံးမှာ ပသာဒတွေတိုင်းမှာ အကြည်ရုပ်ကလေးတွေ ရှိပါတယ်။

မနောဟဒယမှတစ်ပါး အခြားအကြည်ရုပ်တွေအားလုံးဟာ အတွင်းကို ဖောက်ထွင်းလို့ မရပါဘူး။ ရုပ်မှာပဲ ဆုံးနေတယ်။

မနောအကြည်ရုပ်ဖြစ်တဲ့ ဟဒယမှာတော့ အတွင်းကို ထွင်းဖောက်ဝင်လို့ရတယ်။ ဒီအကြည်ရုပ်နုကလေးတွေဟာ ပြောင်းပြောင်းနေတာကို တွေ့နိုင်ပါတယ်။ အဲဒီမနောဟဒယ နှလုံးအိမ်မှာရှိတဲ့ ရုပ်ကတော့၊ ပထမအကြမ်းစား အပူ၊ အဆို့၊ အတစ်၊ အအောင့်ကိုတွေ့မယ်။ နောက်တဖြည်းဖြည်း ရုပ်နုကလေးထဲကို ဖောက်ဝင်သွားတယ်။ အဲဒီအခါမှာ အပူလျော့သွားတယ်၊ အဆို့လျော့သွားတယ်၊ အတစ်လျော့သွားတယ်။

ဒီခန္ဓာကိုယ် ရုပ်ကြမ်းကြီးကိုစွန့်ပြီး ရုပ်နုနာမ်နုလေးထဲ ရောက်သွားလေ အပူ၊ အဆို့၊ အတစ်၊ အအောင့်တွေ လျော့လျော့လာတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ မိမိခန္ဓာဟာ ပေါ့သလိုလိုလေးဖြစ်လာတယ်။ ဒီအကြောင်းအရာတွေ အားလုံးကို ကျင့်ရင် သိနိုင်ပါတယ်။ ဒီအချိန်မှာ ဉာဏ် စပေါ်ပါတယ်။

**ဉာဏ်အကြောင်းသိကောင်းစရာ သိပြီးမှပယ်ရမှာ**

ဒီဉာဏ်က စောစောက ရင်တွင်းပူတဲ့သဘော၊ ဆို့တဲ့သဘော၊ တစ်တဲ့သဘောတွေဟာ ဆင်းရဲနေတာလို့သိလိုက်တာနဲ့ ဒီဆင်းရဲကို မလိုချင်တော့ပါ။ ဒီတော့မှ ပယ်လို့ရတယ်။

'သိ'ပြီးတော့မှ 'ပယ်'လို့ရတာ၊ မ'သိ'ဘဲနဲ့ 'ပယ်'လို့မရဘူး။

'ပယ်'လို့ရတာနဲ့ တစ်ပြိုင်နက် ဒုက္ခလေးဟာ ပျက်ပြပါတော့တယ်၊ လျော့ပြပါတော့တယ်၊ အပူလျော့သွားတယ်၊ အတစ်လျော့သွားတယ်၊ အဆို့လျော့သွားတယ်၊ ပျက်တာကိုတွေ့တဲ့ဉာဏ်ဟာ မပျက်ပါဘူးလို့ဆိုတဲ့ မြဲခြင်းကို ရိုက်ချိုးဖျက်ဆီးလိုက်တဲ့အခါ အပျက်မြင်တဲ့ဉာဏ် ပေါ်လာတာပေါ့။





**ဘယ်လိုသိလို့ ဘယ်လိုပယ်၊ ဘယ်လိုဆိုက်ပြီး ဘယ်လိုပွား**

ဒီဉာဏ်ဟာ ဒုက္ခလျော့သွားတဲ့ အပျက်ကို 'သိ'လိုက်တော့ ဩော်, အပူလျော့တာ၊ အအေးဝင်လာတာပဲလို့ 'ဆိုက်'တာကို သိလိုက်တယ်။ အဲဒီအတိုင်းပဲ အတစ်လျော့တာဟာ တင်းကျပ်မှု လျော့သွားတာပဲလို့ အသိ'ဆိုက်'သွားတယ်။

ဒီလိုပဲ 'ဆိုက်'ရောက်ပါများတော့ မိမိဉာဏ်ဟာ ပိုမိုရင့်လာတယ်။ ရင့်သည်ထက်ရင့်အောင် 'ပွား' ရပါတယ်။ ဒါဟာ သစ္စာလေးပါးကို 'သိ'၊ 'ပယ်'၊ 'ဆိုက်'၊ 'ပွား' ကိစ္စလေးရပ်နဲ့ သိနေတာဖြစ်ပါတယ်။ 'ပွား'ပါများလို့ မိမိဉာဏ်ဟာ မဂ်ဉာဏ်ဖြစ်သွားရင် နိဗ္ဗာန်ကိုတွေ့တော့တာပါပဲ။

ဒါဟာ သစ္စာသိတာနဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တာကို ကျင့်စဉ်နဲ့ ရှင်းပြတာဖြစ်ပါတယ်။ ရုပ်ကြမ်းကမ္ဘာ အပူ၊ အဆို့၊ အတစ်ကနေ ရုပ်နုကမ္ဘာထဲကို ဝင်လာတော့ ရုပ်ကြမ်းကြီးကိုမေ့လာတယ်။ ဥပေက္ခာပြုလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းပဲ ရုပ်နုကလေးတွေကလည်း ပေါ့သလို လို ငြိမ်းသလိုလိုရှိပေမယ့် နိဗ္ဗာန်ငြိမ်းတာလောက်တော့ မကောင်းသေးဘူးဆိုပြီး အဲဒီပေါ့ပေါ့ပါးပါးအသိတွေ ငြိမ်းတဲ့အသိတွေကို မင်းတို့လည်း ပျက်ပါတယ်လို့ ဆက်ရှုရင် မိမိဉာဏ်ဟာ အနုစားကိလေသာတွေကို တောင် ဖြတ်နေပြီ။

ဒီတော့ အဲဒီဉာဏ် ရင့်သည်နဲ့အမျှ ဒုက္ခတွေ လုံးဝမရှိတဲ့ ချုပ်ဆုံးနေတဲ့ အသ်ခတခေတ်ကြီးကို သွား တွေ့မှာ အမှန်ပါ။ ဒီတော့မှ နိဗ္ဗိဝ၊ နိသတ္တ၊ သုညတ၊ ဒုက္ခသစ္စာကို တွေ့ပြီးမှ နိဗ္ဗိဝ၊ နိသတ္တ၊ သုညတ၊ နိရောဓသစ္စာကို တွေ့နိုင်ပါတယ် ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်။

### သမာဓိအကြောင်း ပညတ်မှ ပရမတ်အကူး မဂ်အန္တရာယ်ဝင်ပုံနှင့် ဆရာလိုပုံ

ဒီနေရာမှာ အချို့က ပညတ်ပေါ်တင်ပြီးကြွတယ်၊ ရွေ့တယ်၊ ချတယ်နဲ့ ခြေလည်းမပျောက်၊ ခေါင်းလည်း မပျောက်၊ ပညတ်သိကြီးနဲ့ သမာဓိဖြစ်တဲ့အခါလည်း ဟာဒယကို ကိန်းပါတယ်။





ဒါပေမဲ့ ပညတ်သိကနေ ရုတ်တရက် ပရမက် အသိ၊ အကူးလေးကို နိဗ္ဗာန်ထင်တတ်ကြပါတယ်။ သတိပြုဖွယ်ကို တင်ပြခြင်းဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဟာဒယကို ကိန်းသည်နှင့်တစ်ပြိုင်တည်း ရုပ်နု နာမ်နု ကမ္ဘာထဲကို ရောက်သွားတော့ နေလို့ထိုင်လို့ ကောင်းသွားတာပေါ့။ ဒါကြောင့် အဲဒီအချိန်ကို ဒုက္ခပျက် တယ်ဆိုတဲ့ အသိဉာဏ်ပေါ်ဖို့ သိပ်အရေးကြီးပါတယ်။ ဒါဟာ မဂ်အန္တရာယ်ပါပဲ။

ဒီနေရာမှာ ဆရာအရေးကြီးပါတယ်။ ဆရာက ဒါဉာဏ်ပေါ်တာလို့ လမ်းညွှန်ပေးရပါတယ်။ ဒီတော့မှ ယောဂီဟာ ဉာဏ်ကို အသိကပ်ပြီး ဉာဏ်သိအား ကောင်းအောင် ပွားခြင်းဖြင့် နိဗ္ဗာန်ကို ဆိုက်ရောက် နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

### ခန္ဓာသိနှင့်ဉာဏ်သိ

ဒီနေရာမှာ အသိနှစ်မျိုး ကွဲသွားသည်ကိုလည်း သတိပြုရပါမယ်၊ ခန္ဓာကြီးကိုလည်း သိပါတယ်။ ဉာဏ် ကိုလည်းသိပါတယ်။ ခန္ဓာသိဟာ အို နာ သေဘက်သို့ သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သိကတော့ နိဗ္ဗာန်ဘက်ကို သွားပါတယ်။ ခန္ဓာသိကို ဥပေက္ခာပြုနိုင်လေ ဉာဏ်သိကိုအားကောင်းလေ ဖြစ်ပါတယ်။

**ဆရာအကူရမှ ဥပေက္ခာဖြင့် ခန္ဓာအဖုံးကို ဖွင့်နိုင်မည်**

ဤနေရာမှာ ဥပေက္ခာသဗ္ဗောဇ္ဈင်ဟာ သိပ်အရေးကြီးပါတယ်။ ဥပေက္ခာမပြုတတ်ရင် ခန္ဓာကြီးကို ပြန်သိနေလို့ နိဗ္ဗာန်ဘက်ကို မသွားနိုင်ပါဘူး။ ဒါကြောင့် မိုးကုတ်ဆရာတော်ကြီးက မိန့်ပါတယ်။

ခန္ဓာအဖုံးကိုဖွင့်ပြီး ဉာဏ်သိကိုကပ်နိုင်မှ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှာဖြစ်ပါတယ်။ ခန္ဓာကိုပြန်သိနေရင်တော့ အနိစ္စ၊ ဒုက္ခနဲ့ ခန္ဓာကိုယ် အနတ္တကြီးသာ လည်နေပြီး နိဗ္ဗာန်ရဲ့ နိစ္စ၊ သုခ၊ သဘာဝ အနတ္တကြီးကို မမြင်နိုင်တော့ပါ။ ဒီနေရာမှာလဲ ဆရာ အလွန်အရေးကြီးပါတယ်။

ခန္ဓာအဖုံးကိုဖွင့်နိုင်သော ဆရာကသာ သူ့ဉာဏ်နဲ့ထပ်ပြီးပြမှ ဆရာသိပြီးသား နိဗ္ဗာန်စစ်ကို တွေ့နိုင်ပါတယ်။ မိမိဘာသာကျင့်လျှင် ခန္ဓာတွင်း ငြိမ်းချမ်းမှု





ပီတိနှင့်သာ ကျေနပ်နေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ခန္ဓာအဖုံးဖွင့်နိုင်သော ဆရာကိုရှာဖွေ ပြီး ကျင့်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

ယခု မိမိပြောသွားတဲ့ အကြောင်းအရာများနဲ့ မိမိရေးထားတဲ့ စာအုပ်ထဲက အကြောင်းအရာတွေကို မေးပါက ဖြေဆိုပေးမှာဖြစ်ပါတယ်။ အခြားအကြောင်းအရာကို အသေးစိတ်သိရှိလိုပါက ပိဋကတ်သုံးပုံ မြန်မာပြန်များကို ရှာဖွေဖတ်ရှုပါရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။


လက်ခုပ်သြဘာသံများ

*



www.burmeseclassic.com

www.burmeseclassic.com






# လူငယ်များအတွက်ဒဿန
# လူငယ်များအတွက်ဓမ္မ
## အပိုင်း(၂)
## သစ္စာတရားကို သိပ္ပံနည်းကျစိစစ်ခြင်း

သစ္စာတရားကို သိပ္ပံနည်းကျ စီစစ်ခြင်းအပိုင်းကို မိမိကိုယ်တိုင်ရေးကြည့်ပါတယ်။ သို့သော် ဆရာတော်ကြီး အရှင်သီလနန္ဒာဘိဝံသ ရေးသားသော တရားဦး စာအုပ်တွင် ဖော်ပြထားသည့် ရေးသားတင်ပြချက်များလောက် မပြည့်စုံ ယထာဘူတမကျနိုင်သောကြောင့် တစ်ကြောင်း၊ ဆရာတော်ကြီး၏ အရေးအသားကို ဖတ်လိုက်ရသည့်အခါ ယုတ္တိဗေဒရှုထောင့်မှ အမျိုးမျိုး ဝေဖန်ပြထားသည့် အရေးအသား အာဘော်များကြောင့် တစ်ကြောင်း၊ စာဖတ်သူများအား မူရင်းအတိုင်း သိရစေမှ သောငှာ မိမိရေးသားသည့်ဟန်ဖြင့် ဆရာတော်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com



အာဘော်အတိုင်းမိအောင် ပြန်လည်တင်ပြလျှင် ကောင်းမည်ဟု အတွေးရခဲ့ပါတယ်။

ဒါကြောင့် မိမိထံမှာရှိသည့် လွန်ခဲ့သောနှစ်ပေါင်းလေးဆယ်က ရေးသားခဲ့သော ဆရာတော်ကြီး၏ အာဘော်များကို မိမိအရေးအနေဖြင့် ပြန်လည်တင်ပြလိုက်ပါတယ်။ စာရေးသူ ဆရာတော်ကြီးက ဗုဒ္ဓဖြစ်စဉ်အကျဉ်းကို အောက်ပါအတိုင်း တင်ပြထားပါတယ်။

## ဖြစ်တော်စဉ်အကျဉ်း

အစဦ ပြခဲ့သောလူ့သမိုင်းတွင် မှတ်တမ်းတင်ရမည့်ကိစ္စကြီး မဖြစ်ပေါ်မီ (၃၆)နှစ်လောက်က ယခုအိန္ဒိယပြည်မြောက်ဘက်ရှိ နီပေါနယ်တွင် လုမ္ဗိနီအမည်ရှိသော အင်ကြင်းတောအတွင်း၀ယ် မယ်တော်မာယာဟာ ဗုဒ္ဓအလောင်းအလျာဖြစ်တဲ့ မင်းသားကလေးကို ဖွားမြင်ခဲ့ပါတယ်။

ခမည်းတော်ကား ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး ဖြစ်ပါတယ်။ သုဒ္ဓေါဒနမင်းကြီးနှင့် မဟာမာယာဒေဝီ မိဖုရားကြီးတို့ကား သကျသာကီ၀င်





အနွယ်များဖြစ်ကြ၍ ထိုအချိန်က ဘုန်းတန်ခိုးကြီးထွားသော မင်း၊ မိဖုရားကြီးတို့ ဖြစ်ခဲ့ပါတယ်။ ရှေးဦးစွာ ခမ္မးဖွားသော သားဖြစ်၍ ဘုရင်ကြီးလည်း အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိပါတယ်။

ဘုရားအလောင်းဖွားပြီး၍ ငါးရက်မြောက် နေ့တွင် နာမည်ပေး မင်္ဂလာတို့ ပြုလုပ်ကြပါတယ်။ ထိုမင်္ဂလာသို့ ပုဏ္ဏား(၁၀၈)ယောက်ကို ပင့်ဖိတ်ကျွေးမွေး ပြီး မင်းသားလေး၏လက္ခဏာကို ပုဏ္ဏား ရှစ်ယောက် အားဖတ်စေပါတယ်။

တစ်ယောက်ကလွဲလို့ ကျန်ပုဏ္ဏားခုနှစ်ယောက်တို့က လက်နှစ်ချောင်းထောင်ပြီး. . .

"ဒီမင်းသားကလေးဟာ ခမည်းတော်ရဲ့အရိုက်အရာကိုဆက်ခံပြီး ထီးနန်းအုပ်ချုပ် မင်းလုပ်လျှင် လေးကျွန်းလုံးကို အစိုးရတဲ့ စကြာမင်းကြီးဖြစ်လိမ့်မယ်၊ ဒီလိုမဟုတ်ဘဲ အိမ်ရာထောင်တဲ့ လူ့ဘောင်ကြီးကို စွန့်ပစ်ပြီး တောထွက် ရဟန်းပြုမယ်ဆိုရင် လောကမှာ အမြတ်ဆုံးဖြစ်တဲ့ သမ္မာသမ္ဗုဒ္ဓ ဘုရားစစ်ဖြစ်လိမ့်မယ်" လို့ ဟောကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းတို့ထဲတွင် အငယ်ဆုံးဖြစ်တဲ ကောဏ္ဍည ခေါ်သော ပုဏ္ဏားသည်ကား လက်ညှိုးတစ်ချောင်းသာ ထောင်ပြီး "ဒီလိုထူးမြတ်တဲ့ လက္ခဏာတွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ အိမ်ရာထောင်တဲ့လူ့ဘောင်မှာ မနေနိုင်ပါဘူး ဧကန် တောထွက်ရဟန်းပြုပြီး ဘုရားဖြစ်ရမယ်" ဟု အတိအကျ ဟောကိန်းထုတ်ပါတော့တယ်။ သူဟောကိန်းသာ မှန်ကြောင်းလည်း စာဖတ်သူများ သိပြီးပင် မဟုတ်ပါလော။

ခမည်းတော်မင်းကြီးကား သားတော်ကလေးကို ဘယ်မှာတောထွက် ရဟန်းပြုစေချင်မလဲ။ သူ့အရိုက်အရာကို ဆက်ခံပြီး စကြာမင်းကြီးသာ ဖြစ်စေချင်ပါတယ်။

ဒါကြောင့်မို့ မင်းကြီးကဆက်လက်၍ ပုဏ္ဏားများကို "ဘာအတိတ်နိမိတ်တွေမြင်ပြီး ငါ့သားတော်ကလေး တောထွက်မှာလဲ" လို့မေးပါတယ်။

အတော်ပါးနပ်သော မင်းကြီးပါပေ။ ပုဏ္ဏားများကလည်း သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်မည့်အကြောင်း





လျှောက်တင်ကြသောအခါ "ငါ့သားတော် မြင်နိုင်ရာအရပ်မှာ သူအိုစတဲ့ မကောင်းတာတွေ ဘာမှမရှိရ၊ ငါ့သားတော် ဘုရားဖြစ်သွားတာကို ငါ အလိုမရှိ၊ စကြာမင်းဖြစ်ပြီး ကျွန်းကြီးလေးကျွန်းလုံးကို အုပ်စိုးတာကိုသာ ငါမြင်လိုတယ်" ဟု ပြန်ပြီး မိန့်တော်မူသတဲ့။

ထို့ပြင် သူ့သားတော် တောထွက်မသွားနိုင်အောင် အစီအစဉ်များကိုလည်း ပြုလုပ်ပါတယ်။

ဒီလိုနဲ့ လယ်ထွန်မင်္ဂလာပြုမည့် အချိန်သို့ရောက်ခဲ့ပါတယ်။ အဲဒီနေ့မှာ သုဒ္ဓေါဒနမင်းကြီး ကိုယ်တိုင် အခမ်းအနားနှင့် လယ်ထွန်ရမည်ဖြစ်၍ သားတော်ကလေးကို အနီးရှိ သပြေပင်အောက်မှာ အစောင့်အထိန်းတို့နှင့် ထားခဲ့ပြီး လယ်ထွန်မင်္ဂလာပြုတော်မူပါတယ်။ ဘုရင်ကိုယ်တိုင်ပါဝင်သော လယ်ထွန်မင်္ဂလာပွဲဖြစ်၍ အလွန်ပင်ကြီးကျယ်တာပေါ့။

အထိန်းတော်တို့လည်း ဝင်းလယ်ထွန်မင်္ဂလာကို ကြည့်ချင်လာကြ၍ မင်းသားကလေးကို တင်းတိမ်တွင်းအောက်မှာထားခဲ့ပြီး သွား၍ကြည့်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အထိန်းတော်တွေလည်း အတော်ကြာပြီးမှ မင်းသားလေးတစ်ပါးတည်း ပစ်ထားခဲ့ကြောင်း သတိရ၍ အမြန်ပြန်လာသောအခါ မင်းသားကလေးသည် တင်ပျဉ်ခွေပြီး ကမ္မဋ္ဌာန်းထိုင်နေသည်ကို အံ့ဖွယ်ရာတွေ့၍ မင်းကြီးအား လျှောက်ထားကြတော့တာပေါ့။

မင်းကြီးလည်း အမြန်လာ၍ သားတော်ကလေးကိုမြင်လျှင် သားတော်ကလေးကိုပင် ဦးသုံးကြိမ်ချပါတော့တယ်။ မင်းသားကလေးဟာ အာနာပါနပဉ္စမဈာန်ကိုဝင်စား၍နေခြင်းပဲ ဖြစ်ပါတယ်။ ဤအချက်ကို သတိပြုမှတ်သားထားပါ။

အဲ့ဒီနောက် မင်းသားကလေးအရွယ်ရောက် ပြီး၍ အတတ်ပညာများစုံသောအခါ သက်တော် (၁၆) နှစ်တွင် ယသောဓရာမင်းသမီးနှင့် စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ပေးပြီး ထီးနန်းကိုပါ အပ်လိုက်ပါတယ်။ ကာမဂုဏ် အပျော်အပါးတွေကိုလည်း အပြည့်အစုံပေးထားပါတယ်။

သားတော်ကလေး လောကကိုရွံမုန်းပြီး တောထွက်မသွားနိုင်စေရန် ဖြစ်ပါတယ်။





ဤကဲ့သို့သော ချမ်းသာကာမဂုဏ် အာရုံတွေကို ခံစားရင်းနှင့်ပင် (၁၃)နှစ်လုံးလုံး စံနေတော်မူခဲ့ပါတယ်။

အဲဒီအခါ တစ်နေ့တွင် ဥယျာဉ်ကစားထွက်စဉ် နိမိတ်ကြီးလေးပါးကိုမြင်ပြီး လောကကြီးရဲ့ သာယာစရာမရှိပုံကို တွေးမိလာတော့တာပေါ့။ မည်မျှပင် အဆင်းလှ၊ ပစ္စည်းဥစ္စာပေါများ၊ တန်ခိုးကြီးမားစေကာမူ နောက်ဆုံးတစ်နေ့တွင် သေမင်းခံတွင်းသို့ မလွဲမရှောင်သာ ဝင်ရမည့်အဖြစ်ကိုလည်း စဉ်းစားဆင်ခြင်မိလေတော့။

ဒီလိုသေ၍ နေရလျှင် ချမ်းသာဟူသည်မရှိနိုင်ကြောင်းကိုလည်း သဘောပေါက်၍ *"သေတဲ့သဘောရှိရင် မသေတဲ့တရားလဲရှိရမှာပဲ၊ အဲ့ဒီမသေတဲ့တရားကို ငါရအောင်ရှာနိုင်မှ ချမ်းသာအစစ်ကိုတွေ့တော့မှာဘဲ ၊ဤချမ်းသာအစစ်ကို ငါတွေ့မှသာ သတ္တဝါတွေကိုလဲ ငါကယ်တင်နိုင်တော့မှာပဲ"* အစရှိသည်ဖြင့် ဉာဏ်တော်မှာ ထင်မြင်လာခဲ့ပါတယ်။

ဒါ့အပြင် သုမေဓာရှင်ရသေ့ဘဝမှစ၍ အဆင်းရဲခံပြီး သံသရာတစ်လျှောက်တွင် ပါရမီတွေဖြည့်ခဲ့သည်မှာလည်း ဤမသေတရားကို ရှာဖို့ပင် ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပါရမီတော်တွေကလည်း ယခုဘုရားအလောင်း နောက်ဆုံးဘဝတွင် ပြည့်၍နေပေပြီ။

သို့သော် မီးခဲပြာဖုံးဆိုသလို လောကီအာရုံတွေ ကိုဖုံးလွှမ်းထား၍ သက်တော်(၂၉)နှစ်အထိ လောကီစည်းစိမ်တွေကို ခံစားနေမိခဲ့ခြင်းဖြစ်ပါတယ်။ နိမိတ်ကြီးလေးပါးကို မြင်လိုက်တဲ့အခါကျမှ အသိဉာဏ်အလင်းရောင်တွေဝင်လာပြီး တောထွက်ဖို့ကိစ္စကို လေးလေးနက်နက်စဉ်စား၍ သန္နိဋ္ဌာန်ချ ဆုံးဖြတ်လိုက်ပါတယ်။

ဒီလိုဆုံးဖြတ်ပြီးအပြန် နန်းတော်သို့ရောက်၍သားတော်ကလေးဖွားမြင်ကြောင်း သတင်းကိုကြားရသောအခါ ဝမ်းမသာသည့်အပြင် ပို၍ပင်စိတ်ရှုပ်သွားပြန်ပါတယ်။

*"ငါတော့ ကြာကြာနေရင် သာပြီးတော့ မထွက်နိုင်ဖြစ်တော့မှာဘဲ၊ ဒီနေ့ညပဲ တောထွက်တော့မယ်"* လို့ ဆုံးဖြတ်ချက်ချပြီး အဲ့ဒီညမှာပင် တောထွက်တော်မူခဲ့ပါတယ်။

တောသို့ ရောက်ပြီးနောက်တွင် ထိုခေတ်ကနာမည်ကျော်ဖြစ်သော အာဠာရရသေ့နှင့် ဥဒကရသေ့





ကြီးများထံသို့ ချဉ်းကပ်၍ မသေတရားကို ရဖို့ရန်နည်းခံခဲ့ပါတယ်။

ဒါပေမဲ့ သူလိုချင်သော မသေတရားကို ရသေ့ကြီးတို့က မပေးနိုင်ကြပေ။ နောက်ဆုံးတော့ "ကိုယ့်ကိုယ်ကိုယ် အားကိုးမှပဲ" ဟုကြံပြီး တစ်ယောက်တည်းအားထုတ်ရန် တစ်တောဝင် တစ်တောထွက်နှင့် လာခဲ့ရာ ဥရုဝေလတော မြစ်ကမ်းနားသို့ ရောက်ခဲ့ပါတယ်။

အဲ့ဒီနေရာတွင် သစ်ပင်တောအုပ်ကလည်း သာယာ၊ မြစ်ရေကလည်း ကြည်လင်သန့်ရှင်း၊ ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်ငြိမ်သက်လှရကာ တရားအားထုတ်ရန် အလွန်သင့်လျော်သဖြင့် ၎င်းနေရာမှာပင် နေ၍တစ်ယောက်တည်း တရားအားထုတ် ကျင့်တော်မူပါတော့တယ်။

သတ္တဝါအများကို ကယ်တင်ဖို့ဆိုသော ရည်ရွယ်ချက်ဖြင့် ၎င်းနေရာမှာပင်နေလျက် အပြင်းအထန်လေ့ကျင့်ပါတော့တယ်။ ထိုခေတ်ကလည်း ခန္ဓာကိုယ်ကြီးကို နှိပ်စက်နိုင်လေ အကျိုးများလေဟု အယူရှိပြီးခန္ဓာကိုယ်ကြီးကို နှိပ်စက်ခြင်းဖြင့် ဂုဏ်ယူနေသည်



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ဖြစ်ရကား ဘုရားအလောင်းတော်လည်း ဗုဒ်နည်းများကိုပင် ကျင့်ခဲ့ပါတယ်။

မည်မျှအထိ ကျင့်သနည်းဆိုလျှင် အခြားသူတွေ ကျင့်သမျှ ခန္ဓာကိုယ်ကို ညှင်းဆဲသည့် နည်းမျိုးစုံကို တစ်ယောက်တည်း ဒိုင်ခံ၍ ကျင့်သလိုပင် ဖြစ်ပါတော့တယ်။ တစ်နေ့လုံးနေမှ ပဲပြုတ်ရည် လက်တစ်ခုပ်စာလောက်သာ သောက်၍ကျင့်ခဲ့ပါတယ်။ ယင်းသို့ ကျင့်သည့်အတွက် နဂိုက ရွှေအဆင်းကဲ့သို့ဝါဝင်း၍ ရှုချင်စဖွယ် ပြည့်ဖြိုးတင့်တယ်သော ခန္ဓာကိုယ်သည် မမှတ်မိနိုင်လောက်အောင်ပင် ပိန်ကျသွားပါတော့တယ်။

အသားအရေကလည်း မည်းသွား၍ အရိုးပေါ်အရေတင်ရုံမျှသာ ကျန်ပါတော့တယ်။ ဘုရားအလောင်း ဒုက္ကရစရိယာ ကျင့်တော်မူနေဟန် ပုံတော်များကို မြင်ဖူးကြပေလိမ့်မယ်။ ဘုရားအလောင်းတော်၏ ဖြစ်ပုံသည် ထိုပုံထက်သာ၍ ဆိုးဖွယ်သာရှိပါတယ်။ လျော့မည်ကားမဟုတ်ပေ။

ဤမျှ ပင်ပန်းခံ၍သော်လည်း မိမိလိုချင်သော မသေသည့် တရားကိုကား မတွေ့သေးပေ။





အမှန်အတိုင်းဆိုရသော် ဝေးသထက်ဝေး၍သာ နေပါတော့တယ်။ ဘုရားအလောင်း တရားကျင့်နေသော တစ်ချိန်လုံးတွင်လည်း ဘုရားအလောင်း၏ လက္ခဏာကိုဖတ်ခဲ့ကြသော ကောဏ္ဍညနှင့် သူ၏အဖော် လေးယောက်တို့လည်း ရသေ့လုပ်၍ ဘုရားအလောင်းအနီးမှာပင် ဘုရားအလောင်းကိုပြုစုရင်း ရှိခဲ့ကြပါတယ်။

သူတို့က *"ဒီပုဂ္ဂိုလ်ဟာ ဧကန္တ ဘုရားဖြစ်မှာပဲ၊ သူဘုရားဖြစ်ရင် သူသိရှိတဲ့တရားကို ဟောပြလိမ့်မယ်၊ သူဟောတာကို နာပြီး၊ သူရတဲ့ တရားကို ရအောင်လုပ်မယ်"* ဆိုသည့် အကြံနှင့် နေကြပါတယ်။

ဘုရားအလောင်း အပြင်းအထန် အလွန်အမင်း ကျင့်နေစဉ်ကဆိုလျှင် သူတို့လည်း အလွန်အားတက်သရောရှိကြတာပေါ့။

သို့သော် ဘုရားအလောင်းတော်က တစ်ကိုယ်တည်း စဉ်းစားမိပါတယ်။

*"ငါဟာ ဒီတရားကိုရဖို့ကျင့်တာလဲ ခြောက်နှစ်လောက်ရှိနေပြီ၊ ပြီးတော့ ခန္ဓာကိုယ်ကို အပင်ပန်းခံပြီး ကျင့်ပါတယ်ဆိုတဲ့ လူတွေဟာ ငါထက်ပိုပြီး*



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ ကျင့်နိုင်မှာ မဟုတ်ဘူး၊ ဒါနဲ့တောင် ဒီတရားထူးကို ငါမရသေးဘူးဆိုရင် ဒီကျင့်ပုံနည်းဟာ မမှန်လို့ဖြစ်ရမယ်၊ ဒီ ငါလိုက်ခဲ့တဲ့ လမ်းဟာ လမ်းမှားကြီးပဲ၊ လမ်းမှန်ကို တွေ့အောင်ရှာဦးမှ သင့်တော်မယ်”

ဤသို့ ဆင်ခြင်းစဉ်းစားသည့်အခါတွင် မိုးမှောင်ကျနေသော ညကြီးတွင် လျှပ်စစ်လက်လိုက်သလိုပင် မိမိငယ်စဉ် ခမည်းတော်မင်းကြီး လယ်ထွန်မင်္ဂလာပြုနေတုန်းအခါက ဇမ္ဗုသပြေပင်အောက်၌ ဝင်စားခဲ့ဖူးသော အာနာပါနပဉ္စမစျာန်ကို သွား၍ သတိရမိပါတော့တယ်။

*“ငါဟာ အဲဒီအာနာပါနစျာန်ကို ဝင်စားခဲ့ဖူးတယ်၊ အဲဒီစျာန်ဟာ လမ်းမှန်ဖြစ်လေမလား”* ဟု ဆင်ခြင်လိုက်သောအခါ ထိုစျာန်သည်သာ လမ်းမှန်ဖြစ်သည်ဟု ဉာဏ်တော်တွင် ထင်မြင်လာပါတယ်။

အဲ့ဒီလို ထင်မြင်လာသည့်အားလျော်စွာ ဤလမ်းမှန်ကိုပင်လိုက်ရန် စိတ်နှလုံး ဒုံးဒုံးချဆုံးဖြတ်လိုက်လေတော့တယ်။





ယင်းသို့ ဆုံးဖြတ်ပြီးသော်လည်း လက်ရှိခန္ဓာကိုယ်သည် အလွန်ပင်ပန်း၍ ပိန်ချုံးနေရကား ဤအခြေအနေဖြင့် ဆက်လက်အားထုတ်ရန်မဖြစ်။ ခန္ဓာကိုယ်အားအင် ပြန်လည်ရရှိလာအောင် အာဟာရမှီဝဲမှ တော်မည်ဟု အကြံတော်ဖြစ်ပြီး ဆွမ်းခံလျက် အာဟာရကို မှီဝဲတော်မူပါတယ်။

အာဟာရကို ပြန်လည်မှီဝဲလိုက်သည်ဆိုလျှင်ပင် အနီးအနားၴ၌ အလုပ်အကျွေးပြုနေကြသော ရသေ့ ငါးယောက်တို့သည် . . .

*“တန်တော့ ရဟန်းဂေါတမတော့ တရားအားထုတ်ရာက လန်ကျပြီး အာဟာရတွေတောင် အများကြီး မှီဝဲနေပြီ မျှော်လင့်ချက်မရှိတော့ဘူး”* ဟု တွေးထင်၍ စိတ်ပျက်ပြီး ဘုရားအလောင်းကို စွန့်ပစ်လျက် အခြားအရပ်သို့ ထွက်သွားကြပါတယ်။

ဘုရားအလောင်းလည်း အာဟာရမှီဝဲ၍ အားအင်ပြန်လည်ပြည့်လာတော့မှ ငယ်ငယ်က ဝင်စားခဲ့ဖူးသော အာနာပါနပဉ္စမစျာန်ကို အခြေပြု၍ တစ်ယောက်တည်း ကြုံးဝါးအားထုတ်လေရာ ကဆုန်လပြည့်နေ့ အရုဏ်



www.burmeseclassic.com

www.burmeseclassic.com



တက်ချိန်မှာပင် မိမိမျှော်မှန်းလာခဲ့သော မသေတဲ့တရားကိုတွေ့ပြီး အလုံးစုံသောတရားတို့ကို အမှန်အတိုင်း ဆရာမရှိဘဲသိတော်မူတဲ့ သမ္မာသမ္ဗုဒ္ဓ ဘုရားစစ်စစ် ဖြစ်တော်မူသွားတော့တယ်။

ထိုသို့ ဘုရားဖြစ်တော်မူပြီးနောက် ဘုရားဖြစ်ရာနေရာမှာပင် တစ်လကျော်ကျော်မျှနေပြီးလျှင် တရားဟောရန် စဉ်စားသောအခါ ဘုရားအလောင်းဘဝက ပထမ ဆည်းကပ်ခဲ့ဖူးသော အာဠာရရသေ့နှင့် ဥဒကရသေ့တို့ ကွယ်လွန်ကြပြီးဖြစ်ရကား မိမိအားပြုစုခဲ့ကြ၍ အကျိုးများသော ရသေ့ငါးဦး (ပဉ္စဝဂ္ဂီ) တို့အား တရားဟောတော်မူရန် အကြံတော်ဖြစ်လာပါတယ်။

ရင်းတို့ငါးဦး ဘယ်မှာနေကြသည်ကို ဆင်ခြင်တော်မူရာ ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ နေကြကြောင်းသိတော်မူ၍ ၎င်းတို့အား တရားဦးဟောပြတော်မူရန် (၁၈)ယူဇနာဝေးသော ၎င်းတို့ရှိရာအရပ်သို့ ဘုရားရှင် ခရီးပြင်းနှင်၍ ကြွချီတော်မူလေသည်။

❋



# အမှားလမ်းစဉ်

မြတ်စွာဘုရားက "**ဒွေမေ ဘိက္ခဝေ၊ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ**" လို့ ဟောတော်မူလိုက်ပါတယ်။ ဤသို့ဟောတော်မူလိုက်သော ဘုရားရှင်ရဲ့ အသံတော်သည် ကောဏ္ဍညတို့နေရာ အရပ်မျှသာမက ဣသိပတနမိဂဒါဝုန်တော အလုံးနှင့်တကွ အထက်တွင်ဘဝဂ်၊ အောက်တွင်အဝီစိ တိုင်အောင်ရောက်၍ တစ်သောင်းသော စကြဝဠာ လောကဓာတ်ကိုပင် ပျံ့နှံ့၍သွားပါတော့တယ်။

အဲဒီလိုပျံ့နှံ့၍သွားမှသာလျှင် တစ်ဆယ့်ရှစ်ကုဋေမျှသော ဗြဟ္မာတို့လည်း တရားဦးကို နာကြရန် ဣသိပတနမိဂဒါဝုန်တောသို့ စုဝေးရောက်ရှိလာကြပါတော့တယ်။

အထက်ပါအတိုင်း ဟောတော်မူလိုက်သော မြတ်စွာဘုရား၏ အသံတော်ကား ရှင်းလင်းပြတ်သားလှပေတယ်။ စကားတစ်လုံးနှင့်တစ်လုံး ကွဲပြားပီသစွာ ထွက်၍ထွက်၍လာရကား နာယူကြသူတို့ မဟုတ်သေး၊ အသံတော်မှာ အလွန်သာယာလှသည်ဖြစ်၍ နားပျော်



www.burmeseclassic.com

www.burmeseclassic.com

ဖွယ်လည်းရှိသည်။ ထို့ပြင် အသံတော်သည် လုံးလုံးခဲခဲလည်းရှိ၍ စေ့စပ်သည်။ ဖရိုဖရဲကျဲနေသလို မဟုတ်ပေသည်သာမကသေး အသံတော်သည် နက်ရှိုင်းလှသည်။ နက်ရှိုင်း၍လည်း ပဲ့တင်ထပ်လျက်ရှိပါတယ်။

ယင်းသို့လျှင် အသံတော်၏ကောင်းခြင်းလက္ခဏာ အဖြာဖြာတို့နှင့် ပြည့်စုံလှ၍ ကြားနာသူတို့အဖို့ နားတွင် ဆိမ့်၍ဆိမ့်၍ သွားပေလိမ့်မယ်။ ဆီထိသော ဂွမ်းကဲ့သို့သော ဥပမာကို ကိုယ်တွေ့ကြုံ၍ သဘောကျသွားနိုင်ပေလိမ့်မည်။ အနက်အဓိပ္ပာယ်ကို နားမလည်သည့်တိုင်အောင် အသံတော်ကိုကြားရသည်နှင့်ပင် ကြည်ညိုမှုသဒ္ဓါနှင့် နှစ်သိမ့်မှုပီတိတို့ တဖွားဖွား ဖြစ်လောက်ပါပေတယ်။

ဤကဲ့သို့ ထူးခြားကောင်းမွန်လှသော အသံတော်ရှင်တစ်ပါးထံမှ နက်နဲသောတရားတော်များကို နာယူရသူတို့အဖို့ အဘယ်မှာ တင်းပြည့်ကျပ်ပြည့် အကျိုးမခံစားရဘဲ နေနိုင်ပါမည်နည်း။

ဘုရားရှင်သည် မိမိတရားဦးကို မဟုတ်တရားနှစ်ပါး သို့မဟုတ် အစွန်းတရားနှစ်ပါး သို့မဟုတ်





အလွန်တရားနှစ်ပါးကို ထုတ်ဖော်ခြင်းဖြင့် စလိုက်လေသည်။ လူ့အနှောင်အဖွဲ့တွေကို ဖြတ်တောက်၍ ရဟန်းအဖြစ်သို့ ကပ်ရောက်ပြီး သူတိုင်း၏ အလွန်တရား နှစ်ခု မမှီဝဲအပ်၊ မပြုအပ်၊ ၎င်းလွန်နေသော လမ်းစဉ်နှစ်ခုကိုလိုက်လျှင် မိမိတို့ ရှာဖွေတောင့်တနေသော မသေတဲ့တရားကို တွေ့နိုင်မည်မဟုတ်ဟု ဟောတော်မူလိုရင်းပင် ဖြစ်ပါပေတယ်။

## လမ်းစဉ်မှား နှစ်ခု

အဲ့ဒီလွန်နေသော လမ်းစဉ်မှား နှစ်ခုဆိုတာကလည်း အခြားမဟုတ်။ (၁)ကာမသုခလ္လိကာနုယောဂနှင့် (၂)အတ္တကိလမထာနုယောဂပင် ဖြစ်ပါတယ်။

(၁) ကာမသုခလ္လိကာနုယောဂ ဆိုတာကတော့ ကာမဂုဏ်ချမ်းသာတို့၌သာ ကပ်ငြိတွယ်ပြီး လိုက်စားသောအကျင့် ဖြစ်ပါတယ်။ အဲ့ဒီအကျင့်သည်လည်း ဟီနော- ယုတ်ညံ့လှပါတယ်။ ဂမ္မော- လူဝတ်ကြောင်တို့၏ အကျင့်သာဖြစ်ပါတယ်။ ပုထုဇ္ဇနိကော - ပညာမျက်စိကန်း၍နေသော လူသာမာန်တို့၏အကျင့်ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အနရိယော- စင်ကြယ်သန့်ရှင်း မြင့်မြတ်သောအကျင့် အရိယာအနွယ်ဝင် သူတော်စင်တို့၏ အကျင့်မဟုတ်ပေ၊ အနတ္တသံဟိတော - အကျိုးစီးပွား မရှိသော အလုပ်လည်း ဖြစ်ပါပေတယ်။

(၂) အတ္တကိလမထာနုယောဂ ဆိုသည်မှာ မိမိ၏ ခန္ဓာကိုယ်နှင့်စိတ်ကို ပင်ပန်းဆင်းရဲအောင် ပြုလုပ်ခြင်းပင်ဖြစ်၏။ ဒီအကျင့်သည်လည်း ဒုက္ခ- ဆူးပေါ်တွင် အိပ်ခြင်း စသည်ဖြင့် ဆင်းရဲနာကျင်လှသော အကျင့်ဖြစ်ပါတယ်။

အနရိယော- အရိယာအနွယ်ဝင် သူတော်စင်တို့ လိုက်နာပြုလုပ်သော အကျင့်မဟုတ်၊ အနတ္တသံဟိတော - ဤအကျင့်လည်းအကျိုးရှိသော အကျင့်မဟုတ်ပေ။

သို့ဖြစ်၍ ဆိုခဲ့ပြီးလမ်းစဉ် နှစ်ခုလုံးသည်ပင် အကျိုးမရှိ အချည်းနှီးသော လမ်းစဉ်များချည်း ဖြစ်ကြပါလေတော့တယ်။ ဤသို့ အကျိုးမရှိသော လမ်းစဉ်ချည်းဖြစ်၍ ဤလမ်းမှားနှစ်ခုကို မလိုက်မိစေနှင့်ဟု ဆိုလိုပါတယ်။ စားရေသူ ဆရာတော်ကြီးက စဉ်းစားဖွယ် တစ်ခုကို တွေးခိုင်းပါတယ်။





## စဉ်းစားဖွယ်

ဤနေရာတွင် စဉ်းစားစရာအကွက် ပေါ်လာသည်။ ဗုဒ္ဓရှင်တော်သည် အဘယ်ကြောင့် မိမိတရားဦး စလျှင်စချင်းချင်း ဤလမ်းစဉ်မှားနှစ်ခုကို ထုတ်ဖော်မိန့်ကြားတော်မူသနည်း။ ယင်းသို့ မိန့်ကြားတော်မူခြင်းသည် တရားဟောတော်မူသော ထိုအချိန်နှင့် ဘောင်ဝင်အံကျဖြစ်ပါ၏လော၊ ဤသို့ စဉ်းစားဖွယ် ပေါ်လာပါတယ်။

ဤအကြောင်းကို စဉ်းစားလိုလျှင် နောက်ကြောင်းကို အနည်းငယ်ပြန်၍ မျှော်ကြည့်ရပါမယ်။ ဘုရားလောင်း ဖွားတော်မမူမီကာလမှစ၍ပင် ဘာသာရေးဝါဒတွေ အတော်များများ ပေါ်ပေါက်ခဲ့လေရာ ထိုခေတ်တွင် လူသိအများဆုံးကား ဝါဒနှစ်ခုသာ ရှိခဲ့ပါတယ်။

ထိုတွင် ပဌမဝါဒကား လောကီချမ်းသာကို ခံစားသောဝါဒ ဖြစ်ပါတယ်။ ဤဝါဒအရ "လူဆိုသည်မှာ လောကီချမ်းသာခံစားဖို့ မွေးလာခြင်းဖြစ်တယ်။ ဒါ့ကြောင့် လောကီချမ်းသာကို ရနိုင်သမျှခံစားရမယ်။

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးသည် ဆင်းရဲသည့် ဒုက္ခဘုံကြီးဖြစ်သည် စသည်ဖြင့် ကိုယ်မတတ်တဲ့ကိစ္စကိုတွေး၍ ငြီးငွေ့နေဖွယ်မလို။ ဤလိုအတွေးများသည် လောကီစည်းစိမ်ခံစားရာတွင် အနှောင့်အယှက် မဖြစ်စေသင့်။ ကိုယ်အကျိုးရှိမည်ဆိုလျှင် မိဘပင်ဖြစ်သော်လည်း သတ်နိုင်တယ်။ မည်သည့်ကိစ္စမဆို ကိုယ်အကျိုးရှိဖို့ဆိုလျှင် လုပ်ရမယ်။

ကုသိုလ်၊ အကုသိုလ် ဆိုသည်တို့လည်း မရှိ၊ တမလွန်ဘဝသည်လည်းမရှိ။ ဤလက်ရှိ ခန္ဓာကိုယ်ကြီးသေသွားလျှင် ကိစ္စပြီးတော့တယ်။ မီးရှို့၍ ပြာဖြစ်သွားသော ဤခန္ဓာကိုယ်ကြီးသည် အဘယ်မှာ နောက်တစ်ခါ ပြန်လာနိုင်မည်နည်း။

သို့ဖြစ်၍ အနာဂတ်ဘဝဆိုသည်ကိုလည်း တွေးနေဖွယ်မလို။ အခွင့်အရေးသာသည့်အခိုက်တွင် ကာမဂုဏ်ချမ်းသာကို အားရအောင်ခံစားရမယ်။ ဤသို့စသည်ဖြင့် ဟောပြောကြပါတယ်။ ဤလမ်းစဉ်ကိုပင် မြတ်စွာဘုရားရှင်က ကာမသုခလ္လိကာနုယောဂဟု အမည်ပေးတော်မူပါတယ်။





ဤလမ်းစဉ်က ယခုခေတ် ရုပ်ဝါဒနှင့်ဆင်ဆင်တူသော "ဆရ်ဗာက"ဆရာ၏ လောကယတဝါဒမျိုးပင်ဖြစ်ပါတယ်။ ဤကာမဂုဏ်လိုက်စားသောလမ်းစဉ်ကို ဘုရားအလောင်းတော်သည် (၁၃)နှစ်တိုင်တိုင် လိုက်နာကျင့်သုံး ခံစားခဲ့ဖူးသည်ပင် မဟုတ်ပါလော။

ဒုတိယဝါဒကား တစ်မျိုးဆိုပြန်လေသည်။

"*လောကကြီးသည် ဆင်းရဲနှင့် ပြည့်နေပါတယ်၊ ဤဆင်းရဲတွေ ပြည့်နေသောလောကမှ လွတ်ဖို့ဆိုသည်မှာ လွယ်ကူသောကိစ္စမဟုတ်၊ ကာမဂုဏ်ချမ်းသာတွေကို ခံစားနေ၍မဖြစ်နိုင်၊ မိမိခန္ဓာကိုယ်ကြီးကို နှိပ်စက်ပေးမှသာဖြစ်မယ်၊ ခန္ဓာကိုယ်ကြီးကို နှိပ်စက်ပေးလျှင် မိမိ အတွင်းသန္တာန်ရှိသော ကိလေသာတွေ ခန်းခြောက်သွားမယ်၊ ကိလေသာတွေကုန်မှလဲ ဆင်းရဲလွတ်မြောက်နိုင်မယ်၊ သို့ဖြစ်၍ နေခြစ်ခြစ်တောက် ပူနေသောအခါတွင် မီးပုံလေးပုံ၏ အလယ်မှာနေရမယ်၊ ခန္ဓာကိုယ်ကြီး နာကျင်နေလျက် လောဘစတဲ့ ကိလေသာတွေ မဖြစ်နိုင်၊ ထို့ကြောင့် ဆူးပေါ်မှာ အိပ်ရမယ်၊ ဤမျ*



www.burmeseclassic.com

www.burmeseclassic.com



**မကသေး အလိုနည်းသထက်နည်းအောင် ခွေးလို၊ နွားလိုလည်း နေရမယ်”**

ဤသို့ စသည်ဖြင့် ခန္ဓာကိုယ်ကိုသာ နှိပ်စက်ဖို့ရန်သာ ဟောပြောကြပါတော့တယ်။ ဤအကျင့်က ယခုခေတ် ဟိန္ဒူယောဂီတွေ အကျင့်နှင့်တူပါတယ်။ ဤလမ်းစဉ်ကိုကား ရှင်တော်မြတ်ဘုရားက အတ္တကိလမထာနုယောဂဟု အမည်ပေးတော်မူပါတယ်။ ဤလမ်းစဉ်ကိုလည်း ဘုရားအလောင်းတော်သည် ခြောက်နှစ်ပတ်လုံး လိုက်နာကျင့်ကြံခဲ့ပါတယ်။

အထက်ဆိုခဲ့ပြီးလမ်းစဉ် နှစ်ခုကို ချုံကြည့်လျှင် နှစ်ခုလုံးပင် အနရိယောအနတ္တသံဟိတော ချည်းဖြစ်၍ သူတော်စင်တို့၏ မွန်မြတ်သော လုပ်ငန်းမဟုတ်သည်ကိုလည်းကောင်း အကျိုးမရှိသော လုပ်ငန်းများသာ ဖြစ်သည်ကိုလည်းကောင်း တွေ့ရပေမယ်။

ဤလမ်းစဉ် နှစ်ခုကို ကိုယ်တော်လိုက်နာ ကျင့်ကြံခဲ့ဖူး၍လည်း ဤလမ်းစဉ်များနှစ်ခု၏ အကျိုးမရှိပုံ၊ အသုံးမကျပုံကို ကျကျနနကြီး သိတော်မူခဲ့ခြင်းဖြစ်ပါပေတယ်။





ဘုရားအဖြစ်သို့ ရောက်တော်မူစကဆိုလျှင် *“ငါသည် ဤအကျိုးမရှိလှသော ဒုက္ကရစရိယာအကျင့်မှ အလွတ်ကြီး လွတ်လေပြီတကား”* ဟုပင် စိတ်အကြံတော်ဖြစ်ခဲ့ဖူးပါတယ်။ ဘုရားဖြစ်တော်မူစအခါဖြစ်၍ ဒုတိယဖြစ်သော အတ္တကိလမထလမ်းစဉ်၏ အကျိုးမရှိပုံက ပို၍ထင်ရှားနေပါတယ်။

သို့ဖြစ်လေရာ ယခုကဲ့သို့ လမ်းစဉ်မှားကြီး နှစ်ခုကိုလိုက်ပြီးမှ လမ်းမှန်ကိုတွေ့ရှိ၍ တရားထူးရပြီးခါစဖြစ်သော ဘုရားရှင်သည် တရားဟောလျှင် ဘာကို ဟောပေမည်နည်း။

*“ငါတော့ ဒီလမ်းစဉ်မှားကြီးနှစ်ခုကို လိုက်ခဲ့မိလို့ ငါလိုချင်တဲ့တရားနဲ့ ဝေးခဲ့ဘူးသေးတယ်၊ သင်တို့လဲ တရားထူးကို လိုချင်ရင် ဒီလမ်းစဉ်မှားကြီးတွေကို မလိုက်မိစေနဲ့”* ဟု ဟောမည်မှာ ဧကန်ပင်ဖြစ်ပါတယ်။

ယင်းသို့ ဟောခြင်းသည် သဘာဝလည်း ကျပါပေတယ်။ လမ်းစဉ်မှားကို လိုက်ခဲ့မိမှ လမ်းမှန်ကိုတွေ့ခဲ့သော မည်သူပင်မဆို အခြားသူတွေကို လမ်းမှား



www.burmeseclassic.com

www.burmeseclassic.com



မလိုက်မိဘဲ လမ်းမှန်ကိုလိုက်ဖို့ ပထမဦးဆုံးပြောမည်မှာ ကောန်ပင်မဟုတ်ပါလော။ သို့ကြောင့် ဘုရားရှင်သည် တရားဦး ဒေသနာအစတွင် ဤလမ်းစဉ်နှစ်ခု၏ မှားယွင်းပုံ အသုံးမကျပုံတို့ကို ဟောတော်မူခြင်းဖြစ်ပါတယ်။

ယင်းသို့လမ်းစဉ်မှား နှစ်ခုကို ကြားကြရလျှင် တရားနာနေသော ကောဏ္ဍညတို့ စိတ်တွင် ဤသို့ တွေးမိနေပေလိမ့်မယ်။

*"သြော်, ငါတို့အထင်ကြီးနေတဲ့ ခန္ဓာကိုယ်ကို ညှဉ်းဆဲနည်းဖြစ်တဲ့ အကျင့်တွေဟာ အကျိုးမရှိဘူး ဆိုပါကလား၊ ဒါ့ကြောင့်လဲ သိဒ္ဓတ္ထဂေါတမက အဲဒီ အကျင့်ကိုစွန့်ပြီး အာဟာရ ပြန်ပြီးမှီဝဲတာကို အဲဒီ အကျင့်ကိုစွန့်ခဲ့လို့ ဘုရားဖြစ်လာတာထောက်ရင် အဲဒီအကျင့်ဟာ ကောန်လမ်းမှားကြီးပဲ၊ ဒီဂေါတမ ဗုဒ္ဓကိုအမှီပြုပြီး ငါတို့လဲ ဒီလမ်းစဉ်ရဲ့ မှားပုံကို သိကြရပေပြီ"* ဟုကြံလျက် စိတ်ထဲတွင် ကြည်ညိုမှု နှစ်သိမ့်မှုတွေ တဖွားဖွား ဖြစ်ပေါ်နေပေလိမ့်မယ်။

နှစ်သိမ့်မှုဆိုသည်မှာလည်း ပီတိပင်ဖြစ်ပါတယ်။ ယင်းသို့ တရားနှင့်ပတ်သက်သော ပီတိဖြစ်ပေါ်လာ





လျှင် ၎င်းပီတိကိုပင် အခြေခံပြု၍ တရားထူးကို ရနိုင်လေတော့တယ်။ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားအထူးရဖို့ရာ လမ်းစပေါ်၍နေပေပြီ။

ဤကဲ့သို့ လမ်းစဉ်မှားနှစ်ခုကို ဟောတော်မူပြီးသည့်နောက်တွင် တစ်ဆက်တည်းပင် ကိုယ်တော်မြတ် ကိုယ်တိုင် ဆရာမရှိဘဲ ကိုယ့်ကိုယ်ကိုယ် အားကိုး ရှာဖွေတွေ့ရှိပြီး စမ်းသပ်အောင်မြင်ခဲ့သော လမ်းစဉ်မှန်ကို ထုတ်ဖော်ဟောပြတော်မူပါတယ်။

## လမ်းစဉ်မှန်

ဆိုခဲ့ပြီးလမ်းစဉ် နှစ်ခုကိုကြည့်လျှင် ၎င်းတို့သည် တစ်ခုနှင့်တစ်ခု ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်ကို တွေ့ရပေမည်။ ကိုယ့်နယ်နှင့်ကိုယ် အဆုံးစွန်းအစွန်းသို့ ရောက်နေကြသော ဝါဒများလည်း တရားလွန်ဖြစ်နေသော ဝါဒများ ဖြစ်ပါတယ်။

ဘုရားရှင်၏ လမ်းစဉ်မှန်သည်ကား ထိုလမ်းစဉ်များ နှစ်ခုသို့မလိုက်ဘဲ ၎င်းတို့၏ အလယ်မှာနေသော လမ်းစဉ်ဖြစ်ပါတယ်။ ပဌမလမ်းစဉ်ကဲ့သို့ ကာမချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုနောက်သို့လည်း မလိုက်၊ ဒုတိယလမ်းစဉ်၏ ခန္ဓာကိုယ်ကို အလွန်ညှဉ်းဆဲသော နည်းများကိုလည်း မသုံးဘဲ အလယ်အလတ်ကျကျ ကျင့်ကြံလိုက်နာရသော ဝါဒပင် ဖြစ်ပါပေတော့တယ်။ ဤအလယ်အလတ်ကျသော ဝါဒလမ်းစဉ်ကိုပင် ပါဠိလို **"မဇ္ဈိမပဋိပဒါ"**ဟူ၍ သမုတ်တော်မူလိုက်လေသည်။

ထိုမဇ္ဈိမပဋိပဒါခေါ်သော အလယ်အလတ် လမ်းစဉ်သည်ကား ပညာမျက်စိ အမြင်ရှိအောင်လည်း ပြုတတ်သည်။ အသိဉာဏ် အမြင်ရှိအောင်လည်း ပြုတတ်သည်။ ကိလေသာအပူတွေ ငြိမ်းအေးဖို့လည်း ဖြစ်သည်။ သစ္စာလေးပါးတရားထူးကို ထူးသောဉာဏ် အမြင်ဖြင့် သိမြင်ခြင်းငှာလည်းဖြစ်သည်။ ၎င်းတရားထူးကိုပင် အမှန်အတိုင်း သိမြင်ဖို့ရန်လည်းဖြစ်သည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရန်လည်း ဖြစ်ပေသည်။

ပညာမျက်စိ ဉာဏ်အမြင်ကို လိုချင်လျှင် မိမိရဲ့ ကိုယ်တွင်းမှာရှိတဲ့ ကိလေသာအပူတွေကို အပြီးသတ် ငြိမ်းအေးသွားစေချင်လျှင် တရားထူးကို ထိုးထွင်း၍ သိမြင်ချင်လျှင် ငါကိုယ်တော်တိုင် တွေ့ရှိစမ်းသပ်၍





အောင်မြင်ထားသည့် အလယ်အလတ်လမ်းစဉ် ဖြစ်သော **"မဇ္ဈိမပဋိပဒါ"** ကိုလိုက်နာကျင့်ကြံကြလေဟု ဆိုလိုရင်းဖြစ်ပါပေတယ်လို့ ဟောတော်မူပါတယ်။

ယင်း **"မဇ္ဈိမပဋိပဒါ"** အလယ်အလတ်လမ်းစဉ် ဆိုသည်မှာ အဘယ်နည်းဟူမူ အမြင်မှန်ရအောင် အားထုတ်ခြင်း၊ ကောင်းမြတ်သော ကုသိုလ်အကြံအစည်များကိုသာ ကြံစည်ခြင်း၊ ကောင်းမြတ်သောစကားကိုသာ ပြောဆိုခြင်း၊ ကောင်းသောအပြုအမူကိုသာ ပြုမူခြင်း၊ အပြစ်မရှိ စင်ကြယ်သော အသက်မွေးမှုဖြင့် အသက်မွေးခြင်း၊ မှန်ကန်ကောင်းမြတ်သော အားထုတ်မှုကိုသာ ပြုလုပ်ခြင်း၊ မှန်ကန်သောအမှတ်ရမှု သတိပြုမှုကို ပြုလုပ်ခြင်းနှင့် မှန်ကန်သော စိတ်၏ တည်ကြည်မှု သမာဓိဖြစ်အောင် ကြိုးစားခြင်း ဤရှစ်မျိုးပင်ဖြစ်ပါတယ်။

ဤရှစ်မျိုးကို မိမိအတွင်းသန္တာန်မှာ ဖြစ်ပေါ်နေအောင် ကျင့်ကြံနေထိုင်လျှင် ဤအလယ်အလတ်ဖြစ်သော "မဇ္ဈိမပဋိပဒါ" လမ်းစဉ်(ဝါ)ဗုဒ္ဓရှင်တော်၏မှန်ကန်သည့်လမ်းစဉ် ကိုလိုက်လိုသော အမျိုးသား၊



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတို့သည် ဆိုခဲ့ပြီးသော အလုပ်ရှစ်မျိုးကို တတ်နိုင်သလောက် ကြိုးစားအားထုတ်ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။ သစ္စာလေးပါး ဟောရပုံကို ဆရာတော်ကြီးက အောက်ပါအတိုင်း တင်ပြထားပါတယ်။

## သစ္စာလေးပါး ဟောရပုံ

ဆိုခဲ့ပြီးသော **"မဇ္ဈိမပဋိပဒါ"** လုပ်ငန်းစဉ် **ရှစ်မျိုး**တို့တွင် ပဌမဖြစ်သောအမြင်မှန်ရဖို့ **အားထုတ်ခြင်းဆို**ရာဝယ် ဘယ်ကဲ့သို့ မြင်ခြင်းမျိုးကို **အမြင်မှန်ဟုခေါ်**သနည်း။ သို့မဟုတ် ဘယ်ဟာကို **အမြင်မှန်ဟုခေါ်**သနည်း။ သို့မဟုတ် ဘယ်ဟာကိုမြင်ခြင်းကို အမြင်မှန်ဟုခေါ်သနည်းဟု စဉ်းစားစရာ ဖြစ်လာပြန်ပါတယ်။ ၎င်းစဉ်းစားစရာကို ဖြေသည့်သဘောဖြင့် ဤတရားတွေကို ကျကျနန ပိုင်ပိုင်နိုင်နိုင် ရှင်းရှင်းလင်းလင်း သိမြင်နားလည်တာမျိုးကို အမြင်မှန်ဟု ခေါ်သည်ဟု ပြဖို့ရာ ဘုရားရှင်သည် "မဇ္ဈိမပဋိပဒါ"ကို ထုတ်ဖော်အပြီးတွင် သစ္စာလေးပါးကို ဆက်လက်၍ တရားဦးတွင် ဟောပြတော်မူပြန်ပါတယ်။





ထိုစကားမှန်၏။ ဗုဒ္ဓရှင်တော်သည် တရားဦးတွင် မဇ္ဈိမပဋိပဒါလမ်းစဉ်ကိုသာ ဟောပြ၍ သစ္စာလေးပါးကို မဟောခဲ့သော် ယင်းတရားဦးသည် ဗုဒ္ဓ၏ဝါဒကို ပြည့်ပြည့်စုံစုံဖော်ပြသည်ဟု မဆိုနိုင်ပေ။ တရားဦးဆိုသည်မှာလည်း ဝါဒကြေငြာချက် တစ်မျိုးပင်ဖြစ်၍ မိမိ၏ဝါဒအပြည့်အစုံဖော်ပြရန်လည်း တရားဦးဒေသနာတွင် သစ္စာလေးပါးကို ထည့်သွင်းဟောပြတော်မူပါတယ်။

သိဒ္ဓတ္ထဂေါတမသည် အလိုရှိသောတရားထူးကို တွေ့ခဲ့ပြီဟုဆိုပါတယ်။ ယင်းတရားထူးဟူသည် အဘယ်ဟာပေနည်းဟု တရားနာပရိသတ်ဖြစ်သော ပဉ္စဝဂ္ဂီငါးဦးတို့သည် သိလိုကြပေလိမ့်မယ်။ သို့ဖြစ်၍ ၎င်းတို့အား **"ငါတွေ့ရှိခဲ့သော တရားထူးဟူသည် ဤဟာတို့ပင်တည်း"**ဟု တရားထူးကို ထင်ထင်ရှားရှားသိမြင်အောင်ပြခြင်းငှာလည်း တရားဦးဒေသနာတွင် သစ္စာလေးပါးကို ထည့်သွင်း ဟောတော်မူပါတယ်။

လောကတွင် ဝါဒသစ်ကို တီထွင်ကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့၏ဝါဒကို လိုက်နာလျှင် ရမည့်အကျိုးတရားများကို ကြေညာချက်တွင် ဖော်ပြကြရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



သို့မှလည်း မိမိ၏ ဝါဒသစ်ကို လိုက်နာချင်ကြပေလိမ့်မယ်။

ထို့အတူပင် ဗုဒ္ဓဘာသာဟူသော ဝါဒသစ်ကို ထူထောင်တော်မူသော ဘုရားရှင်သည်လည်း မိမိ၏ မရှိမပင်္ဂိုဏ်ပဒါ ဟူသော ဝါဒလမ်းစဉ်ကို လိုက်နာလျှင် ဤသို့သော အကျိုးများကိုရမည်ဟု ရရှိနိုင်မည့် အကျိုးတရားကို ပြည့်ပြည့်စုံစုံဖော်ပြလို၍လည်း တရားဦးတွင် သစ္စာလေးပါးကို ထည့်သွင်း ဟောပြောတော်မူခြင်းပဲ ဖြစ်ပါတယ်။

## ဆင်းရဲအမှန်တရား

ဒါကြောင့် မြတ်စွာဘုရားရှင်က. . .

"ဣဒံခေါပန ဘိက္ခဝေ ဒုက္ခံအရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏာမ္ပိဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခောယံပမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ပိဒုက္ခံ"

လို့ ဟောတော်မူလိုက်ပါတယ်။





ဘုရားရှင်သည် လောကမှ ထွက်မြောက်မှုကိုရှာရာ၌ အလွန်သဘာဝကျသောနည်းကို ညွှန်ပြထားပါတယ်။

ဤလောကကြီးသည် ဘာဆိုသည်ကို မသိဘဲ လောကကြီးမှ ထွက်မြောက်ရာကို ရှာသည်ဆိုလျှင် ရယ်ဖွယ်ရာသာ ဖြစ်လိမ့်မယ်။

ထို့ကြောင့် လောကမှ ထွက်မြောက်ရာကို မရှာမီ လောကကြီးသည် ဘာဖြစ်သည်ဆိုသည်ကို ရှေးဦးစွာ နားလည်အောင် စစ်ဆေးကြည့်ရှု ရပေလိမ့်မယ်။ ရှင်တော်ဘုရားသည် သက်ရှိနှင့် သက်မဲ့တကွသော အလုံးစုံသော လောကကြီးကို ကိုယ်တော်၏ ဉာဏ်ဖြင့် သေချာစွာ စစ်ဆေးကြည့်ရှုလိုက်သောအခါ ဤလောကကြီးသည် ဒုက္ခတုံးကြီးသာဖြစ်သည်ဆိုသော အချက်ကို ကျကျနနကြီး သိမြင်တော်မူလာပါတယ်။

လောကကြီး၏ အများဆိုင်အကျဉ်းချုပ်တရားကို ထုတ်ကြည့်သောအခါ "ဒုက္ခ" ဆိုသော အဖြေတစ်ခုတည်း ထွက်လာပါတယ်။ လောကကြီးတွင် ပျော်ရွှင်စရာ သာယာစရာကောင်းသည်ဟု ထင်နေရသော



www.burmeseclassic.com

www.burmeseclassic.com



အပျော်အပါးအာရုံများသည် တကယ်စစ်ကြည့်သော အခါ ချမ်းသာမဟုတ်ဘဲ ဆင်းရဲတရားတွေချည်း၊ ဒုက္ခ တရားတွေချည်းကို အမှန်အတိုင်း သိမြင်၍ လာပါ တော့တယ်။

ဤကဲ့သို့သော တရားမှန်အတိုင်း ကြည့်လျှင် ဆင်းရဲတုံးအတိသာဖြစ်သော တရားများကိုပင် ဗုဒ္ဓရှင် တော်က **"ဒုက္ခသစ္စာ (ဆင်းရဲခြင်းအမှန်တရား)"** ဟု အမည်တပ်တော်မူလိုက်ပါတယ်။

သို့ဖြစ်၍ ဤဒုက္ခသစ္စာဟူသော ဝါဒသည် အမှန် အားဖြင့်ဆိုရမူ ဂေါတမဗုဒ္ဓ၏ ကမ္ဘာကြီးအပေါ် မြင် သောအမြင်ပင် ဖြစ်ပါတယ်။ မှန်၏။ ဘုရားရှင်သည် သက်ရှိ သက်မဲ့ ကမ္ဘာကြီးတစ်ခုလုံးကို **'ဒုက္ခဆင်းရဲ'** အနေဖြင့်သာ မြင်တော်မူပါတယ်။

လောကကြီးသည် ဆင်းရဲတရားတွေနှင့် ပြည့် နေသည်ဟုဆိုရာ အဘယ်တရားများ ဟာဆင်းရဲတရား များ ဖြစ်ကြပါသလဲ။ စာရေးသူ ဆရာတော်ကြီးက အိုခြင်းဆင်းရဲကို အောက်ပါအတိုင်း တင်ပြထားပါ တယ်။





## အိုခြင်းဆင်းရဲ

သတ္တဝါတွေသည် နေ့ရှိသည်နှင့်အမျှ အို၍နေကြ ရသည်။ ငယ်စဉ်ကကဲ့သို့ တက်ကြွပြည့်ဖြိုးသော ရုပ် များလည်း တဖြည်းဖြည်း ပျောက်ကွယ်၍လာသည်။ မျက်စိများလည်း မှုန်လာ၍ မျက်မှန်ကိုပင် အားကိုး ကြရသည်။

သွားများလည်း ငယ်စဉ်ကလိုမဟုတ်၍ မာသော အစားအစာများကို မကိုက်နိုင်တော့။ နားသည်လည်း ရှေးကလို မဖျတ်လတ်တော့ဘဲ ထိုင်းချင်သလိုလိုရှိလာ ခဲ့လေပြီ။ မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ အားရှိ ပါးရှိ မလုပ်နိုင်တော့။ စိတ်သွားသော်လည်း ကိုယ် မပါတော့ပေ။

ငယ်ငယ်ကလိုပင် သန်သန်မာမာ သွက်သွက် လက်လက် လုပ်နိုင်ကိုင်နိုင်ဖြစ်လိုကြသည်။ မျက်နှာ တွင်လည်း ရှေးကလို ချောမွေ့တင်းမာ၍ လှပသော အရေအသားတို့သာ ရှိစေချင်ကြသည်။ သို့သော် အိုမင်းရင့်ရော်ခြင်း၏ ဒဏ်ကြောင့် အရေများတွန့်၍



www.burmeseclassic.com

www.burmeseclassic.com



လာသည်ကို မခံချင်ဘဲနှင့် ခံ၍နေကြရသည်။ ဆံပင်ဖြူလာသော သူများကလည်း လူမြင်မည်စိုး၍ ဆေးများဖြင့် ဆိုးကြရသည်။ သို့သော် ခေတ္တခဏသာခံ၍ ဖြူမြဲပင် ဖြူလာပြန်တော့သည်။ ဤသို့ စသည်ဖြင့် မိမိတို့ မကြိုက်နိုင်သော ပြောင်းလဲချက်တို့သည် အသက်ကြီးလာလေ ထင်ရှားလာလေဖြစ်ကြသည်။

ယင်းသို့လျှင် မအိုချင် မနာချင်ဘဲနှင့် အိုနေကြရခြင်းသည် ချမ်းသာလော၊ ဆင်းရဲလောဟု စစ်ကြည့်လျှင် "ဆင်းရဲ"ဟူသော အဖြေသာ ကေန်မုချထွက်လာပေမည်။

အမှန်အတိုင်းဆိုရလျှင် လူ့တစ်ဘဝလုံးတွင် မွေးသည့်အချိန်မှစ၍ သေသည့်အချိန်အထိ ဤဇရာခေါ်သော အိုမင်းရင့်ရော်မှု၏ဒဏ်ကို နာရီမလပ် မိနစ်မခြား အလူးအလှိမ့်ခံ၍သာ နေကြရသည်။ သို့ဖြစ်၍ အိုမင်းခြင်း ဇရာသည် "ဒုက္ခဆင်းရဲ"ဟု နားလည်လျှင် တစ်ဘဝလုံးလည်း ဒုက္ခတရား၊ ဆင်းရဲတရားသာ ဖြစ်သည်ဆိုသည်ကိုလည်း လွယ်ကူစွာ သဘောပေါက်မယ်လို့ အသေးစိတ် တင်ပြထားပါတယ်။





# နာခြင်းဆင်းရဲ

ထို့ပြင် တစ်သက်တာ အချိန်တွင် အမြဲတမ်း ကျန်းမာနေသည်ဟူ၍ မရှိနိုင်ပေ။ ဓာတ်လေးပါး ဖောက်ပြန်မှုကြောင့်ဖြစ်စေ၊ အခြားအကြောင်းများကြောင့်ဖြစ်စေ ဖျားနာမှု အနာရောဂါတို့နှင့် တစ်ချိန်မတွေ့ တစ်ချိန်တွေ့ကြရမည်မှာ သေချာလှသည်။

သာမာန်ဖျားနာမှုမျိုးမှာ ခေတ္တခဏသာဖြစ်၍ မဆိုးလှသော်လည်း အချို့သော ရောဂါတို့မှာကား တစ်သက်လုံး လူစဉ်မမီအောင် နှိပ်စက်တတ်၍ ထို့ထက်ဆိုးသော ရောဂါများမှာ အသက်ကိုပင် ရန်ရှာတတ်ပေသည်။

ဤအနာရောဂါမျိုးကိုလည်း မည်သူမျှ အလိုရှိမည်မဟုတ်ပေ။ ယင်းသို့ မိမိတို့မလိုချင်သော ကြောက်ရွံ့သော မုန်းသောအနာရောဂါတို့နှင့် တွေ့ရမြင်ရခြင်းသည်လည်း ဘဝကပေးသော ဆင်းရဲဒုက္ခတရားစစ်ပင် မဟုတ်ပါလော။

❋



www.burmeseclassic.com

www.burmeseclassic.com



## သေခြင်းဆင်းရဲ

ဤသို့ဆိုခဲ့ပြီးသည့်အတိုင်း ဘဝကြီးသည် ဇရာ ဗျာဓိခေါ်သော အိုခြင်း၊ နာခြင်းဟူသော ဆင်းရဲတရားတို့နှင့် ပြည့်နေသည်ဆိုသော်လည်း ပုပုရွရွ သတ္တဝါ မှန်သမျှသည် မိမိတို့၏ဘဝကိုကား နှစ်သက်ကြသည်။ ခင်တွယ်ကြသည်။ ဤဘဝမှ သေသွားရမည်ကို အလွန် ကြောက်ကြသည်။

သေမည်စိုး၍လည်း မသေနိုင်မည့်နည်းလမ်းများ၊ သေရသည့်တိုင်အောင် တတ်နိုင်သမျှ သေခြင်းတရားကို ဆိုင်းထားနိုင်သည့် အသက်ရှည်ဆေးများကို မှီဝဲကြရသည်။ သို့သော်လည်း သေခြင်းတရားကား သူ့အချိန် တန်လျှင် ဘယ်လိုမှ တား၍ရမည်မဟုတ်။ တံစိုးလက် ဆောင်များပေး၍ မလာပါစေနှင့်ဦးဆိုသော်လည်း တံစိုး လက်ဆောင်၏ မျက်နှာကို ထောက်မည်မဟုတ်ပေ။ ယင်းသို့လျှင် မိမိတို့ခင်တွယ်လှသော ဘဝကို စွန့်ခွာ သွားရခြင်းဟူသည်ကား တစ်ဘဝတွင် အကြီးအကျယ် ဆုံး ဆင်းရဲပင် ဖြစ်ပါပေတော့တယ်။





## ပဋိသန္ဓေနေရခြင်းဆင်းရဲ

အထက်၌ပြခဲ့သော အိုခြင်းဒုက္ခ၊ နာခြင်းဒုက္ခ သေခြင်းဒုက္ခတို့ကို သတ္တဝါတွေ အဘယ့်ကြောင့် ခံစား ကြရသနည်းဟု စဉ်းစားကြည့်သော် လူ့ဘဝ၌ လူ၏ အိုနာသေ ဒုက္ခများကို ခံစားရခြင်းသည်။ လူဖြစ်လာ သောကြောင့်ပင်ဖြစ်သည်။ ထို့အတူပင် တိရစ္ဆာန်၏ အိုနာသေ ဒုက္ခများကို ခံစားရခြင်းလည်း တိရစ္ဆာန် ဖြစ်လာသောကြောင့်ပင်ဖြစ်သည်။ နတ်ဗြဟ္မာတို့၏ အိုခြင်း၊ သေခြင်း၊ ဒုက္ခကိုလည်း နတ်ဗြဟ္မာ ဖြစ်လာ သောကြောင့်သာ ခံစားရသည်။

သို့ဖြစ်၍ ဤကဲ့သို့ အိုနာသေဒုက္ခတွေကို ခံစား နေရခြင်း၏ လက်သည်ကိုရှာလျှင် လူ့ဘဝ၊ တိရစ္ဆာန် ဘဝ၊ နတ်ဗြဟ္မာဘဝကိုပင် တွေ့ရသည်။ လူ့ပြည်မှာ ပဋိသန္ဓေနေ၍ လူဖြစ်လာသောကြောင့် လူဆင်းရဲကို ခံစားရသည်ဖြစ်ရကား လူပဋိသန္ဓေသည် လာလတ္တံ့ အိုနာသေ ဆင်းရဲတို့၏ အကြောင်း "လက်သည်" ဖြစ်၍ သူလည်းဆင်းရဲတရားပင်ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အမိဝမ်းတွင်း၌နေရစဉ် တွေ့ကြုံခံစားကြရသော ဒုက္ခများကို စဉ်းစားကြည့်လျှင်လည်း ပဋိသန္ဓေနေရခြင်း၏ ဆင်းရဲပုံကို သိမြင်နိုင်ပေသည်။ တိရစ္ဆာန်ဘဝ စသည်တို့လည်း ထိုက်သလိုစဉ်းစား၍ သိရာ၏။ ထို့ကြောင့် ပဋိသန္ဓေနေရခြင်းသည်လည်း ဆင်းရဲတရားပင်ဖြစ်ပါပေတော့တယ်။

## မချစ်သူတို့နှင့် အတူနေရခြင်းဆင်းရဲ

ရံဖန်ရံခါတွင် လူတို့သည် မိမိမချစ်မနှစ်သက်သောသူတို့နှင့် အတူနေရသောအခါမျိုးလည်း ကြုံတတ်၏။ "မတည့်အတူတူနေ" ဟူသော စကားပုံအတိုင်း မတည့်သောသူနှင့်မှ အတူနေရသော အတွေ့အကြုံများကို တွေ့ဖူးကြပေမည်။ ထိုအခါ မည်မျှစိတ်ဆင်းရဲရသည်ကို အထူးပြောဖွယ် လိုမည်မထင်။

## ချစ်သူတို့နှင့် ကွေကွင်းရခြင်းဆင်းရဲ

တခါတရံကျတော့လည်း ချစ်သူတို့နှင့် ကွေကွင်းရခြင်းမျိုးကို ကြုံတွေ့ရသည်။ ကွေကွင်း ဟူသည်၌





အတူမနေရသော ကွေကွင်းခြင်းမျိုးလည်း ရှိသည်။ သေကွဲ ကွဲရသော ကွေကွင်းခြင်းမျိုးလည်းရှိလေသည်။ မည်သို့ပင်ဖြစ်စေ မိမိတို့ချစ်နှစ်သက်သော သူတို့နှင့် အတူမနေရခြင်း၊ ကွဲကွာခြင်း ဟူသည် စပ်ခါးပြင်းထန် အခံရခက်လှသော ဆင်းရဲပင်ဖြစ်တော့သည်။ မိမိတို့နှစ်သက်သော ပစ္စည်းဥစ္စာတို့ ပျောက်ဆုံးရာ၌လည်း နည်းတူပင် ဖြစ်ပါပေတော့တယ်။

## လိုသည်ကိုမရခြင်းဆင်းရဲ

လောကတွင် လူရယ်လို့ဖြစ်လာကြလျှင် ကောင်းတာကလေးများကို တွေ့ကြုံခံစားချင်ကြသည်မှာ လူ့ဓမ္မတာပင်ဖြစ်သည်။ အိမ်ကောင်းကောင်းမှာ နေချင်သည်။ အဝတ်အစား အဆင်အပြင် အကောင်းစားများကိုမှ သုံးလိုသည်။ စိန်ရွှေလိုချင်သည်။ မော်တော်ကားပိုင်ချင်သည် စသည်ဖြင့် အလိုတို့သည် အတောမသတ်နိုင်အောင်ရှိတော့သည်။ ဆင်းရဲသောသူလည်း ဆင်းရဲသည့်အလိုက် ချမ်းသာသောသူသည် ချမ်းသာသည့်အလိုက် တောင့်တချင်သော ပစ္စည်းများရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့လိုချင်သော ပစ္စည်းများကိုရလျှင် ကျေနပ်ကြသည်။ ဝမ်းသာကြသည်။ ပျော်တပြုံးပြုံး ဖြစ်ကြသည်။ သို့သော်မရလျှင်ကား ဝမ်းနည်းကြသည်။ စိတ်မကောင်းဖြစ်ကြသည်။ ပူဆွေးကြသည်။ လိုချင်သော စိတ်ပြင်းပြမှု အနည်းအများကိုလိုက်၍ ဝမ်းနည်းမှု အနည်းအများဖြစ်ကြရသည်။ စိတ်ဆင်းရဲမှု အကြီးအငယ်ဖြစ်ကြရသည်။ ထို့ကြောင့် လိုချင်တာကိုမရခြင်းသည်လည်း ဆင်းရဲတရားတစ်ခုပင်ဖြစ်ကြောင်း ထင်ရှားလှပါပေတော့တယ်။

ဤဆင်းရဲမှုကား အကြမ်းစားမျှသာ ဖြစ်သေးသည်။ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းတို့ဖြင့် နှိပ်စက်ခံနေရသော သတ္တဝါတို့အား **"ငါတို့သည် နောင်တစ်ဖန် ပဋိသန္ဓေမနေရလျှင် မအို မနာ မသေရလျှင် ကောင်းလေစွ"** ဟု တောင့်တမိကြပေမည်။

ယင်းသို့ တောင့်တသော်လည်း မိမိတို့တောင့်တာတိုင်း မရနိုင်ခြင်းသည်လည်း ဆင်းရဲခြင်းတရားပင်ဖြစ်တော့သည်။





ဤပြခဲ့ပြီးသော ဆင်းရဲတရားတို့ကား မည်သူမှ မငြင်းဆိုနိုင်သော ဆင်းရဲတရားတို့သာ ဖြစ်သည်။ ယင်းဆင်းရဲတရားတို့ကို ဆင်းရဲမဟုတ်ပါဟု မည်သူမှ မငြင်းနိုင်ပေ။ မှန်ပါပေသည်ဟု လူတိုင်း ဝန်ခံရသော တရားသာဖြစ်ပေသည်။

အကျဉ်းချုပ်ဖြင့်ကား စာရေးသူ၊စာဖတ်သူတို့၏ ခန္ဓာကိုယ်ကြီးတစ်ခုလုံးသည်ပင် ဆင်းရဲတရားသာ ဖြစ်သည်မဟုတ်ပါလော။ ဤနေရာတွင် စာရေးသူ ဆရာတော်ကြီးက စောဒကတက်စရာ ပေါ်လာပြန်တယ်လို့ ဆိုပါတယ်။

## စောဒကတက်ဖွယ်

ဤတွင် စောဒကတက်စရာ ပေါ်လာပြန်သည်။ အချို့ကဆိုကြပေမည်။

"လောကကြီး၌ ဒုက္ခသည်သာ လွှမ်းမိုး၍နေသည်ကို မကြိုက်နိုင်ပါ။ ယင်းသို့ ဆိုခြင်းသည် လောကကို သာမန်မျှသာကြည့်၍ အဆိုးဘက်လိုက်၍ အရမ်းမှတ်ချက်ချခြင်းသာ ဖြစ်ပါသည်။ လောကကြီးတွင်



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်စရာ သာယာစရာ စိတ်အပန်းဖြေစရာ အာရုံတွေ ပေါ်လို့သည် မဟုတ်ပါလော။ ရုပ်ရှင်ရုံများ၊ ဇာတ်ပွဲရုံများ၊ အပန်းဖြေရိပ်သာများ စသည်တို့လည်း ပေါ်များလှသည် မဟုတ်ပါလော။ သားနှင့်သမီး သိုက်သိုက်မြိုက်မြိုက် နေရခြင်းလည်း ချမ်းသာသုခ တစ်မျိုးပင် မဟုတ်ပါလော။

ဤအချက်အလက်များကို လျစ်လျူရှုပြီး မျက်စိကိုမှိတ်၍ပြောမှသာ လောကကြီးဆင်းရဲအတိပြီးသည်ဟု ပြောနိုင်ပါလိမ့်မည်။ အနည်းအကျဉ်းဒုက္ခရှိသည်ကမှန်ပါသည်။ သို့သော် ထိုဒုက္ခကလွှမ်းမိုးမနေသည့်အဖြစ်သို့ကြောင့် ကမ္ဘာကြီးသည် ပို၍သာယာစရာ ဖြစ်လာရပါသည်။ ထို့ကြောင့် ကမ္ဘာကြီးသည် ဆင်းရဲတုံးကြီးပင်ဟုဆိုသော ဒုက္ခသစ္စာတရားကို မကြိုက်နိုင်ပါ”

ဤသို့စောဒကတက်ကောင်း တက်လိုကြပေမည်ဟု စောဒက တက်ပြထားသည်ကိုတွေ့ရပါတယ်။

ဒါကြောင့် ကမ္ဘာကြီးဟာ သုခလော၊ ဒုက္ခလော စိစစ်ကြည့်ပါဟု ထောက်ပြရှင်းလင်းထားသည်ကိုလည်း တွေ့ရပါတယ်။





## သုခလော၊ ဒုက္ခလော

ဤနေရာ၌ ကမ္ဘာကြီးသည် သုခလော၊ ဒုက္ခလောဟူသော ပြဿနာ ပေါ်ပေါက်လာလေသည်။ ဤပြဿနာတို့ တစ်ဖက်သတ်ကြည့်ခြင်းအားဖြင့် ဖြေရှင်း၍ မဖြစ်နိုင်ပေ။ မြင့်သော မျှော်စင်ပေါ်မှနေ၍ကြည့်သလို ကိုယ့်ကိုယ်ကိုယ် ဘဝနှင့် လွတ်လွတ်ထားပြီး ဘဝကြီးကို ကြည့်ရှုလေ့လာနိုင်မှ ဖြစ်ပေမည်။ လောကကြီး ဖြစ်လာသမျှ အဖြစ်အပျက်တို့သည် တစ်ခုတည်း သီးခြားကင်းလွတ်၍ ဖြစ်ပေါ်လာသည်ဟုမရှိ။

မိမိသည် အကြောင်းတစ်ခုခုကြောင့် ဖြစ်လာရသလို မိမိကလည်း နောင်ဖြစ်လတ္တံ့ ဖြစ်ရပ်တစ်ခုခု၏ အကြောင်းဖြစ်ပေလိမ့်ဦးမည်။ ယင်းအဖြစ်အပျက်တို့တွင် မိမိနှစ်သက်သော အရာလည်းပါ၍ နှစ်သက်စရာမဟုတ်သော အရာလည်းပါလာပေလိမ့်မည်။ ယင်းသို့ပါလာရာတွင် မနှစ်သက်စရာကြောင့် နှစ်သက်စရာများသည်ပင် မနှစ်သက်စရာဖြစ်သွားနိုင်လေသည်။

ဥပမာ အလုပ်သမားတစ်ယောက်သည် သိန်းထီပေါက်၍ လုပ်ရင်းစွဲအလုပ်မှ ထွက်ပြီးလျှင် ထီပေါက်



www.burmeseclassic.com

www.burmeseclassic.com



သော ငွေကို အရမ်းမဲ့ သုံးဖြုန်းပစ်၍ ရှိသမျှပြောင်ကာ အရင်ကထက်ပင် အခြေအနေဆိုးလျက်ရှိ၏။ ယခင်က အလုပ်မှ ထွက်လိုက်သဖြင့် အလုပ်လည်းမရှိတော့။ ထိုအခါ ထိုသူသည် ထီပေါက်ခြင်းကိုပင် သူ၏ပျက်စီးရာ ပျက်စီးကြောင်း တစ်ခုအနေဖြင့် ထင်မြင်ယူဆမိပေလိမ့်မည်။

ထို့အတူပင် ဇနီးမောင်နှံနှစ်ယောက်အား ကြာမြင့်စွာ သားသမီးမရှိရာမှ ကံအားလျော်စွာ သားကလေး တစ်ယောက်ရသည်ဆိုကြပါစို့။ မိမိတို့ အလွန်တောင့်တထားသော ရည်ရွယ်ချက် ပြည့်စုံသဖြင့် အလွန်ပင် ဝမ်းသာကြပေလိမ့်မည်။ သို့သော် ကံအကြောင်းမလှ၍ ထိုကလေးကွယ်လွန်သွားသည် ဆိုပါမူကား ကြီးစွာသော ဆင်းရဲပူဆွေးမှုကို ခံစားကြရပေလိမ့်မည်။

အထက်ပါ ဥပမာများကို ကောက်ချက်ချကြည့်လျှင် မိမိအား စိတ်ချမ်းသာ ပျော်ရွှင်မှုကို ပေးသော သက်ရှိသက်မဲ့ ပစ္စည်းဝတ္ထုတို့သည် မိမိထံမှ ပျောက်မသွားဘဲ အမြဲတည်နေမှသာ မိမိအား ထာဝစဉ် စိတ်ချမ်းသာမှုကို ပေးနိုင်ပေမည်။





သို့မဟုတ်က ချမ်းသာတုမျှကိုသာ ပေးပေလိမ့်မည်။ ထိုချမ်းသာတုကား သကြားဖုံးထားသော အဆိပ်တုံးသဖွယ်ဖြစ်၍ စင်စစ်ဆင်းရဲကြောင်းသာ ဖြစ်လေသည်။ သို့ဖြစ်ရကား ဘာမျှအမြဲတည်နေသည်မရှိသော ဤလောကကြီးတွင် ချမ်းသာစစ်ဟူ၍ မြူမျှပင်တွေ့နိုင်တော့မည်မဟုတ်။

"ဤကမ္ဘာကြီးသည် သုခမဟုတ် ဒုက္ခသာ" ဟူသောအဖြေလည်း ထွက်၍လာတော့သည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်သည် နောင်အခါ ဟောတော်မူမည့် တရားတော်တို့၌ "ယဒနိစ္စံ တံ ဒုက္ခံ =မမြဲတာမှန်သမျှ ဆင်းရဲချည်းဖြစ်သည်" ဟု ဟောတော်မူလေသည်ကို "ယဒနိစ္စံ တံ ဒုက္ခံ" ဟူသော စကားတော်သည် သုခလား၊ ဒုက္ခလား ဟူသော ပြဿနာကို ဖြေရှင်းရာတွင် အားကိုးအားထားပြုရမည့် လက်နက်ကောင်းကြီးတစ်ခုပင် ဖြစ်တော့သည်။

တစ်နည်းလည်း ချမ်းသာသည် ပျော်ရွှင်သည် ဆိုသည်မှာ မိမိအလိုပြည့်သွားသည်။ ကျေနပ်သွားသည်ဟု ဆိုလိုစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင် လူတို့သည် ပျော်ရွှင်စရာ အာရုံအမျိုးမျိုးတို့ လိုက်စားကြသော်လည်း အလိုပြည့်သွားသည်ဟူ၍ မရှိပေ။ မည်မျှပင် ကောင်းသောရုပ်ရှင်ကို ကြည့်ရစေကာမူ ရုပ်ရှင်ကြည့်လိုသော အလိုအာသာကား ပြည့်သွားသည်ဟူ၍မရှိပေ။ မရှိ၍လည်း အထပ်ထပ်ကြည့်နေကြခြင်းဖြစ်လေသည်။ အကယ်၍ အလိုပြည့်သည်ဆိုပါက ဘယ်တော့မှထပ်၍ ကြည့်လိုတော့မည်မဟုတ်ပေ။ အခြားအာရုံများ၌လည်း ဤနည်းနှင်နှင် သိရာ၏။ ထို့ကြောင့် အလိုမပြည့်လျှင် ချမ်းသာသည်ဟု မဆိုနိုင်။

မချမ်းသာလျှင် ဆင်းရဲတရားသာဖြစ်၍ အမြင်အားဖြင့် ချမ်းသာဟု ထင်ရသော အရာများသည် တကယ်စစ်ဆေးကြည့်သောအခါ ချမ်းသာဟန်ဆောင်နေသော ဆင်းရဲအစစ်မျှသာ ဖြစ်ကြလေတော့သည်။

ခေတ္တခဏ အာသာပြေမှုကိုပင် ချမ်းသာ ဟုခေါ်သည်ဆိုငြားအံ့။

ယင်းအဆိုလည်း မမှန်ပေ။ ရုပ်ရှင်ကြည့်လိုသော အာသာသည် မိမိအိမ်တွင် စည်းစိမ်နှင့် နေထိုင်နေ၍





ပြေမည်မဟုတ်၊ ၎င်းအာသာ ပြေပျောက်စေရန် ရုပ်ရှင်ရှိရာသို့သွား၍ ကြည့်ရလိမ့်မည်။ ရုပ်ရှင်သို့သွားရန် ဖြီးလိမ်းပြင်ဆင် ဝတ်စားရမှု၊ သွားရလာရမှု၊ ပိတ်ကားပေါ်ရှိအရုပ်ကို မျက်စိဖြင့် အလစ်မခံဘဲ စူးစိုက်ကြည့်ရမှု စသည်တို့ကို မလုပ်ဘဲမပြီး။

ယင်းအမှုတို့ကို လုပ်နေရခြင်းသည် ချမ်းသာလား၊ ဆင်းရဲလားဟု ကိုယ့်ကိုယ်ကိုယ် မေးကြည့်က ဆင်းရဲဟူသော အဖြေသာ ရိုးသားသော အဖြေအဖြစ်ဖြင့် ထွက်လာပေလိမ့်မည်။

အခြားအာရုံများကို ခံစားရာ၌လည်း ဤနည်းတူပင် မှတ်ရာ၏။ ထို့ကြောင့် ကောင်းသောအာရုံများကို ခံစားနေသည့်အခိုက်နှင့် ၎င်းအခိုက်၌ ရှေ့နောက်ပတ်ဝန်းကျင် အားလုံးသည်ပင် ချမ်းသာဟုထင်ရသော်လည်း အနည်းငယ်စူးစိုက်၍ ကြည့်လျှင်ပင် ဆင်းရဲအစစ်သာဖြစ်ကြောင်းကို ကောင်းကောင်းကြီး သဘောပေါက်နိုင်လောက်ပေပြီဟု ဖြေရှင်းထားပါတယ်။ တစ်ဖန်အကျကောက်စာဒနာအဖြစ် ထပ်မံ တင်ပြပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အကျကောက်စောဒနာ

ဤသို့ ဒုက္ခသစ္စာတရားတော်အရ “လောကကြီးသည် ဆင်းရဲမှုနှင့်ပြည့်နေသည်” ဟူသည်ကို အကျကောက်၍ ဗုဒ္ဓဝါဒသည် မကောင်းသည်ကိုသာ ကြည့်တတ်သောဝါဒဟု စွပ်စွဲကြသည်။ ၎င်းစွပ်စွဲချက်ကားလုံးဝ မမှန်ပေ။

ဗုဒ္ဓဝါဒသည် ဆင်းရဲဒုက္ခတွေကိုသာ အကြီးအကျယ်ပြုပြီး ဒုက္ခမှ လွတ်ရာလွတ်ကြောင်းကို မပြခဲ့လျှင်က ၎င်းတို့စွပ်စွဲချက်သည် မှန်ကောင်းမှန်ပေမည်။ သို့သော်လည်း ဗုဒ္ဓဝါဒသည် ဒုက္ခတွေကိုသာ ကြည့်ပြီး ဒီဒုက္ခတွေက လွတ်မြောက်နိုင်မှာ ထွက်နိုင်မှာ မဟုတ်သေးပါဘူးဟု စိတ်ပျက်၍ ကြိုးစားအားထုတ်မှု မရှိဘဲ ယောကျ်ားမပီမသ လက်မှိုင်ချနေသည့် ဝါဒမဟုတ် ဒုက္ခကို တကယ်မြင်အောင် ထင်အောင်ပြပြီး ဒုက္ခမှ လွတ်မြောက်ရာကိုလည်းကောင်း၊ ဒုက္ခမှ ထွက်မြောက်အောင် လုပ်နည်းကိုလည်းကောင်း သဘာဝကျကျ ပြထားသော ဝါဒဖြစ်သည်။





ထို့ကြောင့် ၎င်းတို့ စွပ်စွဲချက်သည် အခြေအမြစ်မရှိ။ ဗုဒ္ဓဝါဒကို သေချာစွာ မလေ့လာဘဲ ရမ်း၍ အပြစ်တင်ခြင်းသာ ဖြစ်ပေသည်။ ၎င်းသူတို့ကား မိမိတို့သောက်နေသော ရေကို အခြားသူတစ်ဦးတစ်ယောက်ယူ၍ မိုက်ခရိုစကုတ်အောက်မှာ တင်ကြည့်ပြီး “**မင်းတို့သောက်တဲ့ရေထဲမှာ ပိုးတွေပါတယ်**” ဟု ပြောသောအခါ ဒီလူ အလကားလိမ်ပြီး တို့ကိုစိတ်ပျက်အောင် ပြောတာပဲဟု စွပ်စွဲသူတို့ကဲ့သို့ ပညာရှိများရယ်ဖွယ်သာ ဖြစ်ပေမည်။

အထက်ပါဆင်းရဲခြင်း တရားများသည် အကြောင်းမဲ့မဟုတ်၊ အကြောင်းရှိ၍သာ ဆင်းရဲခြင်းဖြစ်ရသည်ဟု ဆင်းရဲရခြင်း၏ အကြောင်းကို ဆက်လက်ဟောတော်မူပါတယ်။

## ဆင်းရဲ၏အကြောင်းအမှန်တရား

မြတ်စွာဘုရားက ဆက်လက်၍ “ကြ္ကဒံခေါပန၊ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ ယာယံတဏှာ ပေါနော ဘဝိကာ နန္ဒီရာဂ သဟဂတာ တတြတတြ



www.burmeseclassic.com

www.burmeseclassic.com



ဘိနန္ဒိနီ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ"ဟု ဆင်းရဲ၏ အကြောင်းအမှန်တရားကိုဟောတော်မူပါတယ်။ ဤနေရာတွင် ဆရာတော်ကြီး၏ ဥပမာများသည် အလွန်သိလွယ်ပါတယ်။

လောကကြီး (ဝါ) ဘဝကြီး၏ ဆင်းရဲအတိပြည့်နေပုံကို ရေးပြခဲ့ပြီးဖြစ်၍ ဒုက္ခသစ္စာတရားကို လက်ခံနိုင်လောက်အောင်ပေးပြီး လောကကြီး (ဝါ) ဘဝကြီး ဆင်းရဲမှန်းသိသဖြင့်လည်း ဘဝမှ လွတ်မြောက်မှုကို လိုချင်ပေလိမ့်မည်။

မိမိအား အမြဲတမ်းနှိပ်စက်နေသော နေရာဌာနတွင် အဘယ်သူသည် နေချင်မည်နည်း။ ၎င်းနေရာက လွတ်မြောက်ရေးကိုသာ တွေးတော ရှာကြံမည်မှာ သဘာဝပင် ဖြစ်လေသည်။ ယခုလည်း ဆင်းရဲ၏ အကြောင်းအရာကို ကောင်းကောင်းကြီးသိပြီဖြစ်၍ ဆင်းရဲမှ အလွန်ပင်လွတ်လိုပေမည်။

ဆင်းရဲမှ လွတ်မြောက်အောင် မည်သို့ကြံမည်နည်း။ ဒုက္ခမှလွတ်ကြောင်းကို ရှာကြံရာတွင် ဗုဒ္ဓရှင်တော်သည် ဘုရားအမည်ခံ အခြားသော ဘယ်ပုဂ္ဂိုလ်





နှင့်မှ မတူသည်ကို တွေ့ရသည်။ ဒုက္ခ၏အကြောင်းကို မသိဘဲ ဒုက္ခကို ဘယ်နည်းနှင့်မှ မတိုက်ဖျက်နိုင်ပေ။ ရောဂါ၏ အကြောင်းကိုမသိဘဲ အရမ်းဆေးတိုက်၍ ရောဂါပျောက်မည် မဟုတ်ပေ။

ဤနေရာတွင် ရှင်တော်ဘုရားသည် အလွန်တတ်ကျွမ်းသော သမားတော်ကြီးနှင့်တူလေသည်။ သမားတော်ဟူသည် လူနာ၌ဖြစ်ပေါ်သောရောဂါကို ရှေးဦးစွာဆုံးဖြတ်၍ ယင်းရောဂါဖြစ်ပေါ်လာခြင်း၏ အကြောင်းကို ရှာကြံရပေမည်။ အကြောင်းကို တွေ့မှသာ ထိုအကြောင်းကို ပယ်ဖျောက်နိုင်မည့်ဆေးကို ပေးရလေသည်။ ရှင်တော်ဘုရားသည် လောကဟူသော လူနာကြီး၏ ရောဂါကို ဒုက္ခဟု ကျကျနန ဆုံးဖြတ်ပြီးနောက် ယင်းဒုက္ခရောဂါကြီး၏ အကြောင်းကို ရှာဖွေတော်မူသည်။ ထိုအကြောင်းကို တွေ့မှသာ သူ့ကိုနိုင်မည့်ဆေးကို ညွှန်ကြားတော်မူခဲ့လေသည်။ ထို့ကြောင့် ဒုက္ခကို မလိုချင် ပယ်သတ်ချင်သည်ဆိုလျှင် ဒုက္ခကိုပင် ကိုင်၍မရ၊ သူ့ကို ဖြစ်စေတတ်သောအကြောင်းကို ရှာဦးမှဖြစ်ပေမည်။ ဒုက္ခ၏ အကြောင်းက အဘယ်ပေနည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခကြောင်းရှာစရာဥပမာ

အပေါ်လွှင်ဆုံး ဥပမာတစ်ခုဖြင့် စဉ်းစားကြည့်ကြစို့။ စာဖတ်သူတွင် အမျိုးတူ အရွယ်တူ ဖောင်တိန်နှစ်ချောင်း ရှိသည်ဆိုကြပါစို့။ ထိုနှစ်ချောင်းတွင် တစ်ချောင်းကိုကား မိဘာကပေး၍ဖြစ်စေ အခြားနည်းအားဖြင့်ဖြစ်စေ သာမန်အားဖြင့်ရရှိထားသည်။ အခြားတစ်ချောင်းကိုကား မိမိအလွန်ချစ်မြတ်နိုးသူက မိမိ၏မွေးနေ့တွင် အမှတ်တရ လက်ဆောင်အဖြစ်ဖြင့်ပေး၍ ရရှိထားသည် ဆိုပါစို့။

ထိုဖောင်တိန်နှစ်ချောင်းတွင် မည်သည့်ဖောင်တိန်ပျောက်ခြင်းက စာဖတ်သူကို ဆင်းရဲဒုက္ခ ပို၍ဖြစ်စေမည်နည်း။ ရိုးရိုးသားသားဖြေပါလျှင် ချစ်မြတ်နိုးသူက ပေးထားသောပစ္စည်း ပျောက်ခြင်းက ပို၍ဒုက္ခဖြစ်စေပါသည်ဟု ဖြေရလိမ့်မည်။ ဤတွင် ပြဿနာပေါ်လာသည်။ ဖောင်တိန်နှစ်ချောင်းသည် အမျိုးတူ အရွယ်တူ တန်ဖိုးတူ ဖြစ်ပါလျက် အဘယ်ကြောင့် ၎င်းတို့ပျောက်ခြင်းကြောင့်ဖြစ်သော ဒုက္ခမတူသနည်း။ သေချာစွာ စစ်ဆေးကြည့်လျှင် စာဖတ်သူသည် ဒုတိယဖောင်တိန်အပေါ်၌ တွယ်တာမှု ငဲ့ကွက်မှု မြတ်နိုးမှု ပို၍များသည်ကို တွေ့ရပေလိမ့်မည်။ ယင်းသို့ ပို၍များသောကြောင့်လည်း ဒုက္ခအရောက်ပိုခြင်းပင်ဖြစ်သည်။

ဤသို့ ဒုက္ခပို၍ဖြစ်ခြင်းသည် ဖောင်တိန်ကြောင့်ဟုဆိုမည်လော။ ယင်းသို့ဆိုလျှင် ပထမ ဖောင်တိန်ပျောက်ရာ၌လည်း ဒုက္ခအတူတူပင်ဖြစ်လိမ့်မည်။ ယခုဒုက္ခအတူတူ မဖြစ်သည်ကို ထောက်ပြလျှင် ဖောင်တိန်ကြောင့် မဟုတ်နိုင်ပေ။ အမှန်မှာ ဖောင်တိန်ပေါ်၌ မိမိ၏တွယ်တာမြတ်နိုး ငဲ့ကွက်မှု မြတ်နိုးမှုကြောင့်သာ ဒုက္ခ ပို၍ဖြစ်ခြင်းဖြစ်စေသည်။ တွယ်တာမှု အနည်းအများကိုလိုက်၍ ဒုက္ခရောက်မှု အနည်းအများဖြစ်ရပေသည်။ သို့ဖြစ်ရာ ဖောင်တိန်ပျောက်၍ ဖြစ်ရသောဒုက္ခဆင်းရဲသည် ဖောင်တိန်ဟူသော ပစ္စည်းကြောင့်လော၊ သို့မဟုတ် တွယ်တာမှုဟူသော နာမ်တရားကြောင့်လော၊ ဖောင်တိန်ကြောင့်ဟုဆိုပါက အခြားသူများ၏ ဖောင်တိန်ပျောက်ရာ၌လည်း စိတ်ဒုက္ခအတူတူပင် ရောက်ရလိမ့်မည်။ ရောက်ကား မရောက်ခဲ့။







www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အကျဉ်းအားဖြင့်ဆိုရလျှင် ပစ္စည်းပျောက်မှုကြောင့် ဖြစ်ပေါ်လာသော စိတ်ဒုက္ခသည် ပစ္စည်းကြောင့်မဟုတ်ဘဲ ပစ္စည်းပေါ်မှာ တွယ်တာမှုကြောင့်ဆိုသည်မှာ တွယ်တာမှုမရှိသူတို့အား ဒုက္ခမဖြစ်ခြင်းပင်ဖြစ်ပေသည်။ ပစ္စည်းအပေါ် လုံးဝတွယ်တာမှုမရှိလျှင် သူ့ကြောင့်ဖြစ်ပေါ်သော ဒုက္ခသည် လုံးဝဖြစ်တော့မည် မဟုတ်ပေ။

ထို့ကြောင့် ဒုက္ခ (၀ါ) ဆင်းရဲရခြင်း၏ အကြောင်းကို ရှာပါဆိုလျှင် တွယ်တာမှုကိုပင် တွေ့ရပေမည်။ ဤတွယ်တာမှု ကပ်ငြိမှုကိုပင် ပါဠိလိုတဏှာဟုခေါ်သည်။ ထို့ကြောင့် သမုဒယသစ္စာ (၀ါ) ဒုက္ခသစ္စာ၏ အကြောင်း မှန်ဟာဘာလဲဟုမေးလျှင် "တဏှာ"ဟုပင် ဖြေရပေမည်။ "တဏှာ"ဟူသော စကား၌ သာမန်တပ်မက်မှု တွယ်တာမှုမှစ၍ ကြမ်းတမ်းသော ရာဂစသည်တို့ ပါဝင်သည်ကိုလည်း သတိပြုရာသည်။

သို့ဖြစ်ရကား ဒုက္ခသစ္စာဟူသော ဆင်းရဲတရားကို အလိုမရှိသူသည် သမုဒယသစ္စာခေါ်သော ထိုဆင်းရဲတရား၏ အကြောင်းဖြစ်သော တဏှာကို ပယ်သတ်ရ





ပေလိမ့်မည်ဟု တင်ပြထားရာ စာရေးသူ ဆရာတော်ကြီး၏ ဥပမာများသည် မိမိအဖို့ အလွန်ကွင်းကွင်းကွက်ကွက် မြင်သာပါသည်။

## ဘဝဖြစ်ကြောင်း

အထက်တွင် ဖော်ပြခဲ့ပြီးသော ဒုက္ခ၏အကြောင်းရှာပုံမှာ ဘဝတွင် ရံဖန်ရံခါတွေ့ရသော ဒုက္ခများ၏ အတွက်သာဖြစ်သေးသည်။ သို့သော် သတ္တဝါများသည် ထိုရံဖန်ရံခါ ဒုက္ခမျိုးဖြင့်သာ အနှိပ်စက်ခံနေကြရသည် မဟုတ်သေး။ မွေးလာသည်မှစ၍ သေသည်အထိ အိုခြင်း၊ သေခြင်း၊ ပဋိသန္ဓေနေရခြင်းဟူသော ရှောင်၍ မလွတ်နိုင်သော ဆင်းရဲတို့ဖြင့်လည်း အနှိပ်စက်ခံနေရသေးသည်။ ဤဒုက္ခမှ လွတ်အောင်မည်သို့ လုပ်မည်နည်း။

မိမိသည် လူအဖြစ်ဖြင့် မွေးလာသည်ဖြစ်၍ ယခုဘဝအတွက် လူအိုခြင်း၊ လူနာခြင်း၊ လူသေခြင်းတို့ကို ရှောင်မရှောင်သာ တွေ့ရပေတော့မည်။ ဤဆင်းရဲတို့မှာကား ဘယ်နည်းနှင့်မျှ လွတ်နိုင်တော့မည်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နောင်အခါအနာဂတ်တွင်ဖြစ်ပေါ်မည့် ဒီဘဝတွင်တွေ့ရသော ဆင်းရဲမျိုးကိုကား မဖြစ်အောင် တားဆီးနိုင်ပေသည်။

သစ်ပင်ကြီး၌ အသီးများရှိရာ ၎င်းအသီးများကို မလိုချင် မသီးစေချင်ဘူးဆိုလျှင် လက်ရှိအသီးများကို ခြွေချ၍မဖြစ်နိုင်ပေ။ အကြောင်းကား အသီးဟု ထင်ရှားဖြစ်ပြီးနေသောကြောင့်တည်း။ သို့သော် နောက်နှစ် နောက်နှစ်တို့တွင် သီးမည့် အသီးများကိုကား မသီးအောင် တတ်နိုင်ပေသည်။ သစ်ပင်ကြီး၏ သီးစေတတ်သော သတ္တိကုန်သွားအောင် အဆိပ်ဆူးများဖြင့်ထိုးခြင်းစသောနည်းတို့ဖြင့် ပြုပြင်လိုက်လျှင် နောင်တွင်အသီးသီးတော့မည် မဟုတ်ပေ။

ထိုနည်းတူပင် သတ္တဝါ တို့၏ သန္တာန်၌ရှိသော ပဋိသန္ဓေကိုဖြစ်စေတတ်သည့် သတ္တိရှိသော တရားကို သတ်ပေးလိုက်လျှင် နောင်တွင် ပဋိသန္ဓေဖြစ်တော့မည် မဟုတ်၍ ပဋိသန္ဓေကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသော အိုခြင်း နာခြင်း သေခြင်းဟူသော ဒုက္ခတရားလည်း ဖြစ်ပေါ်ကြတော့မည် မဟုတ်ပေ။





သို့ဖြစ်ရာ ပဋိသန္ဓေ(ဝါ)ဘဝကို ဖြစ်စေတတ်သော အကြောင်းကား အဘယ်နည်း။ လူနာခြင်း၊ သေခြင်းတို့ကိုကား မလွဲသာ မရှောင်သာ တွေ့ရပေတော့မည်။ ဤဆင်းရဲတို့မှာကား ဘယ်နည်းနှင့်မျှ လွတ်နိုင်တော့မည် မဟုတ်ပေ။ သို့သော် နောင်အခါ အနာဂတ်အတွက် ဖြစ်ပေါ်မည့် ဒီဘဝတွင်တွေ့ရသော ဆင်းရဲမှုမျိုးကိုကား မဖြစ်အောင် တားဆီးနိုင်ပေသည်။

သစ်ပင်ကြီး၏ အသီးများရှိရာ ၎င်းအသီးများကို မလိုချင် မသီးစေချင်။ ၎င်းအကြောင်းကို တွေ့မှသာ ဒုက္ခငြိမ်းမှုကို အကောင်အထည် ဖော်နိုင်ပေလိမ့်မည်။ ဒီဘဝကြီးကို ဖြစ်စေတတ်သော အကြောင်းရှိမရှိ ကြည့်ကြဦးစို့။

ရှေ့ဘဝ နောက်ဘဝရှိပုံ အထောက်အထားများကို တင်ပြရာမှာလည်း အလွန်ခိုင်လုံကြောင်း တွေ့ရပါတယ်။

*



www.burmeseclassic.com

www.burmeseclassic.com



## ရှေ့ဘဝ နောက်ဘဝရှိပုံ အထောက်အထား

လွန်ခဲ့သော (၄-၅)နှစ်ခန့်က မြန်မာပြည်သို့ သကုန္တလဒေဝီ ခေါ် အိန္ဒိယအမျိုးသမီး တစ်ယောက် ရောက်လာခဲ့သည်။ သူသည် သင်္ချာအရာတွင် သူမတူ အောင် တော်သောကြောင့် အနောက်နိုင်ငံ သင်္ချာ ပါရဂူများပင် အံ့သြကြရသည်။ ဂဏန်းတွက်သောစက် နှင့်ပင် အပြိုင်အဆိုင် တွက်ခဲ့သည်ဟုဆိုသည်။ ဤမျှ ဤအမျိုးသမီးသည် ဉာဏ်ကောင်းလှသည်။

ဤအမျိုးသမီး ဤမျှဉာဏ်ကောင်းရခြင်းမှာ ဘာကြောင့်နည်း။ မျိုးရိုးလိုက်ခြင်းဟု ဆိုမည်လော၊ ယင်းသို့ဆိုလျှင် သူ၏မိဘများလည်း သူလိုပင် ဉာဏ် ကောင်းရပေလိမ့်မည်။ ကောင်းကား မကောင်းခဲ့၊ ကောင်းခဲ့လျှင် သူလိုပင် ကမ္ဘာကျော်ပေမည်။ ပတ်ဝန်း ကျင် သင်ပြပေးမှုမျိုးကိုရသော အခြားများစွာသော သူတို့ကား အဘယ့်ကြောင့် သူ့လောက် ဉာဏ်မကောင်း ကြပါသနည်း။





ယင်းအမျိုးသမီး ဉာဏ်ကောင်းခြင်းမှာ အကြောင်း မဲ့သက်သက်ဖြစ်သည်ဟု ဆိုမည်လော။ ဤသို့ဆိုလျှင် မည်သည့်သဘောတရားမျိုးမဆို အကြောင်းမကင်း ဟူသော အကျိုးအကြောင်းဆက်သွယ်မှု ကမ္ဘာ့နိယာမ တရားကို လွန်ဆန်ရာကျပေလိမ့်မည်။ ဦးနှောက်ကောင်း သောကြောင့် ဉာဏ်ကောင်းသည်ဟု ပြောငြားအံ့၊ ဘာ့ ကြောင့် ဦးနှောက်ကောင်းရသနည်းဟူသော ပုစ္ဆာလည်း နောက်မှ ထက်ကြပ်မကွာ ပါလာဦးမည်ပင်ဖြစ်သည်။

သို့ဖြစ်ရာ ဤအမျိုးသမီး ဉာဏ်ကောင်းရခြင်း၏ အကြောင်းကို ဤဘဝတွင်ရှာ၍ကား မတွေ့နိုင်တော့ပြီ။ ဉာဏ်ကောင်းခြင်းသည် အကြောင်းမဲ့ မဟုတ်၍ အကြောင်းကိုတွေ့အောင်ရှာမည်ဆိုလျှင် ယင်းအမျိုးသမီး ဤဘဝသို့မရောက်မီ ရှေ့တွင် ဘဝတစ်ခုရှိခဲ့ရဦးမည်ဟု ဆိုလိုသည်။ (ဤသို့ စဉ်းစားဆင်ခြင်ခြင်းဖြင့်ပင် သတ္တဝါ တို့အား ဤဘဝသာမဟုတ် ရှေ့နောက်ဘဝများလည်း ရှိသည်ဆိုသည်ကို သဘောကျ၍ လာပေလိမ့်မည်။ တမလွန်ဘဝဟူသည်မှာ ဧကန်ရှိသည်ဟု ယုံကြည်လာ ပေလိမ့်မည်။)



www.burmeseclassic.com

www.burmeseclassic.com



ဌင်းရှေ့ဘဝတုန်းက သူပြုခဲ့သော ကုသိုလ်ကောင်းမှု တစ်ခုခုကြောင့်သာဖြစ်ရသည်ဟု ရှေးဘဝက အကြောင်းကို တွေ့ပေလိမ့်မည်။

ရှေးဘဝတုန်းက ဉာဏ်ကောင်းစေတတ်တဲ့ အလုပ်အကိုင် ကောင်းမှုကုသိုလ်မျိုးကို လုပ်ခဲ့၍သာ ဒီဘဝတွင် ဒီမျှဉာဏ်ကောင်းခြင်းဖြစ်သည်ကို နားလည်လာပေမည်။

ဤသို့လျှင် ဉာဏ်ထူးချွန်သော သကုန္တလဒေဝီလို ပုဂ္ဂိုလ်မျိုးသာမက၊ အမြွှာပူးဖြစ်ပါလျက် စိတ်နေသဘောထားနှင့်တကွ ရုပ် စသည်ပါ မတူသောသူများ၌လည်းကောင်း၊ တစ်မိသားချင်းဖြစ်ပါလျက် စိတ်ကောင်းရှိ,မရှိ၊ ရုပ်လှ,မလှ၊ အသက်ရှည်,မရှည် စသည် ကွဲပြားရာ၌လည်းကောင်း၊ ရှေးဘဝကပြုခဲ့သော ကုသိုလ် အကုသိုလ်ကံသည်သာ လက်သည်ဖြစ်တော့သည်ကို ကျေကျေနပ်နပ်ကြီး ယုံကြည်နိုင်လောက်ပေပြီ။

ဘဝကို ဖန်တီးသည့်တရားကို ရှာဖွေရာမှာလည်း စာရေးသူ ဆရာတော်ကြီးသည် ရှုထောင့်စုံမှ ကျယ်ကျယ်ပြန့်ပြန့် တင်ပြထားပါသေးတယ်။





## ဘဝကို ဖန်တီးသည့်တရား

ဤလက်ရှိဘဝကို ဖြစ်စေသော အကြောင်းမှာ နောက်ဘဝများ၌ ပြုခဲ့သော ကုသိုလ်(အကုသိုလ်) ကံပင်ဖြစ်ကြောင်း သိရပေပြီ။ သို့သော် ယင်းကုသိုလ်၊ အကုသိုလ်ကံသည်လည်း မည်သည့်အကြောင်းကြောင့် ဖြစ်လာသည်ကို ဆက်လက်စဉ်းစားရပေဦးမည်။

အဘယ်ကြောင့်ဆိုသော် အကုသိုလ်ကံ ကုသိုလ်ကံဖြစ်ပေါ်လာအောင် အကြောင်းပြုသော လက်သည်ကို မတွေ့သေးလျှင် ကုသိုလ်၊ အကုသိုလ်မဖြစ်အောင် ဘယ်နည်းနှင့်မှ မလုပ်နိုင်သေးသောကြောင့်တည်း။

ထို့ကြောင့် ဆက်လက်၍ စဉ်းစားပြန်သော် ပုထုဇဉ်ဟူသည် အရူးနှင့်တူသည်။ ဟိုတွေး ဒီတွေးနှင့် ထင့်မိထင်ရာ စွဲလမ်း၍ လုပ်မိတတ်သည်။ လူ့ပြည် နတ်ပြည် စသော ကောင်းမြတ်သောဘုံတို့၌ ဖြစ်ရခြင်းသည် ချမ်းသာလှသည်။ ထိုဘုံတို့၌ ဖြစ်လိုသောကြောင့် ထိုဘုံတို့သို့ရောက်ရန် ကြံဆောင်ကြရာဝယ် အချို့မှာ ဆရာမိုက်တို့၏စကားကို နားထောင်မိ၍ သားကောင်တို့



www.burmeseclassic.com

www.burmeseclassic.com



သတ်၍ ယစ်ပူဇော်ခြင်းစသော အကုသိုလ်၊ အမှုတွေကို လုပ်မိကြသည်။ ယင်းသို့ ကုသိုလ်နှင့် အကုသိုလ်ကို လုပ်မိခြင်းသည် ထိုထိုဘုံ၌ဖြစ်လိုခြင်းဟူသော စွဲလမ်းမှုကြောင့်ပင် ဖြစ်လေသည်။

ဤစွဲလမ်းမှုမျိုးမရှိပါက (ဝါ) ရင်းဘုံတို့သို့ ရောက်လိုသော စိတ်တကယ်မပြင်းပြပါက လုပ်မိကြမည်မဟုတ်ပေ။ အချို့လည်း အယူမှားဟူသော အစွဲအလမ်းကြီးမှုကြောင့် ကုသိုလ်၊ အကုသိုလ်တို့ လုပ်မိကြသည်။

သို့ဖြစ်ရာ ယင်းသို့ပြုလုပ်သော ကုသိုလ်၊ အကုသိုလ်တို့၏ အကြောင်းကို ရှာပါဆိုလျှင် ဆိုခဲ့သော စွဲလမ်းမှုမှတစ်ပါးမရှိပြီ။ ယင်းစွဲလမ်းမှုဟူသော ပြင်းပြသော လိုချင်ခြင်းနှင့် အယူမှားခြင်းတို့သည်လည်း သာမန်လိုချင်တပ်မက်မှုဟူသော တဏှာမရှိလျှင် မဖြစ်နိုင်ပေ။

ထိုစကားမှန်၏။ မည်သည့် ဝတ္ထုပစ္စည်း သတ္တဝါတို့ကိုမဆို ပြင်းပြင်းထန်ထန် စွဲလမ်းသည်ဆိုသည်မှာ ၎င်းတို့ကို လိုချင်သော တပ်မက်သော တဏှာဟူသည် သာမန်တွယ်တာမှုမှသာ ပေါက်ဖွားလာရခြင်း ဖြစ်ပေသည်။





ထို့ကြောင့် ပြင်းပြသော စွဲလမ်းခြင်း၏အကြောင်းကိုရှာပြန်လျှင် တဏှာဟူသော တွယ်တာမှုပင်ဖြစ်တော့သည်။

## တဏှာ၏သဘော

ယင်းသို့ဖြစ်လျှင် အရင်းစစ်အမြစ်မြေက ဆိုသလို ပဋိသန္ဓေနေမှုဟူသော ဇာတိ၏အကြောင်းကို ရှာပါဆိုလျှင် တဏှာဟူသော လက်သည်ကိုပင် တွေ့ရပေမည်။ ဤတဏှာရှိ၍သာ သတ္တဝါများသည် တစ်ဘဝမှ တစ်ဘဝသို့ တပြောင်းတပြန် ကျင်လည်နေကြရခြင်း ဖြစ်ပေသည်။

ထို့ကြောင့်လည်း ရှင်တော်ဘုရားက တဏှာကို "ပေါနောဘဝိကာ" နောက်တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်သည်ဟူသော ပုဒ်ဖြင့် အထူးပြုခဲ့ခြင်းဖြစ်ပေသည်။ ထို့ပြင် ဤတဏှာသည် အာရုံတစ်ခု၌ တစ်ကြိမ်သာမက အကြိမ်ကြိမ်အထပ်ထပ်လည်းဖြစ်တတ်သည်။ ယင်းသို့ အကြိမ်ကြိမ် အထပ်ထပ်ဖြစ်မှုလည်း တဏှာသည် ပြင်းပြစွာစွဲလမ်းမှုသို့ ကူးပြောင်းနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဧင်းပြင် မိမိတို့ဖြစ်လေရာရာ ဘုံဘဝ၌ တွယ်တာမှု နှစ်သက်မှု ဖြစ်ကြရသည်မှာလည်း ဤတဏှာ၏ စွမ်းရည်ပင်ဖြစ်သည်။ သို့ကြောင့်လည်း သတ္တဝါတို့သည် မည်မျှဆင်းရဲသောဘဝသို့ ရောက်နေရစေကာမူ ထိုဘဝမှ သေရမည်ကိုကား အထူးပင်ကြောက်လန့်ကြပေသည်။ တဏှာသဘော၏ လိုရင်းကို တင်ပြပြီး နောက်သုံးမျိုးသော တဏှာအကြောင်း အကျယ်ရှင်းပြထားပါသေးတယ်။

## တဏှာ ၃ မျိုး

ဤဒုက္ခတရား၏ အကြောင်းဖြစ်သော တဏှာသည်ပင် ဖြစ်ပုံကိုလိုက်၍ သုံးမျိုးကွဲပြားသွားပြန်သည်။ ကောင်းသော ရုပ်အဆင်းစသော အာရုံတွေကို တွယ်တာသာယာသည့်အခါတွင် ဧင်းကို ကာမတဏှာဟုခေါ်၏ "ရူပါရုံစသော အာရုံတို့၌ အတ္တရှိသည်၊ ထိုအတ္တရှိသော ရူပါရုံ စသည်တို့သည် အမြဲတည်သည်ဟူသော အယူနှင့်ယှဉ်တွဲ၍ ဖြစ်သောအခါ ဘဝတဏှာ ဟုခေါ်ရပြန်သည်။ ရူပါရုံ စသောအာရုံတို့မှာ အတ္တရှိသည်။





ထိုအတ္တရှိသော ရူပါရုံစသည်တို့သည် ဤဘဝပြီးလျှင် ပြတ်စဲသွားတော့သည်။ ပျက်စီးသွားတော့သည်။ နောက်ထပ် ဘာမှမဖြစ်တော့ဟူသော အယူနှင့်ယှဉ်တွဲ၍ ဖြစ်ပြန်သောအခါ ဝိဘဝတဏှာဟူ၍ ခေါ်ရပြန်သည်။ မည်သို့ပင်ဖြစ်စေ ပြဆိုခဲ့ပြီးသော တဏှာ သုံးမျိုးလုံးသည်ပင် ဒုက္ခ၏ အကြောင်းမှန်ဖြစ်၍ သမုဒယသစ္စာဟုဆိုရပေသည်။ စာရေးသူ ဆရာတော်ကြီး၏ ပီပြင်သော သုံးသပ်ချက်ကား . . .

## သမုဒယသစ္စာဖော်ရကျိုး

ဤဒုက္ခ၏ အကြောင်းဖြစ်သော သမုဒယသစ္စာကို ထုတ်ဖော်နိုင်ခြင်းသည်လည်း နှယ်နှယ်ရရမဟုတ်ပေ။ ယင်းသို့ ဖော်နိုင်ခြင်းကပင် ဗုဒ္ဓဘာသာကို အခြားရှိသမျှ ဘာသာတို့နှင့် လုံးဝမတူစေဘဲ တစ်မူထူးခြားအောင် လုပ်ပေးလိုက်လေသည်။

ဒုက္ခ၏အကြောင်းကို ရှာရာတွင် သို့မဟုတ် သတ္တဝါတွေ ဘာကြောင့်ဖြစ်လာရသည်ကို ရှာရာတွင် ဗုဒ္ဓဘာသာမှတပါး အခြားမည်သည့် ဘာသာတွင်မဆို



www.burmeseclassic.com

www.burmeseclassic.com



ထာဝရဘုရား သို့မဟုတ် ဗြဟ္မာကြီး ဖန်ဆင်းခြင်းနှင့်ပင် အဆုံးသတ်ကြသည်ကို တွေ့ရပေသည်။

ဗုဒ္ဓရှင်တော် ဤတရားဦးကို ဟောတော်မူသည့် ခေတ်ကဆိုလျှင် ဤသမုဒယသစ္စာ အယူဝါဒသည် လက်ရှိဘာသာများကို အရင်းမှကိုင်၍ လှုပ်လိုက်သလို ရှိပေမည်။

ဗုဒ္ဓမပေါ်မီကစ၍ ပြင်းပြင်းထန်ထန် စွဲလမ်းလာခဲ့သော အယူအစွဲကြီးကို ချေမှုန်းတိုက်ဖျက်လိုက်ခြင်းပင်ဖြစ်၍ ကမ္ဘာ့ ဘာသာရေးသမိုင်းတွင် သွေးမြေမကျသော တော်လှန်ရေးကြီးလည်းဖြစ်တော့သည်။

ဤကဲ့သို့ ရဲဝံ့ပြတ်သားစွာ ထုတ်ဖော်နိုင်ခြင်းကြောင့်လည်း ထိုခေတ်မှစ၍ ယနေ့တိုင် ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်တွင် ထူးခြားသော ဘာသာကြီးတစ်ခုအနေဖြင့် ရပ်တည်နေနိုင်ခြင်းဖြစ်လေသည်။ ထို့ကြောင့် ဤသမုဒယသစ္စာသည် ဗုဒ္ဓ၏ တရားတော်တို့တွင် အရေးကြီးသော ကဏ္ဍတစ်ခုမှာ ပါဝင်နေခြင်းဖြစ်ပေသည်။

*





## ဆင်းရဲငြိမ်းမှုအမှန်တရား

မြတ်စွာဘုရားသည် ဆက်လက်၍ နိရောဓသစ္စာကို ဣဒံခေါပန ဘိက္ခဝေ၊ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယောတဿယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိအနာလယော ဟု ဆက်လက် ဟောတော်မူပါတယ်။

လောကကြီး၏ ဆင်းရဲအတိပြည့်နေ၍ သာယာစရာမရှိပုံကိုလည်းကောင်း၊ ယင်းသို့ဆင်းရဲဖြစ်ရခြင်း၏ အကြောင်းမှာလည်း အခြားမဟုတ် တွယ်တာမှုတဏှာပင်ဖြစ်သည်ကိုလည်းကောင်း သဘောပေါက်ပြီးလျှင် "ထိုဆင်းရဲလှသော ဒုက္ခတရားတွေမရှိသည့် ချမ်းသာတရားကား မရှိတော့ပြီလော၊ ဒုက္ခ၏အကြောင်းဖြစ်သော သမုဒယသစ္စာကိုပယ်လျှင် ရရှိမည့်အကျိုးတရားက အဘယ်သို့သဘောရှိပါသနည်း" စသည်ဖြင့် ဆက်လက်တွေးမိကြပေလိမ့်မည်။

ထိုစကားမှန်၏ ဒုက္ခနှင့် တွေ့နေသူသည် ဒုက္ခ၏ ဆန့်ကျင်ဘက်သုခကို လိုချင်သိချင်မည်မှာ မမွှတာပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သို့ဖြစ်၍ ဒုက္ခ၏ဆန့်ကျင်ဘက် ဒုက္ခချုပ်ရာ တရားကိုပြတော်မူလို၍ သုံးခုမြောက်စေသော နိရောဓ သစ္စာတရားကို ဘုရားရှင်ဆက်လက်၍ ဟောတော်မူခဲ့ ခြင်း ဖြစ်ပေသည်။

## နိရောဓသစ္စာ၏ သဘော

နိရောဓသစ္စာသည် သမုဒယသစ္စာခန်း၌ ပြဆို ခဲ့သော ဘဝသစ်ကိုဖြစ်စေတတ်သော တဏှာသုံးမျိုးကို အကြွင်းမဲ့ပယ်ခြင်း၊ ၎င်းတဏှာ၏ အကြွင်းမဲ့ချုပ်ခြင်း သဘော၊ ၎င်းတဏှာ လွတ်မြောက်ခြင်းသဘော၊ ကာမ ဂုဏ်တွယ်တာမှု လုံးဝမရှိခြင်းသဘောအားဖြင့် ထင်ရှား သော တရားတစ်မျိုးဖြစ်လေသည်။

၎င်းတရားကား အဘယ်နည်းဟူမူ အများသိကြ သော နိဗ္ဗာန်တရားပင် ဖြစ်လေသည်။ ၎င်းနိဗ္ဗာန်တရား သည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း စသော ဒုက္ခတို့မရှိသော တရားပင်ဖြစ်သည်။ အကြောင်းကား တဏှာဟူသော တွယ်တာမှု အကြွင်းမဲ့ချုပ်သည်ဆိုလျှင် (ကြောင်းကျိုး





ဆက် ပဋိစ္စသမုပ္ပါဒ်နည်းအရ) တွယ်တာမှုကြောင့် ဖြစ်သော ပြင်းစွာစွဲလမ်းမှုသည် ချုပ်ရတော့သည်။

၎င်းချုပ်လျှင် ၎င်း၏အကျိုးဖြစ်သော ဘဝလည်း မရှိနိုင်တော့ပေ။ ဘဝမရှိလျှင် ယင်းဘဝနှင့် ဆက်သွယ် လျက်ရှိသော ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေ ခြင်း စသော ဒုက္ခတရားများသည် ပေါ်ပေါက်လာနိုင် တော့မည်မဟုတ်ပေ။ ဤအပိုင်းကကြည့်လျှင် စာရေးသူ ဆရာတော်ကြီး၏ ဉာဏ်ကြီးပုံကို တွေ့ရပါသည်။

## တကယ်ရှိသောတရား

ထိုနိဗ္ဗာန်သည် တကယ်ရှိသော တရားဟုတ်ပါ၏ လောဟု စိစစ်ဖွယ် ရှိလာပြန်သည်။

နိဗ္ဗာန်ဟူသည် မိမိကိုယ်ပိုင်ဖြစ်သော (ရုပ်နာမ် တို့ချုပ်ငြိမ်းခြင်း) သဘောလက္ခဏာဖြင့် ထင်ရှားရှိသော တရားတစ်ပါးဖြစ်သည်။ ကျွန်ုပ်တို့သည် ရုပ်နာမ်တရား များရှိသည်ကို ယုံကြည်လက်ခံကြသည်။ ရုပ်တရားမှာ မျက်စိဖြင့်ပင် မြင်နိုင်သည်ဖြစ်၍ ထင်ရှားရှိကြောင်းမှာ သေချာလှသည်။



www.burmeseclassic.com

www.burmeseclassic.com



နာမ်တရားမှုကား မျက်စိဖြင့် မြင်နိုင်သောတရား မဟုတ်။ ထိုသို့မဟုတ်သော်လည်း စိတ်စေတသိက်ဟူသော နာမ်တရားများကို မိမိတို့ကိုယ်တိုင်ကိုယ်ကျ ခံစားနိုင်ကြသည်ဖြစ်၍ မျက်စိဖြင့်ပင် မမြင်နိုင်သော်လည်း ထင်ရှားရှိကြောင်းကို ယုံကြည်လက်ခံရသည်။

လောဘဖြစ်သောအခါ မိမိတို့စိတ်ဖြစ်ပုံ၊ ဒေါသဖြစ်သောအခါ မိမိတို့စိတ်ဖြစ်ပုံတို့ကို ဆင်ခြင်စဉ်းစားကြည့်လျှင်ပင် လောဘ၊ ဒေါသဟူသော နာမ်တရားများ ထင်ရှားရှိကြောင်း သိသာလှပေသည်။ ယင်းသို့ ထင်ထင်ရှားရှား သိခြင်းမှာလည်း လောဘ၊ ဒေါသ စသော နာမ်တရားတို့သည် ရုပ်ဝတ္ထုနှင့်လည်းကောင်း (အခြား မိမိတွေ့ကြုံဖူးသော) နာမ်တရားတို့နှင့်လည်းကောင်း စပ်၍နေသောကြောင့် ဖြစ်ပေသည်။

နိဗ္ဗာန်သည် ယင်းသို့ ရုပ်ဝတ္ထုနှင့်လည်းကောင်း၊ အခြားသော နာမ်ဝတ္ထုများနှင့်လည်းကောင်း ဆက်စပ်ဖော်ပြမှုမရှိ၍ ထင်ရှားရှိကြောင်း လွယ်လွယ်နှင့်မသိနိုင်ပေ။ သို့ဖြစ်သော်လည်း အခြားနာမ်တရားများရှိကြောင်းကို မျက်စိဖြင့်မမြင်ရဘဲနှင့် ယုံကြည်လက်ခံနိုင်ရပေမည်။





တကယ် မိမိကိုယ်တိုင် ကျကျနန မျက်မှောက်ပြု၍ သိရန်ကား အရိယာဖြစ်မှပင် တတ်နိုင်ပေတော့မည်။ စာရေးသူ ဆရာတော်ကြီး၏ ဉာဏ်ဖြင့် မှန်းဆပုံမှာလည်း အလွန်သိလွယ်ကြောင်း တွေ့နိုင်ပါတယ်။

## နိဗ္ဗာန်ရှိပုံမှန်းဆချက်

တစ်နည်းလည်း အရိယာမဖြစ်သေးသောသူတို့ နိဗ္ဗာန်ရှိကြောင်း ဘယ်နည်းနှင့်မျှ မသိနိုင်ပြီလောဟူမူ သိနိုင်ပေသည်။ သို့သော် တိုက်ရိုက် သို့မဟုတ် တစ်ဆင့်ခံအသိ မှန်းဆအသိမျိုးသာ သိနိုင်ပေသည်။

ဥပမာ အင်္ဂလန်သို့ မရောက်ဖူးသောသူများသည် ယုံကြည်လောက်သောသူတို့၏ ရေးသားချက်ပြောပြမှုတို့ကိုအကြောင်းပြု၍ အင်္ဂလန်ပြည်ရှိကြောင်း ၎င်းပြည်ကြီးကျယ်ခမ်းနားကြောင်း စသည်ကို သိရပေသည်။ ကိုယ်တိုင်ရောက်ဖူးသူလည်းဖြစ် ယုံကြည်လောက်သောသူဖြစ်၍ ထိုသူတို့၏ စကားကို စိတ်ချလက်ချပင် ယုံကြည်ပေလိမ့်မည်။ သို့သော် တစ်ဆင့်ခံအသိမျိုးဖြစ်သော သိရခြင်းဖြစ်၍ ဝိုးတိုးဝါးတားရှိပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူပင် လောကတွင် အတူမရှိ ယုံကြည်ထိုက်သော ပုဂ္ဂိုလ်လည်းဖြစ်၊ မိမိကိုယ်တိုင် နိဗ္ဗာန်တရားကို ရှာဖွေတွေ့ရှိခံစားခဲ့ဖူးသော ပုဂ္ဂိုလ်လည်းဖြစ်သော ဘုရားရှင်ကိုယ်တော်မြတ်က နိဗ္ဗာန်ဆိုသောတရားထူး ထင်ရှားရှိသည်ဟု ဟောထားသဖြင့် ထိုနိဗ္ဗာန်တရား ထင်ရှားရှိကြောင်းကို စိတ်ချလက်ချပင် ယုံကြည်နိုင်ပေသည်။

ထို့ပြင်လည်း လောကတွင် အပူရှိက အအေးလည်းရှိသလို၊ မကောင်းရှိက အကောင်းလည်းရှိသလိုပင် အလွန်ဆိုးဝါးပြင်းထန်သော ဒုက္ခဟူသော ဆင်းရဲရှိလျှင် ထိုဆင်းရဲကင်းပြတ်ခြင်းဟူသော ချမ်းသာလည်းရှိပေသည်။ ဤလောကကြီးရှိလျှင် လောကမှ ထွက်မြောက်ရာ နိဗ္ဗာန်လည်း ဧကန်ရှိရမည်ပင်ဖြစ်ပေသည်။

ထို့ပြင် လောက၌ ဘုရား၊ ရဟန္တာ၊ အရိယာပုဂ္ဂိုလ်တို့ရှိသည်ကို လက်ခံခြင်းဖြင့်ပင် နိဗ္ဗာန်ရှိသည်ဆိုသောအချက်ကိုပါ တစ်ပါတည်း လက်ခံပြီးဖြစ်တော့သည်။ အဘယ့်ကြောင့်ဆိုသော် နိဗ္ဗာန်တရားကို ကိုယ်တိုင်မြင်တွေ့သိရှိ မျက်မှောက်ပြုပြီးသူများသည်သာ





ဘုရား၊ ရဟန္တာ၊ အရိယာဟူသော အမည်ထူးကို ခံယူနိုင်ကြသောကြောင့်တည်း။

ပြဆိုခဲ့ပြီးသော အသိမှာလည်း တစ်ဆင့်ကြားဖြင့်ဖြစ်စေ၊ မှန်းဆသိဖြင့်ဖြစ်စေ နိဗ္ဗာန်ဆိုသော တရားထူးတရားမြတ်တစ်ခု ထင်ရှားရှိကြောင်း သာမာန်အသိမျှသာဖြစ်သည်။ ဤသို့သိကာမျှဖြင့် "ငါ နိဗ္ဗာန်တရားကို သိပြီ"ဟူ၍ကား ဘယ်နည်းနှင့်မျှ မဆိုနိုင်ပါပေ။

ဥပမာ- ရေသည် ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်ဓာတ်တို့ ပေါင်းစပ်ထားသည် ဟူသော အချက်ကို အများပင် သိကြသည်။ သို့သော် ကိုယ်တိုင်ကိုယ်ကျဓာတ်ခွဲစမ်းသပ်၍ သိခြင်းမျိုးကားမဟုတ်၊ ကိုယ်တိုင်သိမဟုတ်၍ပင် အချက်မမှန်ဟုလည်း မဆိုနိုင်။ ကိုယ်တိုင် ဓာတ်ခွဲစမ်းသပ်တွေ့ရှိသော သိပ္ပံပညာဆရာတို့၏ စကားကိုပင် အကိုးအကားပြု၍ လူအများယုံကြည်မှတ်ယူနေကြခြင်းဖြစ်သည်။

ရေသည် ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်ဓာတ်တို့ပေါင်းစပ်နေသော ဝတ္ထုဖြစ်ကြောင်းကိုကားသိ၏။ တကယ် ကွက်ကွက်ကွင်းကွင်း သိသည်က မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သလိုပင် နိဗ္ဗာန်ဟူသော တရားထူးရှိသည် ဆိုသည်တို့ကား သိကြသည်။ သို့သော် အရိယာပုဂ္ဂိုလ်တို့လို တကယ်သိတာ မဟုတ်ပေ။ နိဗ္ဗာန်၏ သဘာဝကို ဖော်ရာမှာ . . .

## နိဗ္ဗာန်၏သဘာဝ

ဤနိဗ္ဗာန်သည် ဘယ်လိုနေသနည်း၊ စသည်ဖြင့်လည်း မေးမြန်းလေ့ရှိသည်ကို တွေ့ရပြန်သည်။ ဟုတ်သည်၊ နိဗ္ဗာန်၏အကျိုးအကြောင်းကို မသိဘဲနှင့် နိဗ္ဗာန်ကို လိုချင်သည်ဆိုလျှင် ရယ်ဖွယ်ဖြစ်ပေလိမ့်မည်။ သို့သော် နိဗ္ဗာန်ကို ဘယ်လိုအရောင်အဆင်းရှိသည်။ ဘယ်လိုပုံပန်းသဏ္ဌာန်မျိုးရှိသည် ဘယ်အရာဝတ္ထုနှင့်တူသည် စသည်ဖြင့် ဖော်ပြပြောဆိုခြင်းငှာ မစွမ်းနိုင်ပေ။

နိဗ္ဗာန်က ပုံသဏ္ဌာန် အထည်ဒြပ်ကင်းသည့်အဖြစ်ဖြင့်သာ အရိယာပုဂ္ဂိုလ်တို့၏ဉာဏ်၌ ထင်လာသော တရားမျိုးဖြစ်သည်။ နိဗ္ဗာန်ဟူသည် ရုပ်တရားမဟုတ်၍ ဘယ်လိုအဆင်းသဏ္ဌာန်ရှိသည်ဟု ပြောပြခြင်းငှာ မတတ်နိုင်ပေဟု ဆိုလိုပေသည်။





နိဗ္ဗာန်ဟူသည်မှာ အချို့လူများထင်သလို ဘုံသီးခြားလည်းမဟုတ်။ ဘုံနန်းပြာသာဒ်ကြီးများနှင့် အလွန်ပျော်စရာကောင်းသော ဌာနကြီးလည်းမဟုတ်။ အမှန်အားဖြင့် နိဗ္ဗာန်ဟူသည် အမြဲတမ်း ဖြစ်ပျက်နေသော ရုပ်နာမ်သင်္ခါရတရားတို့၏ လုံးဝပေါ်မလာဘဲ ချုပ်ငြိမ်းကင်းဆိတ်သည့် သဘောပင်ဖြစ်ပေသည်။

## အဘာဝပညတ်မဟုတ်

ယင်းသို့ နိဗ္ဗာန်သည် ဘာမျှမဖြစ် မရှိခြင်းဟူသော အဘာဝပညတ်နှင့် အတူတူပင်လော့။ မေးမြန်းစရာရှိပြန်သည်။ နိဗ္ဗာန်ကား ဘာမျှမရှိ မဖြစ်ခြင်းဟူသော သဘာဝပညတ်မျိုးကိုကား မဟုတ်ပေ။

သင်္ခါရတရားတို့၏ ငြိမ်းခြင်း၊ ကင်းဆိတ်ခြင်း၊ မဖြစ်ပေါ်ခြင်း၊ မရှိခြင်း သဘောအားဖြင့် ထင်ရှားသော တရားသာဖြစ်သည်။ ယင်းသို့ ထင်ရှားရှိသောကြောင့်လည်း ထိုသင်္ခါရတို့ ငြိမ်းခြင်းသဘောကို မျက်မှောက်တွေ့သိလျက် မင်္ဂဖိုလ်ခေါ်သော တရားများဖြစ်ပေါ်နိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းတရားများ ဖြစ်ပေါ်လာ၍လည်း လောကတွင် ဘုရား၊ ရဟန္တာ၊ အရိယာခေါ်သော ပုဂ္ဂိုလ်ထူးတွေ ထင်ရှားရှိခြင်းဖြစ်သည်။ ပုထုဇဉ်တို့သည် အမေမွေးကတည်းက ကန်းလာသူနှင့်တူသည်။ သူသည် အခြားသူများက အဝါ၊ အနီ စသည်ဖြင့် အဆင်းသဏ္ဌာန်တို့ကို ပြောကြားသော်လည်း စိတ်ထဲတွင် မြင်လာအောင် နားမလည်ရှာပေ။ အဝါဟူသည် ဘယ်လို အနီဟူသည် ဘယ်လိုဟု မည်မျှပင်ပြောသော်လည်း သဘောမပေါက်ပေ။ အကြောင်းက မိမိတစ်သက်တာတွင် အရောင်ကို တစ်ခါမျှပင် မမြင်ဖူးသောကြောင့်တည်း။

ထို့အတူပင် ပုထုဇဉ်တို့သည် ထိုထိုဘဝတွင် ဖြစ်လာကြသည်မှစ၍ ရုပ်နာမ်သင်္ခါရ တရားတို့ဖြင့်သာ တွေးတောတတ် ကြံစည်တတ်ကြသည်။ ရုပ်နာမ်သင်္ခါရကိုလွတ်၍ မည်သည့်တရားကိုမျှ သဘောမပေါက်နိုင်ပေ။ နိဗ္ဗာန်ဆိုသော တရားကလည်း ရုပ်နာမ်သင်္ခါရနှင့် လုံးဝမဆက်စပ်သော တရားဖြစ်ရကား ထင်မြင်နားလည်သဘောပေါက်ရန် အလွန်ပင်ခဲယဉ်းလေတော့သည်။





ဝိပဿနာအလုပ်ကိုလည်း အားထုတ်၍ မဂ်ဖိုလ်ကိုရမှပင် ရှင်းရှင်းကြီး ထင်မြင်ပေတော့မည်။ ဆရာတော်ကြီးသည် နိဗ္ဗာန်ကို ဆန့်ကျင်ဘက်အမြင်မှလည်း နိဗ္ဗာန်သည် ပျင်းစရာလောဟု သုံးသပ်ပြထားပါတယ်။

## နိဗ္ဗာန်သည်ပျင်းစရာလော

အထက်က ဆိုခဲ့သည့်အတိုင်း နိဗ္ဗာန်ဟူသည် မအို၊ မသေ၊ အမြဲနေလျက် ပျော်ရွှင်စရာ ချမ်းသာသုခတို့နှင့် ပြည့်စုံသော ဘုံကြီးမဟုတ်ဟုဆိုလျှင် နိဗ္ဗာန်သည် လိုချင်စရာကောင်းသောတရား ဟုတ်ပါဦးမည်လော။

ပျင်းစရာကောင်းသော တရားကြီးဖြစ်၍ မလိုအပ်သည်သာ မဟုတ်ပါလော။ သာယာခံစားမှု မရှိ၍ ချမ်းသာဟုလည်း ဆိုနိုင်ပါဦးမည်လားဟု စောဒကတက်ဖွယ်ရှိပြန်သည်။

အဖြေမှာ "နိဗ္ဗာန်သည် တကယ်လိုချင်စရာကောင်းသော တရားလည်းဖြစ်သည်။ တကယ် ချမ်းသာသော တရားလည်းဖြစ်သည်" ဟူသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ချဲ့ဦးအံ့။ ဒုက္ခသစ္စာတွင် ပြခဲ့သည့်အတိုင်း လူများတို့ ချမ်းသာဟုထင်နေသော လောကီဆိုင်ရာ အာရုံခံစားမှုများသည် တကယ်စစ်ဆေးကြည့်သောအခါ မမြဲသော တရားများဖြစ်၍ မကြာမီ ဒုက္ခအဖြစ်သို့ ပြောင်းလဲသွားမည်။ အတုအယောင် သုခများဖြစ်သည်။ အချိန်အနည်းငယ်အတွင်းမှာပင် ဒုက္ခအဖြစ်သို့ ပြောင်းလဲသွားမည်။ အတုအယောင်သုခ ဆိုသည်မှာ လိုချင်စရာကောင်းသောသုခ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပေ။ နိဗ္ဗာန်ချမ်းသာကား ယင်းသို့ပြောင်းလဲခြင်း မရှိသောတကယ် အလိုရှိအပ်သော တရားသာဖြစ်စေသည်။ နိဗ္ဗာန်နှင့် ခံစားမှုကို ခံစားမှုမရှိခြင်းကြောင့် ချမ်းသာစစ်ဟုခေါ်ပုံ . . .

## နိဗ္ဗာန်နှင့်ခံစားမှု

ခံစားမှုမရှိသောကြောင့် ချမ်းသာဟု ခေါ်နိုင်ပါဦးမည်လောဟူသော ပြဿနာ၌ ခံစားမှုမရှိသောကြောင့်ပင် ချမ်းသာဟုခေါ်ရသည်ဟု ဖြေရပေမည်။ စင်စစ်အားဖြင့်ကား ခံစားမှုမရှိသော ချမ်းသာမှသာ





ချမ်းသာအစစ်ဖြစ်၍ ခံစားမှုမရှိသော ချမ်းသာထက် အဆများစွာသာလေသည်။

ဥပမာ- ခပ်ကြမ်းကြမ်းအားဖြင့် ပြရလျှင် လူတစ်ယောက်သည် အလွန်ကောင်းမွန်သော အစားအစာ၊ အဆင်း၊ အနံ့၊ အသံ စသည်တို့ စားသောက်၊ ရှုမြင်၊ နမ်းရှုပ်၊ ကြားနာပြီးနောက် အေးမြငြိမ်းချမ်းသော နေရာတစ်ခုတွင် အားရပါးရ အိပ်ပျော်သွားသည် ဆိုကြပါစို့။

ထိုတွင် အစားကောင်းကို စားရခြင်း စသည်ကြောင့် ဖြစ်သောချမ်းသာမှုသည် ခံစားမှုပါသော ချမ်းသာမှုဖြစ်၍ အားရပါးရ အိပ်လိုက်ရသော ချမ်းသာက ခံစားမှုမပါသော ချမ်းသာနှင့်တူလေသည်။ သို့သော် လုံးဝမသိသော ချမ်းသာမှုတော့မဟုတ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကတော့ အရိယာတစ်ယောက် သိသောအသိမျိုးဖြင့် နိဗ္ဗာန်ကိုသိသေးသည်။

ထို့ပြင် မိမိတို့အိမ်တွင် နေ့စဉ် အာရုံငါးပါးကို ခံစား၍ဖြစ်သောချမ်းသာနှင့် ကျောင်းကန်ဘုရား စသည်သို့ သွားရသောအခါ ဖြစ်ပေါ်လာသော မိမိတို့၏



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းအေးချမ်းသာမှုကို ယှဉ်ကြည့်လျှင်လည်း ခံစားမှုမပါသော ချမ်းသာက သာလွန်ကြောင်း သိမြင်လာပေလိမ့်မည်။ ထိုသို့သော ချမ်းသာမှု နှစ်မျိုးကွာခြားပုံကို ကြည့်၍လည်း နိဗ္ဗာန်၏ အလွန်မွန်မြတ်လှသော ချမ်းသာစစ် ချမ်းသာမှန်ကို မှန်းဆသိမြင်နိုင်ပေလိမ့် မည်။

အကျဉ်းချုပ်အားဖြင့်ကား တဏှာနှင့်တကွ ရုပ်၊ နာမ် သင်္ခါရတရားအားလုံး၏ အကြွင်းအကျန်မရှိအောင် လုံးဝကင်းပြတ်ချုပ်ငြိမ်းသဘောဖြစ်ပြီး ဒုက္ခတရားကို တကယ်သဘောပေါက်လျက် ထိုဒုက္ခတရားမှ လွတ်မြောက်လိုသူတို့အဖို့ အလွန်လိုချင်စရာဖြစ်၍ သင်္ခါရတရားတို့၏ ငြိမ်ခြင်းဟူသော မိမိ၏ကိုယ်ပိုင်လက္ခဏာဖြင့် ထင်ရှားရှိသော တရားထူးဖြစ်သည့် နိဗ္ဗာန်တရားကိုပင် ဘုရားရှင်သည် တရားဦး ဒေသနာတော်တွင် "နိရောဓသစ္စာ"ဟု အမည်ပေးခဲ့လေသည်ဟုမှတ်လေ။

ကမ္ဘာပေါ်မှာ အမြင်အမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးကို စားရေးသူဆရာတော်ကြီးက အောက်ပါရှုထောင့်မှလည်းဝေဖန်၍ ဗုဒ္ဓဝါဒကို အရှုံးပေးဝါဒလောဟု တင်ပြပုံမှာလည်း အလွန်ထူးခြားနေပါတယ်။





## အရှုံးပေးဝါဒလော

ဤနိရောဓသစ္စာဖြစ်သော နိဗ္ဗာန်တရားနှင့် ပတ်သက်၍ အချို့တို့က စွပ်စွဲကြပြန်သည်။ ဗုဒ္ဓရှင်တော်၏ နိဗ္ဗာန်ဝါဒသည် စိတ်အပျက်ကြီးပျက်ရာမှ ဖြစ်ပေါ်လာသော အရှုံးပေးဝါဒဖြစ်သည်ဟု ၎င်းတို့ကဆိုလေသည်။ ဤဘဝကြီးကိုကြည့်၍ ဘဝကြီး၏ များပြားလှစွာသော ဒုက္ခပြဿနာတို့ကို မဖြေရှင်းနိုင်၍ ဘဝမှလွတ်မြောက်မှသာ လွတ်မြောက်ရေးကို ရမည်ဟု ထမင်းရေမူလာ လျှာလွှဲပြောသော ဝါဒသာဖြစ်သည်ဟု ရိုင်းပျစွာ စွပ်စွဲကြပြန်သည်။

ဤတွင် "လွတ်မြောက်ရေး" ဟူသော စကားကို ရှင်းဖို့လိုလာသည်။ ၎င်းတို့ဆိုလိုသော လွတ်လပ်ရေးမှာ လူ့လောကတွင် ပိုက်ဆံမရှိ ဆင်းရဲသောဘဝမှ လွတ်မြောက်၍ စားဝတ်နေရေးဖူလုံပြီး လောကကြီးက ပေးအပ်သော ချမ်းသာများကို အထိုက်အလျောက် ခံစားလျက် မတောင့်မတ မကြောင့်မကြနေရသော ဘဝမျိုးကို ဆိုလိုပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓရှင်တော်မြတ်ကား ၎င်းတို့ဆိုလိုသော ချမ်းသာမျိုး လွတ်မြောက်မှုမျိုးကို အစစ်အမှန်ဟု မယူဆသေး။ ဘယ်လိုမှ ပြန်လှန်တိုက်ဖျက်ခြင်းငှာ မတတ်နိုင်သော ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း စသော ဒုက္ခတရားတို့မှ လွတ်မြောက်မှုကိုသာ လွတ်မြောက်ရေး အစစ်ဟု ဟောတော်မူသည်။ ဤသို့လျှင် သူတို့၏ လွတ်မြောက်ရေးနှင့် ဗုဒ္ဓရှင်တော်၏ လွတ်မြောက်ရေးတို့သည် မိုးနှင့်မြေကြီးပမာဏ ကွာလှမ်းလှသည်။

၎င်းတို့ စွပ်စွဲချက်နေရာ ကျ,မကျ ကြည့်ကြပါစို့။ ဗုဒ္ဓရှင်တော်သည် ဆိုခဲ့ပြီးအတိုင်း ဒုက္ခမှလွတ်မြောက်မှုကို ရှာသောအခါ လက်ရှိဘ၀၌ တွေ့ကြုံခံစားရသည့် ပဋိသန္ဓေနေခြင်းဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲတို့ကို ဘယ်လိုမှ မလုပ်နိုင်ကြောင်းကို အမှန်အတိုင်း သိမြင်တော်မူခဲ့သည်။

အဘယ်မည်သောပုဂ္ဂိုလ်သည် လူ့ဘ၀၌ တစ်နေ့ထက်တစ်နေ့ အိုနေရခြင်းနှင့် နောက်ဆုံး၌ သေရခြင်းကို တားဆီးနိုင်မည်နည်း။ ယင်းသို့ ဘယ်လိုမှ တားဆီးခြင်းငှာမတတ်နိုင်သော ဒုက္ခကို မတားဆီးနိုင်၊ ထိုရှိရင်း





ဒုက္ခမှ မလွတ်မြောက်နိုင်ဟု ပြောသူတို့ အရှုံးပေးဝါဒသမားဟု တရားသဖြင့် ဆိုနိုင်ပါမည်လော။

မိမိ၏ လက်ရှိအဖေကို အဖေမတော်ချင်ပါ မည်မျှပင် ငြီးငြူသော်လည်း မတော်ဘဲနေမည်လော။ ဒီဘ၀တွင် ဒီလူကို အဖေမတော်ချင်လို့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့ပြီဟု ပြောသောသူကိုလည်း အရှုံးပေးဝါဒသမားဟု သူတို့ ပြောရဲပါမည်လော။

တစ်နည်းလည်း မိမိသည် မြန်မာမိဘများမှ မွေးခဲ့၍ မြန်မာလူမျိုးဖြစ်လာရသည်။ ယင်းသို့ မြန်မာဖြစ်ရခြင်းကို မနှစ်သက်၍ ယခုဘ၀တွင် အင်္ဂလိပ်လူမျိုး၊ အမေရိကန်လူမျိုး၊ ရုရှားလူမျိုး ဖြစ်ချင်ပါသည်ဆို၍ ဖြစ်နိုင်ပါဦးမည်လော။ ဤဘ၀တွင် ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့ပေ။

(နိုင်ငံသားအဖြစ် ခံယူခြင်းသည် နိုင်ငံသားသာ ဖြစ်နိုင်၍ လူမျိုးပြောင်းလဲဖြစ်လာသည် မဟုတ်ရကား ဤ၌ စောဒကတက်ဖွယ်မလိုပေ)

ယင်းသို့ ယခုဘ၀၌ မဖြစ်နိုင်သည်ကိုပင် "မဖြစ်နိုင်၊နောက်ဘ၀များတွင်သာဖြစ်ကောင်းဖြစ်နိုင်မည်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသူကို အရှုံးပေးဝါဒသမားဟု ဆိုချေက မတရား စွပ်စွဲခြင်းသာ ဖြစ်ပေမည်။ မဖြစ်နိုင်၍ မဖြစ်ဘူးဆိုသူကို အပြစ်ရှာတမ်းဆိုလျှင် မည်သူမှ အပြစ်လွတ်နိုင်တော့မည် မဟုတ်ပေ။

သို့ဖြစ်၍ ၎င်းတို့စွပ်စွဲချက်သည် ဗုဒ္ဓဝါဒကို နားမလည်၍သော်လည်းဖြစ်ရမည်။ နားလည်သည်ဆိုလျှင်လည်း သက်သက်မဲ့ မိမိတို့၏တပည့်များကို လမ်းမှားသို့ပို့ဆောင်ရန် ယုတ်မာသော စိတ်ထားဖြင့် ဇွတ်မျက်စိမှိတ်၍ စွပ်စွဲချက်သည် လူစဉ်မမီသော နုံချာချည့်နဲ့သော စွပ်စွဲချက်သာ ဖြစ်လေတော့သည်။

ဗုဒ္ဓဝါဒသည်ကား လောကကြီးကို ကျကျနန စစ်ဆေးကြည့်သည်။ ပြီးလျှင် လောကကြီး၏ (ဝါ) ဆင်းရဲခြင်း၏အကြောင်းကိုရှာသည်။ နောက်မှ ၎င်းအကြောင်းကို ပယ်သတ်ဖို့ရန် နည်းလမ်းများကို ညွှန်ပြသည် ဖြစ်ရလေကား အလွန့်အလွန်သဘာဝကျသော ဝါဒသာဖြစ်လေတော့သည်။

တစ်ဖန် မြတ်စွာဘုရားက ဒုက္ခငြိမ်းရေးလမ်းစဉ်ဖြစ်သော မဂ္ဂသစ္စာကို ထပ်မံဟောတော်မူပါတယ်။





## ဒုက္ခငြိမ်းရေးလမ်းစဉ်

မြတ်စွာဘုရားက "ဣဒံခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သေယျထိဒံ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ" ဟု မဂ္ဂသစ္စာကို ထပ်မံဟောတော်မူပါတယ်။

## မဂ္ဂသစ္စာဟောရပုံ

သမားတော်သည် လူနာ၏ ရောဂါကိုလည်းကောင်း၊ ထိုရောဂါဖြစ်ပေါ်လာရခြင်း၏ အကြောင်းကိုလည်းကောင်း သိမြင်အောင် စစ်ဆေး၍ တွေ့ရှိပြီး ရောဂါပျောက်ကင်းခြင်း၏ အကျိုးများကို ပြောပြပါက ထိုရောဂါကို ပျောက်စေနိုင်သော ဆေးစွမ်းကောင်းကို ပေးမည်မှာ ဓမ္မတာ ဖြစ်သကဲ့သို့ ဗုဒ္ဓရှင်တော်သည်လည်း ဒုက္ခရောဂါ ဖိစီးနှိပ်စက်ခံရသော လူနာဖြစ်သည့် သတ္တဝါတို့အား ဒုက္ခဟူသော ရောဂါတဏှာ ဟူသော



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောဂါ၏အကြောင်း ဒုက္ခချုပ်ငြိမ်းလျှင် ရနိုင်အံ့သော နိဗ္ဗာန်ဟူသော အကျိုးတို့ကို ဟောတော်မူပြီးနောက် ဆေးစွမ်းကောင်းနှင့်တူသော မဂ္ဂသစ္စာ (နိဗ္ဗာန်ရကြောင်းလမ်းစဉ်)ကို ဟောပြတော်မူလေသည်။

လူနာရောဂါပျောက်ရေးတွင် ဆေးသည်အရေးကြီးသလို သတ္တဝါတို့၏ ဒုက္ခရောဂါပျောက်ရေးတွင်လည်း မဂ္ဂသစ္စာသည် အရေးကြီးလှပေသည်။ ဤမဂ္ဂသစ္စာကိုသာ မဟောခဲ့ပါက ရှေ့ကဆိုခဲ့ပြီး သစ္စာသုံးပါးသည် အဓိပ္ပာယ်ရှိတော့မည်မဟုတ်ပေ။ ဒုက္ခ၏ လွတ်မြောက်ရေးကို တမ်းတလိုချင်အောင် လုပ်နည်းကို မဟောပြခဲ့ပါက တရားနာပရိသတ်ကို နှိပ်စက်ညှဉ်းပန်းရာသာ ရောက်ပေလိမ့်မည်။

ထို့ကြောင့် သတ္တဝါတို့အား သင်တို့သည် ဒုက္ခမှ လွတ်မြောက်လိုလျှင် ဤလမ်းစဉ်ကို လိုက်ကြလေဟု ညွှန်ပြတော်မူရလေသည်။ ဤမဂ္ဂသစ္စာ ဟူသည်မှာလည်း အခြားမဟုတ်၊ တရားဦးအစတွင် ဟောခဲ့သည့် မဇ္ဈိမပဋိပဒါ ခေါ် အလယ်အလတ်လမ်းစဉ်ပင် ဖြစ်ပေသည်။





## မဂ္ဂင်ရှစ်ပါး

သမားတော်ကြီးပေးသော ဆေးတွင် ဆေးမြစ်အများ စုပေါင်းထားသလိုပင် ဗုဒ္ဓရှင်တော်ကပေးသော မဂ္ဂသစ္စာတွင်လည်း အစိတ်အပိုင်းဟု ခေါ်ရသလို မဂ္ဂသစ္စာ၌ပါဝင်သော တရားရှစ်ပါးကိုလည်း မဂ်၏ အစိတ်အပိုင်းအင်္ဂါ (ဝါ) မဂ္ဂင်ဟု ခေါ်ဆိုရလေသည်။

ထို့ကြောင့် မဂ္ဂသစ္စာဟူသည် အခြားမဟုတ် မဂ္ဂင်ရှစ်ပါးတရားများပင် ဖြစ်လေတော့သည်။

တစ်စုံတစ်ခုသောကိစ္စကို ပြုလုပ်လိုလျှင် ရှေးဦးစွာ ထိုကိစ္စနှင့်ပတ်သက်၍ အမြင်မှန်ရဖို့ အရေးကြီးသည်။

အမြင်မှန်မရဘဲလုပ်လျှင် အလွဲလွဲအချော်ချော်သာ ဖြစ်ပေလိမ့်မည်။ ထို့အတူပင် နိဗ္ဗာန်ကိုရဖို့ရန် အားထုတ်ရာ၌လည်း နိဗ္ဗာန်အပါအဝင် သစ္စာလေးပါးနှင့်စပ်၍ အမြင်မှန်ရဖို့ ရှေးဦးစွာ အားထုတ်ရပေမည်။ ထို့ကြောင့် ဒုက္ခဆင်းရဲခြင်းကို ဆင်းရဲခြင်းပါဟု ရှေးဦးစွာ သိရပေမည်။



www.burmeseclassic.com

ယင်းအမြင်မှန်ဟူသည်လည်း မှန်ကန်သော စဉ်းစားဆင်ခြင် ကြံစည်မှုပေါ် သမျှပေါ်မှ အခြေပြုရသည်။ ထို့ကြောင့် ထိုဆင်းရဲမှုသည် မမြဲပါဟု စဉ်းစားကြံစည်ခြင်းသည် စဉ်းစားကြံစည်မှု အမှန်ပင်ဖြစ်သည်။ စဉ်းစားဆင်ခြင်မှုက လမ်းမှန်ကျမှသာလျှင် မိမိ၏ အမြင်ကလည်း မှန်ပေလိမ့်မည်။ ထိုမှန်ကန်သော စဉ်းစားဆင်ခြင်မှုသည် အမြင်မှန်ရဖို့ရန်သာ မဟုတ်သေး။ အပြောမှန်ဖို့လည်း သူကပင် ကျေးဇူးပြုသည်။ အကြံအစည်မှန်မှသာ စကားမှန်နိုင်ပေလိမ့်မည်။

လူတို့သည်လည်း ကိစ္စတစ်ခုကို ပြုလုပ်မည်ဟု စိတ်ကူးပြောဆိုမှသာ အလုပ်ကို လုပ်ကြရကား အပြောအဆို မမှန်ပါကလည်း အလုပ်လည်း မှန်နိုင်ဖွယ်မရှိတော့ပေ။ အပြောမှန် အလုပ်မှန် ဖြစ်မှလည်း မိမိအသက်မွေးမှုရှိမှလည်း ကိုယ့်ကိုယ်ကိုယ် လေးစား၍ အထက်တန်းသို့ တက်လှမ်းနိုင်ပေလိမ့်မည်။

ယင်းသို့ ဒုက္ခဆင်းရဲခြင်းသည် မမြဲပါဟု သိမှသာ အပြောမှန် အလုပ်မှန် အသက်မွေးမှုမှန်ပေလိမ်မည်။ ယင်းသို့ ဖြစ်ရုံမျှဖြင့်လည်း မကျေနပ်နိုင်သေး။





ဆင်းရဲခြင်းသည် မမြဲပါကလားလို့ သိရအောင် ကြိုးစားအားထုတ်မှုလည်း ရှိရလေဦးမည်။ ထိုသို့ ကြိုးစားရာတွင်လည်း အမှတ်ရမှုဟူသော သတိရှိမှသာ ဖြစ်နိုင်ရကား ယင်းသတိကိုလည်း ထူထောင်ရပေမည်။ သတိအဖြစ်နည်း၍ စိတ်ပျံ့လွင့်နေလျှင် စိတ်တည်ကြည်မှုကို ရနိုင်မည်မဟုတ်ပေ။ စိတ်တည်ကြည်မှုရှိမှလည်း ဆင်းရဲခြင်းဒုက္ခသည် မမြဲပါကလားဟူသည့် အမြင်မှန်ရနိုင်သော စခန်းသို့ တက်လှမ်းနိုင်ပေမည်။ စူးစိုက်တည်ကြည်မှုမရှိလျှင် မည်သည့်အလုပ်ကိစ္စကိုမျှ အပြီးတိုင် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။

သို့ဖြစ်ရကား ဗုဒ္ဓရှင်တော်သည် ဘဝမှ ထွက်မြောက်ရေး လုပ်ငန်းအတွက် လိုအပ်သော အချက်အလက်များကို ရှာဖွေရာ ဤတရားရှစ်ပါးကိုပင် တွေ့တော်မူသည်။ ဤတရားရှစ်ပါးဖြင့်ပင် ပြည့်စုံလုံလောက်ပြီးဖြစ်ရကား ကိုယ်တော်မြတ်၏ မဂ္ဂသစ္စာကို ဤတရားရှစ်ပါးဖြင့်သာ တည်ဆောက်တော်မူခဲ့လေသည်။

ထိုရှစ်ပါးတွင် သမ္မာဒိဋ္ဌိခေါ်သော အမြင်မှန်ဟူသည်မှာ ဒုက္ခသမုဒယ နိရောဓမဂ္ဂ ဟူသော သစ္စာ

www.burmeseclassic.com



လေးပါးကို ပိုင်ပိုင်နိုင်နိုင် ထိုးထွင်းသိမြင်ခြင်းကို ဆိုလိုပေသည်။ သမ္မာသင်္ကပ္ပ ခေါ် မှန်ကန်သော အကြံအစည် ဆိုသည်မှာ ဒုက္ခဆင်းရဲခြင်းသည် အပျက်ပါတကားဟုကြံစည်ခြင်း၊ နိဗ္ဗာန်ကိုအာရုံပြုသော ကြံစည်ခြင်း၊ ရဟန်းသာမဏေ သီလရှင်ဝတ်၍ သံသရာမှထွက်ရန် သစ္စာသိရန် ကြံစည်ခြင်းတို့ကို ဆိုလိုသည်။

သမ္မာဝါစာခေါ် မှန်ကန်သောစကား ဆိုသည်မှာ လိမ်၍မပြောခြင်း၊ ရန်တိုက်စကားမပြောခြင်း၊ ကြမ်းတမ်းစွာမပြောခြင်း၊ မဆဲဆိုခြင်း၊ အကျိုးမရှိသောစကားမျိုးကို မပြောဆိုခြင်းတို့အပြင် ၎င်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော မှန်ကန်စွာပြောခြင်း၊ ရန်ပြေငြိမ်းကြောင်းစကားမျိုးကို မပြောဆိုခြင်းတို့အပြင် ၎င်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော မှန်ကန်စွာပြောခြင်း၊ ရန်ပြေငြိမ်းကြောင်းစကားကိုပြောခြင်း၊ နူးညံ့သိမ်မွေ့စွာပြောဆိုခြင်း၊ အကျိုးရှိရာရှိကြောင်းဖြစ်သော မင်္ဂလာနှင့်စပ်သော စကားကို ပြောခြင်းတို့ပင် ဖြစ်ပေသည်။

သမ္မာကမ္မန္တခေါ် မှန်သောအလုပ်ဟူသည်ကား သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ သူတစ်ပါးသားမယားတို့ ဖြစ်မှားကျူးလွန်ခြင်း ဟူသော ဤအကျင့်ဆိုးသုံးမျိုးမှ ရှောင်ကြဉ်ခြင်းဖြစ်၍ သမ္မာအာဇီဝခေါ် မှန်ကန်သော အသက်မွေးမှုဟူသည်မှာ တံငါမုဆိုးလက်နက် စသည့် ရောင်းဝယ်ခြင်း၊ လိမ်လည်၍ စီးပွားရှာခြင်း စသော တရားနည်းလမ်းမကျသော အသက်မွေးမှုမျိုးကို ရှောင်ကြဉ်၍ ကောင်းရောင်းကောင်းဝယ် ကုန်သွယ်လယ်လုပ်ခြင်း၊ အစိုးရအမှုထမ်း စသည်ဖြစ်လျှင်လည်း ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်ခြင်း စသည်တို့ကို ဆိုလိုပေသည်။

သမ္မာဝါယာမ ခေါ် မှန်ကန်သော အားထုတ်မှု ဆိုသည်မှာ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့ ဖြစ်ပေါ်၍မလာအောင် ကြိုးစားခြင်း၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို နောင်တစ်ဖန် ပူပန်၍မနေဘဲ ပယ်ဖျောက်ဖို့ကြိုးစားခြင်းနှင့် ဖြစ်ပြီးသော ကုသိုလ်တရားတွေ အထပ်ထပ်ပွားများလာအောင် ကြိုးစားခြင်း၊ မဖြစ်ပေါ်သေးသော ကုသိုလ်တရားများ ဖြစ်ပေါ်၍လာအောင် ကြိုးစားခြင်း ဤလေးမျိုးကို ဆိုလိုပေသည်။







www.burmeseclassic.com

www.burmeseclassic.com



အချုပ်အားဖြင့် ကမ္မဋ္ဌာန်းထိုင်၍ အတော်အဆင့် အတန်း မြင့်လာသောအခါ မိမိ၏အတွင်းသဏ္ဍာန်၌ ဈာန်စိတ်များ ဖြစ်ပေါ်နေခြင်းပင်ဖြစ်သည်။ ယင်းသို့ ဈာန်စိတ်များ ဖြစ်ပေါ်နေခြင်းလျှင် စိတ်သည် အလွန် တည်ကြည်ငြိမ်သက်၍ အထက်အဆင့်များသို့ လွယ်ကူစွာ တက်လှမ်းသွားနိုင်ပေသည်။

## မဂ္ဂင်အစစ်

အထက်ပါ မဂ္ဂင်တရားများကိုကြည့်လျှင် အချို့သော မဂ္ဂင်တရားတို့ စာဖတ်သူ၏ သန္တာန်မှာ အထိုက်အလျောက်ဖြစ်ပေါ်ဖူးကြသည်ကို တွေ့ရပေလိမ့်မည်။ သို့သော် ဤသို့ သာမန်ဖြစ်ကာမျှဖြင့်ကား ကျေနပ် တင်းတိမ်၍ မနေသင့်ပေ။

အမှန်အတိုင်းပြောရလျှင် သောတပတ္တိမဂ်ဉာဏ် စသော မဂ်ဉာဏ်များနှင့် ယှဉ်၍ဖြစ်သော မဂ္ဂင်တရားများကိုသာ မဂ္ဂသစ္စာ အစစ်အမှန်ဟုဆိုရလေသည်။ မဂ်ဉာဏ်ဆိုသည်မှာလည်း ဝိပဿနာကမ္မဋ္ဌာန်း အား ထုတ်၍ အဆင့်ဆင့်တက်ပြီး အမြင့်ဆုံးအခြေတွင်





ဖြစ်ပေါ်သော အချိန်ကာလသည်လည်း တစ်စက္ကန့်မျှ ကြာသည်လည်း မဟုတ်ပေ။ မဂ်ဉာဏ်ဖြစ်ပြီးလျှင်လည်း ဖိုလ်ဉာဏ်သည် ဆက်လက်၍ အကြားမရှိဖြစ်လေတော့သည်။ အမြင့်ဆုံးအားဖြင့် ရဟန္တာအထိပင် ဖြစ်နိုင်ပေသည်။

ရဟန္တာဖြစ်လျှင်လည်း တဏှာစသော ကိလေသာတရားတွေ အကုန်ချုပ်ငြိမ်းကြရကား အရဟတ္တမဂ်ဉာဏ်၌ရှိသော မဂ္ဂင်ရှစ်ပါးသည် တဏှာ၏ ချုပ်ငြိမ်းရာ နိရောဓသစ္စာသို့ ဧကန်ပို့ဆောင်တတ်ပေသည်။

ထို့ကြောင့် ဤမဂ္ဂင်ရှစ်ပါးကို "ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ = ဒုက္ခချုပ်ရာသို့ ရောက်စေတတ်သောအကျင့်ဟု ဟောတော်မူလေသည်။

## ပုထုဇဉ်နှင့်မဂ္ဂသစ္စာ

ယင်းသို့လျှင် မဂ်ဉာဏ်၌ရှိသော မဂ္ဂင်တရားကိုသာ မဂ္ဂသစ္စာ (ဝါ) ဒုက္ခမှ ထွက်မြောက်ကြောင်း အလယ် အလတ်လမ်းစဉ်ဟုဆိုလျှင် ပုထုဇဉ်တို့သည် အဘယ်သို့ မဂ္ဂသစ္စာကို ပွားနိုင်ပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



မရှိမပဋိပဒါ ခေါ် အလယ်အလတ်လမ်းစဉ်ကို မည်သို့လိုက်နိုင်ပါမည်နည်း။ ဤမရှိမပဋိပဒါလမ်းစဉ်သည် လက်တွေ့ကျင့်သုံး၍မရသော လမ်းစဉ်ကြီးဖြစ်၍ မနေပါလောဟု မေးလိုကြပေလိမ့်မည်။ အဖြေကား "မဂ္ဂင်သစ္စာကို ပုထုဇဉ်အဖြစ်ဖြင့်လည်း ပွားများနိုင်ကြပါသည်"။ ထို့ကြောင့် လက်တွေ့ကျင့်သုံး၍ရသော လမ်းစဉ်သာ ဖြစ်ပါသည်ဟူသည်တည်း။

ချဲ့ဦးအံ့။ နိရောဓသစ္စာသို့ ကေန်မချွတ်မလွဲ ပို့ဆောင်မည့်တရားကိုသာ ရည်ရွယ်၍ မဂ်ဉာဏ်ရှိ မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာဟုဆိုရသည်။ အမှန်မှာ မဂ္ဂသစ္စာအစစ်သို့ရောက်နိုင်ရန် ဥဗ္ဗာဘာဂပဋိပဒါ ခေါ်သော ရှေ့ပြေးအကျင့်တွေ ရှိပေသေးသည်။ ထိုအကျင့်တို့ကိုလည်း နိရောဓသစ္စာသို့ ပို့ဆောင်တတ်သောကြောင့် မဂ္ဂင်တရားဟုပင် ခေါ်ရပေသည်။

သို့ဖြစ်၍ မဂ္ဂသစ္စာအစစ်ဖြစ်သော သမ္မာဒိဋ္ဌိ မိမိ၏သန္တာန်၌ မဖြစ်ပေါ်သေးလျှင် လောကီသမ္မာဒိဋ္ဌိဖြစ်သော ကံကံ၏အကျိုးကို ယုံကြည်မှုဟူသော ကမ္မဿကတဉာဏ်နှင့် နာမ်ရုပ်တရားတို့၏ အမြဲမရှိပုံ၊ ဆင်းရဲပုံ၊





အနှစ်သာရမရှိပုံကို ဆင်ခြင်ပွားများ သိမြင်သော ဝိပဿနာသမ္မာဒိဋ္ဌိတို့ကို ရှေးဦးစွာ ဖြစ်ပေါ်အောင် အားထုတ်ကြရပေမည်။ လောကီမဂ္ဂင်သည် လောကုတ္တရာမဂ္ဂင်၏ ရှေ့ပြေးဖြစ်၍ ၎င်းမရှိလျှင် လောကုတ္တရာမဂ္ဂင်လည်း ဖြစ်ပေါ်လာနိုင်ဖွယ်ပင်မရှိပေ။

ထိုသို့သော အရေးအသားများဖြင့် ပြည့်စုံသော စာအုပ်ကလေးကို မိမိဖတ်လိုက်ရ၍ မိမိရင်တွင်း၌ တလှပ်လှပ်ခံစားရသလို မိမိစာဖတ်ပရိသတ်ကြီးလည်း ခံစားရစိမ့်သောငှာ ဆရာတော်ကြီး အရှင်သီလနန္ဒာဘိဝံသ၏ တင်ပြပုံအဆင့်ဆင့်ကို မိမိမှတစ်ဆင့် ပြန်လည်ဖောက်သည်ချ တင်ပြရခြင်းဖြစ်ကြောင်း လေးစားစွာ အစီရင်ခံအပ်ပါသည်။

စေတနာမေတ္တာဖြင့်. . .

ကောလျှာညႇ (ရင်တွင်းသာသနာပြု)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အရှင်ကောဏ္ဍည ၏

**အမှန်တကယ်တရားရလိုသူများသို့**

စာဖတ်ပရိသတ်၏

တောင်းဆိုမှုအရ

**လက်တွေ့ကျင့်စဉ်သင်တန်း**

ဖွင့်မည်

လူဦးရေ(၁၅)ဦးပြည့်လျှင်စမည်။

စာရင်းပေးသွင်းပါ။

~~~~~~~~~~~~~~~~~~

အသေးစိတ်စုံစမ်းရန်

ဖုန်း - ၀၉-၇၃၁-၇၂၅၄၁

လူငယ်များအတွက် ဒဿန

လူငယ်များအတွက် ဓမ္မ

အမှတ်(၁)

**စောင့်မျှော်ပါ**

*ဆက်လက်ထွက်လာမည်။*

www.burmeseclassic.com
~~~~~~~~~~~~~~~~~~